# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း (၂)ရက် ၊ တနင်္လာနေ့ ၊ (19-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ နှလုံးသားနဲ့ ခံစားလို့ ဦးနှောက်နဲ့ ရွေးချယ်ဖို့ မဲပေးကြပါစို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးနှင့် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို





ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒ ဝစီပိတ်ဆရာတော်၊ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး၊ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးနှင့် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးတို့သို့

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်
အယ်ဒီတာ့အာဘော်

## ငြိမ်းချမ်းရေးနှင့်နိုင်ငံတော်တည်ဆောက်ရေး မျိုးဆက်သစ်လူငယ်များပါဝင်ပေး

ငြိမ်းချမ်းရေးနှင့်နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် လူငယ်များပါဝင်မှုကိုမြှင့်တင်ပေးရန် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်ထိ ကျင်းပခဲ့သည်။ အဆိုပါဖိုရမ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု နေပြည်တော်ကောင်စီနယ်မြေမှ လူငယ်ကိုယ်စားလှယ်များ၊ ပဋိပက္ခဒေသသင့်ရာဒေသများမှ လူငယ်များ၊ အဆင့်မြင့်ပညာရေးတက္ကသိုလ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လူငယ်များ တက်ရောက်ခဲ့ကြပြီး အနာဂတ်ကာလတွင် လူငယ်များပါဝင်နိုင်မည့်ကဏ္ဍများနှင့်လုပ်ငန်းများကို သုံးရက်ကြာ ရင်းနှီးပွင့်လင်းစွာဆွေးနွေးဖလှယ်ခဲ့ကြသည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် "နိုင်ငံတစ်ဝန်းရှိ လူငယ်များကို ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် စုပေါင်းပါဝင်လာရေးနှင့် စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်များဖြစ်ပေါ်လာရန်အတွက် လူငယ်များကို ငြိမ်းချမ်းရေးအသိ မြှင့်တင်ပေးရန်" ဟူသော ဦးတည်ချက်ဖြင့်ကျင်းပခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ကာ အနာဂတ်ကာလငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်လာမည်ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်ကြပြီး အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံတော်၏ လူဦးရေသုံးပုံတစ်ပုံခန့်၊ ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်းပါဝင်လျက်ရှိသည်။ ထို့ကြောင့် လူငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကိုဦးဆောင်ပြီး နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူကြမည့်သူများဖြစ်သောကြောင့် လူငယ်အားလုံးသည် နိုင်ငံတော်အတွက် အဓိကအင်အားဖြစ်သည်။ လူငယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်များမြင့်မားလာပြီး ဆင်ခြင်တုံတရားနှင့် မှန်ကန်စွာတွေးခေါ်မြော်မြင်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့်လူ့အဖွဲ့အစည်းကို ကောင်းသည်ထက်ကောင်းအောင် တည်ဆောက်နိုင်ကြမည်ဖြစ်ပေသည်။

စိတ်ဓာတ်စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်များသည် စာပေနှင့် အတတ်ပညာပြည့်စုံ၍ စိတ်ဓာတ်၊ စည်းကမ်းများကောင်းနေစေရေး ကြိုးပမ်းကျင့်ကြံသွားကြရမည်ဖြစ်သည်။ ယနေ့ နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ရှိသည့် ငြိမ်းချမ်းရေးကဏ္ဍတွင် လူငယ်များကိုယ်တိုင်ပါဝင်ပူးပေါင်းဆောင်ရွက်ပြီး နောင်လာမည့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေပေးနိုင်ရမည်ဖြစ်သည်။ ထို့ပြင် ယနေ့ခေတ်လူငယ်များအနေဖြင့် အတိတ်သမိုင်းကို သင်ခန်းစာယူပြီး မှန်ကန်သည့်လမ်းကြောင်းကို ရွေးချယ်တတ်ရန်နှင့် လောကကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်ကြရန်လိုအပ်သကဲ့သို့ မိမိတို့၏ အတွေးအမြင်များကိုဖော်ထုတ်ပြီး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုပေသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် တိုင်းရင်းသား၊ တိုင်းရင်းသူလူငယ်အားလုံးတို့၏ စည်းလုံးညီညွတ်သည့်အင်အားနှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ပြီး သာယာလှပသည့် နိုင်ငံ့အနာဂတ်ကိုတည်ဆောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၂၃၆ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၁၂၃၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကိုမိုးမှာထက် ဆောင်းမှာ အဓိကထားစိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

## မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြားကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်ထဲမှာကို ငါးစည်ဖောင်းခြောက်က အဝယ်လိုက်နေတာဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်တွေက ပင်လယ်ငါးတွေဖြစ်တဲ့ ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင် စတဲ့ ငါးတွေကို ဝမ်းဗိုက်ခွဲပြီးအတွင်းက ရရှိတဲ့ စည်ဖောင်းတွေကို စနစ်တကျသန့်စင်နေပူလှန်းအခြောက်ခံပြီးမှ ငါးစည်ဖောင်းခြောက်ရရှိတာဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်ဈေးနှုန်းက ငါးအမျိုးအစားအပေါ်မူတည်ပြီး ပြောင်းလဲမှုရှိပါတယ်"ဟု မြောင်းမြမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြသည်။

ယခုကဲ့သို့ ငါးစည်ဖောင်းခြောက်များ အများအပြားတင်ပို့ရောင်းချလာရသည့်အတွက် ရေလုပ်သားများ၊ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်ငန်းနှင့် ဆက်စပ်သူများ အဆင်ပြေလျက်ရှိသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးစည်ဖောင်းခြောက် ဈေးနှုန်းများအနေဖြင့် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၀၊ နတ်ကတော်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၄၅၀၀ မှ ၄၈၀၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ စသည်ဖြင့် ငါးစည်ဖောင်းခြောက် အမျိုးအစားနှင့် အကြီးအသေး အပေါ်မူတည်ပြီး ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပြင်ဦးလွင်မြို့နယ် သရက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ချောင်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက သရက်ချောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အဆိုပါကျေးရွာရှိ မြစိမ်းရောင်အဆိုပါကျေးရွာ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံ ကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါသရက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပွင့်ဖြူမြို့နယ် ချွန်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချွန်းစုကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချွန်းစုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းကာလ သတ်မှတ်ချက်များနှင့် ချေးငွေ အတိုးနှုန်းထားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချွန်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈၄ ဦးကို ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ မကျက်ကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်၊ ကြီးပွား စသည့်အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သုတ**

# မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၆၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၅ ဒသမ ၉၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါး ၁၃၆၉၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် လယ်ယား(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယား (တောင်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ရှိသူများက လယ်ယား (တောင်)ကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ အရောင်းအဝယ် လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၉ဦး ကို စီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရေဘဝဲပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရေဘဝဲပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ရေဘဝဲပိသာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရေဘဝဲပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လအတွင်း ရေဘဝဲပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၉၅၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၇၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်း၊ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# လူ့အဖိုးတန်

ချစ်နိုင်(စိတ်ပညာ)

**"Even the darkest night will end, and the sun will rise."**

**VICTOR HUGO(1802–1885)**

**မှောင်လွန်းလှသော အမှောင်ဆုံးညသည် တည်တည်ငြိမ်ငြိမ်မပြောင်းလဲဘဲ ပုံမှန်ပြီးဆုံးနိဂုံးချုပ်အဆုံးသတ်သွားလိမ့်မည်ဖြစ်သည့်အပြင် နေမင်းကြီးသည်လည်း ထွန်းလင်းထွက်ပေါ်လာလိမ့်မည်ပင်ဖြစ်ပါသည်။**

**ဗစ်တာဟူးဂိုး(၁၈၀၂–၁၈၈၅)**

**(ပြင်သစ်ကဗျာဆရာ၊ စာရေးဆရာ)**

ညတစ်ည၏ညဉ့်ဦးယံ၊ သူငယ်အိပ်ချိန်၌ ရွာမြောက်ဘက်မှ လူစိမ်းသူစိမ်းအုပ်စုတစ်စုဝင်လာသဖြင့် အမှောင်ထဲတွင် ရွာရှိခွေးများက ဆူညံစွာဟောင်ကြလေသည်။ တိတ်ဆိတ်သောညတွင် သေနတ်သံတစ်ချက်က ကျယ်လောင်မြည်ဟိန်းလျက်ထွက်ပေါ်လာသည်။ ခွေးပေါင်းများစွာဆူညံနေသော ခွေးဟောင်သံသည် အသံနည်းသွားသည်။ လူရောခွေးရော သေနတ်သံနှင့်ယမ်းငွေ့ကိုတော့ အသက်ဘေးမှ သက်ရှိဗီဇသဘောအရ ကြောက်ရွံ့ထိတ်လန့်တတ်ကြသည်။ ၁၉၅၀–၁၉၅၂ ခုနှစ်ကာလအတွင်း ပြည်တွင်းရောင်စုံသူပုန်သောင်းကျန်းသူများ နေရာအနှံ့ တစ်ဗိုလ်တစ်မင်း ထကြွစဉ်မှာ ရဲဘော်ဖြူဟုဆိုသူ လက်နက်ကိုင်အဖွဲ့သည် စာရေးသူ၏ဖခင်ကို အိမ်ထဲအထိဝင်လျက်လက်ပြန်ကြိုးတုပ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ မိမိက အသက် သုံးနှစ်သားသာရှိပါသေးသည်။ အမေအလွန်ကြောက်လန့်နေပုံကို မြင်ရသည်။ အသံမထွက်ရဲအောင် မျက်နှာပျက်သွေးလန့်နေခြင်းကို တအံ့တဩမြင်ရသည်။ အမေက သူကြီးနမဖြစ်၍ သူပုန်ကဖမ်းခေါ်ခြင်းလည်းဖြစ်နိုင်သည်။ ရပ်ရွာမှာ လူကြီးနေရာပါဝင်သော ကျောင်းဆရာမို့ ရန်ရှာခြင်းလည်းဖြစ်နိုင်သည်။ ထိုအချိန်က ရဲဘော်ဖြူဟုခေါ်သူ လက်နက်ကိုင်များမှာ ဗကပ သူပုန်အဖွဲ့ဟု နောင်မှသိခဲ့ရသည်။

ကံကောင်းထောက်မစွာ တစ်ပတ်ခန့်ကြာပြီးနောက် ပုပ္ပားဘက်ရှိ ရွာတစ်ရွာသို့ပြန်ပို့ပေးပြီး ဒုက္ခမရှာဘဲ လွှတ်ခဲ့လိုက်ပါသည်။ ထိုစဉ်က မြင်းခြံဘက်တွင်အခြေပြုသည့် ဗကပခရိုင်ကော်မတီထဲမှာ အမေ့ဘက်ကဆွေမျိုး နိုင်ငံရေးထက်သန်သူတစ်ဦး ပါဝင်နေခဲ့ပါသည်။ သူက တာဝန်ယူ၍ ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း နှစ်ပေါင်း ၁၅ နှစ်၊ အနှစ် ၂၀ ကြာမှ ပြန်သိရပါ၏။

၁၉၆၀ ပြည့်နှစ်မတိုင်မီကလည်း ရွာတွင်ချမ်းသာသောတောင်သူတစ်ဦး၏ တစ်ဦးတည်းသောသားလူငယ်ကို လက်နက်ကိုင်တချို့က ရွာထဲ ညအချိန်ဝင်ဖမ်းခေါ်သွားပြီး ငွေပေး၍ပြန်မရွေးလျှင် သတ်မည်ခြိမ်းခြောက်သဖြင့် သူတို့ချိန်းဆိုသောနေရာသို့ ငွေသွားပို့ခဲ့ရဖူးသည်။

ဤဖြစ်ရပ်က နိုင်ငံရေးလက်နက်ကိုင်မဟုတ်ဘဲ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသကဲ့သို့ လက်ထဲတွင်လက်နက်ရှိသူ သူခိုးဓားပြအုပ်စုက အနိုင်ကျင့်ပြန်ပေးဆွဲခြင်းသာဖြစ်ကြောင်း သိရသည်။ ထိုအချိန်နောက်ပိုင်း၌ ရွာစည်းရိုးကို ဆူးခက်တွေထူထူချ၍ ကာရံကြရသည်။ ရွာလမ်းဝင်ပေါက်ထွက်ပေါက်များကို တံခါးသေချာစွာလုပ်၍ ညစဉ် လူငယ်များအလှည့်ကျ ကင်းစောင့်ကြရသည်။ ဝါးချွန်နှစ်ဖက်ချွန်၊ လောက်လေးခွ၊ ရွှံ့လောက်စာလုံးသာ ခံစစ်လက်နက်ရှိပါ၏။ ရွာသူရွာသားများ စည်းလုံးညီညာသဖြင့် မည်သည့်ရန်သူမျှမကပ်ရဲခဲ့သည်မှာ နှစ်ပေါင်း ၆၀၊ ၇၀ ရှိပါပြီ။

နေ့ရှိသလို ညရှိတတ်ပါသေးတကား။

၂၀၂၅ ခုနှစ် ဩဂုတ်လလောက်တွင်ကား သူပုန်လူငယ် ၁၀ ဦး၊ ၁၂ ဦးသည် သေနတ်အရှည် ကိုယ်စီ၊ ဆိုင်ကယ် ခုနစ်စီး၊ ရှစ်စီးဖြင့် နေ့ခင်းကြောင် တောင်ရွာအတွင်းဝင်လာပြီး လူနှစ်ယောက်ကို ခေါ်သွားလေ၏။ ဆည်မြောင်းအင်ဂျင်နီယာ(စစ်တွေတွင် တာဝန်ကျနေရာမှ မကွေးမြို့သို့ ပြောင်းရွှေ့ရောက်ရှိစ၊ ဇနီးရှိရာ ကြီးနီရွာသို့ခေတ္တခွင့်နှင့် ရောက်ရှိလာခြင်း အခိုက်အတန့်ဖြစ်၏။ ပီဒီအက်ဖ်၊ ဖိုးလှကြီးမြို့တွင်းပြောက်ကျားအဖွဲ့ဆိုလား ဘာလားမသိပါ။ ထိုအင်ဂျင်နီယာဝန်ထမ်းလူငယ်နှင့်သူ့ဇနီးကို ရွာပြင်ထုတ်ကာ သေနတ် လေး၊ ငါးလက်ဖြင့် မျက်နှာ၊ ရင်ဘတ် စသည်အချက်ပေါင်းများစွာ ရက်ရက်စက်စက် လက်ပြန်ကြိုးတုပ်လျက် အနီးကပ်ပစ်ခတ်သတ်ဖြတ်သွားခဲ့ပါသည်။ ရွာထဲက တိုက်ပွဲဖြစ်နေသည့်အလား သေနတ်သံများ ထိတ်လန့်စွာကြားရသည်။ လက်နက်အားကိုးဖြင့် သာမန်ပြည်သူ့ဝန်ထမ်းဇနီးမောင်နှံကို ဖမ်းဆီးသတ်ဖြတ်သဖြင့် လူမမည်သမီးနှစ်ယောက်ကျန်ရစ်ခဲ့ရှာသည်။ ကံကောင်းထောက်မစွာဖြင့် အဝေးတစ်နေရာကျောင်းပို့ထားခဲ့သည်မို့ တော်သေးသည်။

နည်းပညာပိုင်ဆိုင်ခြင်းသာဖြစ်နေပါသည်။ တိုတိုပြောမည်ဆိုလျှင် လူသာပဓာနဟူသောအရင်းအမြစ်စစ်စစ်ကို နားလည်သဘောပေါက်ကြရပါမည်။

ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ တော်သူများဖြစ်စေ၊ ညံ့သူများဖြစ်စေ၊ လူကြီးများသည် အိုမင်းရင့်ရော်သွားကြမည်သာဖြစ်၏။ အားကိုးရလောက်သူများဖြစ်စေ၊ ကပေါက်တိကပေါက်ချာများပင်ဖြစ်စေ၊ လူငယ်လူရွယ်များသည် အနာဂတ်တိုင်းပြည်အတွက် ဆက်လက်ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့် လူသားမျိုးဆက်သစ်များမဟုတ်ပါလား။

တိုင်းပြည်ကို ကောင်းစေလိုလျှင် လူငယ်လူရွယ်များ၏အမူအကျင့်နှင့် အရည်အသွေးကို အခြားအရာများထက် ပိုမိုဦးစားပေး၍ ဆောင်ရွက်ရပေမည်။

**❖ ဘာသာတရားအဆုံးအမကြောင့် မိမိတို့ငယ်စဉ်က အလယ်တန်းကျောင်းသားဘဝမှာပင် လူ့အဖိုးတန်ဖြစ်လာစေရန်အတွက် ဆရာသမား၊ မိဘ၊ ဆရာတော်သံဃာတော်များက သူတော်ကောင်းဥစ္စာ ခုနစ်ဖြာကို စွဲစွဲမြဲမြဲမှတ်သားနားဝင်အောင်အမွေပေးခဲ့ကြသည်။ ၁။ သီလ-ကိုယ်ကျင့်စာရိတ္တကောင်းရမည်။ ၂။ ပညာ-ဆင်ခြင်တုံတရားခွဲခြားဝေဖန်နိုင်ရမည်။ ၃။ သုတ-အကြားအမြင်ဗဟုသုတလေ့လာနေရမည်။ ၄။ စာဂ-အကျင့်ကောင်း၊ စွန့်လွှတ်စွန့်လှူနိုင်ရမည်။ ၅။ သဒ္ဓါ-ယုံကြည်မှုရှိရမည်။ ၆။ ဟိရီ-မကောင်းမှုပြုရန် ရှက်တတ်ရမည်။ ၇။ ဩတ္တပ္ပ-မကောင်းမှုကျူးလွန်ရန် ကြောက်ရမည်။ သီလပညာ သုတ စာဂ သဒ္ဓါဟိရီဩတ္တပ္ပဟု ကျက်မှတ်ခဲ့ရ၏။ ❖**

စာရေးသူ၏ ဇာတိကျေးရွာကလေးအတွက်ကား အိပ်မက်ဆိုးများကို ဖြတ်သန်းရတော့သည်။ ဘာအပြစ်မှမရှိသော သာမန်ပြည်သူနှစ်ယောက်ကို သွေးအိုင်ထဲလဲနေအောင် (မျက်နှာတောင် လူရုပ်မပေါ်တော့လောက်အောင် ကြေမွနေသည်အထိ) ကြမ်းတမ်းရက်စက်စွာ သတ်ဖြတ်ရက်ကြသည်။

လက်နက်ကိုင်သူပုန်ဓားပြ၊ ဥပဒေအပြင်ဘက်က အသက် ၂၀ ကျော် လူငယ်လူရွယ်များ တရားလက်လွတ် ရိုင်းစိုင်းအကြမ်းဖက်နေကြပုံကား ယုံနိုင်စရာပင်မရှိတော့ချေ။ သို့တစေ မှောင်လွန်းသောညများကိုကား မိမိဆွေမျိုးသားချင်းများ ဖြတ်သန်းနေရသည်မှာ ပကတိအခြေအနေမှန်ပင်။ တရားဥပဒေ ပြန်လည်စိုးမိုးလာမည့်အချိန်ကိုတော့ မလွဲမသွေ ပြန်လည်ရောက်ရှိလာပါလိမ့်ဦးမည်။

အသိဉာဏ်နည်းပါးသော တောသူတောင်သားပညာမဲ့သူ လူငယ်များရှိခဲ့သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ကောင်းကျိုးအတွက် ကျရာတာဝန်၊ ရောက်ရာနေရာတွင် ဦးလည်မသုန် ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်လူကောင်းလူတော်များလည်း တိုးပွားများပြားလာအောင် ပြည်သူများကိုယ်တိုင်ကလည်း အလေးထားကာ အားပေးပျိုးထောင်ကြစေလိုပေသည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အဆင့်အတန်းမြင့်ခြင်း၊ နိမ့်ကျခြင်းမှာ သဘာဝရေမြေတောတောင်အခြေအနေလည်း အဓိကမကျ။ အကျယ်အဝန်း၊ လူဦးရေလည်း ပဓာနမဟုတ်။ ပတ်ဝန်းကျင်နိုင်ငံများ၏အခြေအနေကလည်း အရေးမကြီးလှ။

တိုင်းပြည်တိုးတက်ဖွံ့ဖြိုးခြင်း၊ ဆုတ်ယုတ်ပျက်စီးခြင်း၏ အခြေခံအကြောင်းရင်းသည်ကား ခေါင်းဆောင်များနှင့် ပြည်သူလူထု၏အသိဉာဏ် အမြော်အမြင်ပညာနှင့် ခေတ်မီသောအတတ်ပညာ

အထူးသဖြင့် ခံယူချက်၊ ခိုင်မာသောထင်မြင်ယူဆချက် (ဥပမာ ဒို့တာဝန်အရေးသုံးပါး) (Conviction) ကို သူတို့၏သဘောထားအမြင်ထဲ၌ သံမှိုနှက်၍စွဲနေသကဲ့သို့ ခိုင်မာစေရမည်ဖြစ်ပါသည်။ စာရွက်ပေါ်တွင် ရေးပြရုံနှင့်မရနိုင်ပါ။ သတင်းစာမျက်နှာဖုံးတွင် ဖော်ပြရုံမျှနှင့်မလုံလောက်ပါ။

လူငယ်များက ယုံကြည်လေးစားသူများကလည်းကောင်း၊ လူရွယ်များနှင့် ရင်းနှီးချစ်ခင်ကြသူများကလည်းကောင်း (အထူးသဖြင့် စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင် စသောလွှမ်းမိုးနိုင်စွမ်းအလွန်ကြီးမားသည့် အနုပညာရှင်များကိုယ်တိုင်ကပင် နှစ်နှစ်ကာကာ ယုံယုံကြည်ကြည်၊ အမြော်အမြင်ရှိရှိ ဦးဆောင်လှုံ့ဆော်နိုင်ကြရပါမည်။

နမူနာဖော်ပြရလျှင် အလေးအနက်ဆုံးသိမြင်စေရမည့်နိယာမကပင်လျှင် ဝေးဝေးလံလံမဟုတ်ချေ။ ခေါင်းရင်းခန်းစာအုပ်စင်ပေါ်တွင်ရှိသော ဘာသာရေးကျမ်းစာတိုင်းတွင် ဤဓမ္မပဒစာပိုဒ်ကို တွေ့နိုင်ပါ၏။ မြတ်စွာဘုရားက သားတော် ရာဟုလာ ခုနစ်နှစ်သားလေးကို ပြန်လည်တွေ့ဆုံကြစဉ် သာမဏေပြုပေးစဉ်က ဆုံးမခဲ့သော ဩဝါဒစကားပေတည်း။

သဗ္ဗပါပဿ အကရဏံ၊
ကုသလ သုဘ သမ္ပဒါ။
သစိတ္တ ပရိယော ဒါပနံ၊
တေံ ဗုဒ္ဓါန သာသနံ။ ။

ဤအဆုံးအမကို သီတဂူဆရာတော် အရှင်ဉာဏိဿရက ဤသို့လင်္ကာစီ၍ မြန်မာပြန်ပေးခဲ့ဖူးသည်။

မကောင်းမှုများ ရှောင်ရှားပယ်ခွာ၊
ကောင်းမှုအပေါင်း စုဆောင်းကြပါ။
မိမိစိတ်ရင်း သန့်ရှင်းစေရာ၊
ဤသုံးပါး ဘုရားသာသနာ။

ဤသည်ကား တရားအနှစ်ချုပ်၊ လူပီသသူတိုင်း၏ အလေ့အကျင့်အလုပ်။ ချမ်းမြေ့ဆရာတော်အရှင်ဇနကာဘိဝံသက တိုတိုရှင်းရှင်း၊ ကာရန်နဘေနှင့် ကျက်မှတ်စေခဲ့သည်။

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်
ဖြူအောင်စိတ်ကိုထား၊
ပြောပြုရှေ့တွင်၊ သတိယှဉ်
ဆင်ခြင်ဉာဏ်ရှေ့သွား။

လူ့အဖွဲ့အစည်းသည် ဘာ့ကြောင့်ပျက်ပြားဆုတ်ယုတ်ပျက်စီးကြရသနည်း။ လူတွေ ကျင့်ဝတ်၊ စည်းကမ်းပျက်သဖြင့် ပျက်စီးရခြင်းပေတည်း။ သီလ၊ ကိုယ်ကျင့်စာရိတ္တ အလေ့အကျင့်ဟုလည်း ဆိုနိုင်လေသည်။

စင်စစ်မူ စည်းကမ်းသည်ပင် လူ၏တန်ဖိုးမဟုတ်လော။ စည်းကမ်း၊ ကျင့်ဝတ်၊ သီလသည် လူ၏တန်ဖိုးပြကိန်းပင်။ ရဟန်းတွင် ဝိနည်း၊ ရွာတွင်စည်းရိုး၊ လူတွင်စည်းကမ်းပါတည်း။ ဆရာကြီးမင်းသုဝဏ်က တက္ကသိုလ်လူရည်ချွန်များကို သံတွဲ၊ ခေါင်တိုင်စခန်းတွင် ကဗျာရေးချင် စာစပ်သင် စာပေပို့ချဆွေးနွေးစဉ်က ကာရန်နှင့်အဓိပ္ပာယ်ကို နမူနာဤသို့ဆိုပြ၏။ လိုက်ဆိုကြည့်ကြစေ၏။ ဒွေးချိုးလင်္ကာ။

**စည်း**တွင်းမှာနေ၊ ကင်းကွေ့လိမ့်ရန်ဘေး၊
**ကမ်း**ကိုကျော်၊ ချော်ကာကျ၊ များလှရန်ဘေး။

စာနစ်ကြောင်း၏ထိပ်စည်းစာလုံး "စည်းကမ်း"ကို အသည်းနှလုံးထဲသို့ ထည့်ပေးလိုက်ခြင်းအားဖြင့် လူငယ်ထူးချွန်သူ၊ လူရည်ချွန်လေးများအား လူကောင်းကလေးများဖြစ်လာအောင် ဆရာကြီး၏လက်ဆောင်။

သီလခေါ်ခေါ်၊ ကိုယ်ကျင့်တရား၊ စာရိတ္တ၊ အကျင့်စည်းကမ်း၊ ဘာပဲခေါ်ခေါ်၊ ကိုယ်ကျင့်သီလပြည့်စုံပါက အကျိုးတရား ဤငါးပါးရရှိပေသည်–

စည်းစိမ်ရလျှင်း၊ သတင်းကောင်းနှံ့
မရွံ့ပရိသတ်၊ သေခါမတွေဝေ
နတ်ရွာလားရပေ။

အကျင့်စာရိတ္တညံ့ဖျင်းသူ၊ သီလမရှိသူတို့ကား အောက်ပါအပြစ်ငါးပါးနှင့် ကြုံတွေ့ကြရမည်–

၁။ စည်းစိမ်ပျက်လျှင်း၊ ၂။ သတင်းဆိုးနှံ့၊
၃။ ကြောက်ရွံ့ပရိသာ၊ ၄။ သေခါတွေဝေ
၅။ သေငရဲလား၊ ပြစ်ငါးပါး။

ယနေ့လူငယ်ဟူသမျှသည် နောင်ဝယ်လူကြီးပေတည်း။ အသက်သာကြီးလာပြီး လူကြီးအမူအကျင့်မရှိခဲ့လျှင် တန်ဖိုးမဲ့သောလူညံ့လူပေ၊ လူနုံလူတေကလေးတွေသာဖြစ်လာပြီး လူအိုလူဖျင်းများသာဖြစ်လာကြလိမ့်မည်။

ဆရာအောင်သင်းကတော့ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ စာအုပ်များ၊ ဆောင်းပါးများ ရေးသားခဲ့၏။ အနယ်နယ်အရပ်ရပ်သို့ အသက်အရွယ် ၈၀ ကျော်ထိ ပင်ပန်းဆင်းရဲခံကာ လှည့်လည်ဟောပြောခဲ့ပါ၏။ လူငယ်လူပိန်းအချို့ကား သူတော်ကောင်းဥစ္စာ ခုနစ်ဖြာဟူသောအချက်မျိုးကိုပင် ကြားဖူးသိဖူးပုံမရချေ။ မိုက်ကန်းကြမ်းတမ်းစွာ လုပ်ဆောင်နေကြ၏။

ဘာသာတရားအဆုံးအမကြောင့် မိမိတို့ငယ်စဉ်က အလယ်တန်းကျောင်းသားဘဝမှာပင် **လူ့အဖိုးတန်**ဖြစ်လာစေရန်အတွက် ဆရာသမား၊ မိဘ၊ ဆရာတော်သံဃာတော်များက သူတော်ကောင်းဥစ္စာ ခုနစ်ဖြာကို စွဲစွဲမြဲမြဲမှတ်သားနားဝင်အောင် အမွေပေးခဲ့ကြသည်။

**၁။ သီလ**–ကိုယ်ကျင့်စာရိတ္တကောင်းရမည်။
**၂။ ပညာ**–ဆင်ခြင်တုံတရားခွဲခြားဝေဖန်နိုင်ရမည်။
**၃။ သုတ**–အကြားအမြင်ဗဟုသုတလေ့လာနေရမည်။
**၄။ စာဂ**–အကျင့်ကောင်း၊ စွန့်လွှတ်စွန့်လှူနိုင်ရမည်။
**၅။ သဒ္ဓါ**–ယုံကြည်မှုရှိရမည်။
**၆။ ဟိရီ**–မကောင်းမှုပြုရန် ရှက်တတ်ရမည်။
**၇။ ဩတ္တပ္ပ**–မကောင်းမှုကျူးလွန်ရန် ကြောက်ရမည်။

သီလ ပညာ သုတ စာဂ သဒ္ဓါ ဟိရီ ဩတ္တပ္ပဟု ကျက်မှတ်ခဲ့ရ၏။ ဘဝအတွက် ခိုင်မာသောလက်ကိုင်စွမ်းအားပေတည်း။

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၇၆၅ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စစ်ကိုင်းမြို့နယ်၌ ၁၉၁၄ ကေ၊ မြင်းမူမြို့နယ်၌ ၁၀၇၇ ကေ၊ မြောင်မြို့နယ်၌ ၁၈၅၅ ကေ စုစုပေါင်း ၄၈၄၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ကြက်သွန်နီ ၄၇၆၅ ကေလျာထားစိုက်ပျိုးခဲ့ရာ ၄၈၄၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ တိုးတက်လာပါတယ်။ ကြက်သွန်နီတွေဈေးကွက်မှာ အရောင်းအဝယ်ပြုလုပ်နိုင်ဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

၂၀၂၅-၂၀၂၆ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၈၀၂ ကေ၊ မြင်းမူမြို့နယ်တွင် ကေ ၁၁၁၀၊ မြောင်မြို့နယ်တွင် ၁၈၅၃ ကေ စုစုပေါင်း ၄၇၆၅ ကေ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီကိုကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ကွမ်းရွက်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ဒီဇင်ဘာလအတွင်း ကွမ်းရွက်ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာလထဲမှာဒေသထွက် ကွမ်းရွက်တွေကို ရန်ကုန်ဈေးကွက်ထဲကို ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ကွမ်းရွက်နဲ့ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ထဲကို အဓိကတင်ပို့ရောင်းချတာပါ။ ဇန်နဝါရီလထဲမှာလဲ ကွမ်းရွက်မှာယူမှုတွေ အများအပြားရှိနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ ရွေးထုတ်သန့်စင်ပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချနေသည့် ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။**ကျော်ကျော်လင်း**



## ဗုဒ္ဓစကား

- သူတစ်ထူး၏
  ကျေးဇူးရှိလျက် ကျေးဇူးဖျက်ကာ
  အမျက်ကြီးမောက် မီးသို့တောက်၍
  ကောက်ကွေ့စာဂ မာန်မာနနှင့်
  ဝါဒအယူ ပျက်စီးမူ
  သူယုတ်မာဟု ခေါ်ထိုက်သူ။

- သူ့မယား၌
  ပြစ်မှားလွန်ကျူး ရမ္မက်ဆူးတို့
  စူးရှသွေးဆူ မွတ်သိပ်မူ
  သူယုတ်မာဟု ခေါ်ထိုက်သူ။

- အမိအဖ ယောက္ခမနှင့်
  နှမအစ်ကို စသည်ကိုလျှင်
  ဆဲဆိုရိုက်ခတ် ညှဉ်းဆဲတတ်လျက်
  လေးမြတ်အယူ မရှိမူ
  သူယုတ်မာဟု ခေါ်ထိုက်သူ။

- မိမိကိုယ်ကို
  မြှောက်ဆိုချီးပ မော်ကြွားလှလည်း
  နှိမ့်ချပြစ်မှား သူတစ်ပါးအား
  စော်ကားငြူစူ ကဲ့ရဲ့မူ
  သူယုတ်မာဟု ခေါ်ထိုက်သူ။

- အိုကြီးအိုမ မိနှင့်ဘကို
  တုပ်ကွလုပ်ကျွေး အခွင့်ပေးလည်း
  လုပ်ကျွေးသမှု ဘယ်မပြုဘဲ
  ဥပေက္ခာပြု နေစိမ့်မူ
  သူယုတ်မာဟု ခေါ်ထိုက်သူ။

- အမျိုးဇာတ်ကြောင့်
  သူမြတ်ပိုင်ပိုင် မဖြစ်နိုင်တည့်။

- အမျိုးဇာတ်ကြောင့်
  ဂုဏ်ဒြပ်နုံချာ သူယုတ်မာဟု
  သေချာဒိဋ္ဌ ဆိုမရတည့်။

- လောကကမ္ဘာ လူတို့ရွာဝယ်
  သူငါရှေးရှု ပြုသောမှုကြောင့်
  လူ့ဂုဏ် 'ယုတ်' 'မြတ်' ဖြစ်တည်အပ်ဟု
  သိမှတ်သင့်ကြောင်း ဆိုးအကောင်းကို
  လမ်းကောင်းညွှန်ပြ မိန့်မြွက်ဟသည်
  ဗုဒ္ဓစကား ထိုတရား။ ။

(သုတ္တနိပါတ်၊ ပါဠိတော် ဥရဂဝဂ်)...မှ

**မြင်းမူမောင်နိုင်မိုး**

## နိုင်ငံတကာ သတင်းများ

# ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်းမှုပုံစံ အစ္စရေးကန့်ကွက်

ဂျေရုဆလင် ဇန်နဝါရီ ၁၈

အမေရိကန်အစိုးရ၏ ဂါဇာ ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ဖွဲ့စည်းမှုပုံစံကို အစ္စရေးအစိုးရက ကန့်ကွက်ထားကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတဒေါ်နယ်ထရမ့် ဥက္ကဋ္ဌအဖြစ်ဦးဆောင်မည့် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် ပါဝင်သူအချို့ကို အိမ်ဖြူတော်က ဇန်နဝါရီ ၁၇ ရက်တွင် ကြေညာခဲ့သည်။

အမေရိကန်အစိုးရက ကြေညာထားသည့် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ အဖွဲ့ဝင်များထဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရူဘီယို၊ သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲလ်တို့နှင့်အတူ တူကီယဲ နိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်နှင့် ကာတာ တာဝန်ရှိသူတစ်ဦးတို့လည်းပါဝင်ကြသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့ ဖွဲ့စည်းပုံမှာ အစ္စရေး၏မူဝါဒများနှင့် ကိုက်ညီမှုမရှိကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရူဘီယိုနှင့် ဆက်သွယ်ဆွေးနွေးရန် နိုင်ငံခြားရေး ဝန်ကြီးဌာနကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ညွှန်ကြားထားကြောင်း သိရသည်။

ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့၌ ဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်ရန် အမေရိကန်နိုင်ငံက အီဂျစ်၊ တူကီယဲ၊ အာဂျင်တီးနား၊ ကနေဒါနိုင်ငံတို့မှ ခေါင်းဆောင်များကိုလည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပါကစ္စတန်နိုင်ငံ၌ ကုန်တိုက်မီးလောင်မှု ဖြစ်ပွား လူခြောက်ဦးသေဆုံး၍ အများအပြား ဒဏ်ရာရ

ကရာချိ ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ကရာချိမြို့၌ ဈေးဝယ်ကုန်တိုက်တစ်ခုမီးလောင်ခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ယနေ့တွင် ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ဂုးလ်ပလာဇာအမည်ရှိကုန်တိုက် အဆောက်အအုံ မီးလောင်မှုသည် ဇန်နဝါရီ ၁၇ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဂုးလ်ပလာဇာ ကုန်တိုက် အဆောက်အအုံ မီးလောင်မှုသည် ဈေးဆိုင်ပိုင်ရှင်အများအပြားစု ဆိုင်ခန်းများပိတ်ပြီးချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုသည် ဈေးဆိုင်ပိုင်ရှင်များက အဝတ်အထည်နှင့် ပလတ်စတစ် လူသုံးကုန်များ သိုလှောင်ထားရာ နေရာသို့ လျှင်မြန်စွာကူးစက်ခဲ့ရာ မီးအားပိုမို ပြင်းထန်လာခဲ့ကြောင်း ပါကစ္စတန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကရာချိမြို့အပါအဝင် ပါကစ္စတန်မြို့ကြီးများရှိ အဆောက်အအုံအများစုမှာ မီးဘေးကာကွယ်ရေး စနစ်နှင့် မီးငြိမ်းသတ်မှုစနစ်များ မရှိခြင်းကြောင့် မီးလောင်မှုဖြစ်ပွားပါက အပျက်အစီးနှင့် လူအသေအပျောက်များရှိတတ်သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလကလည်း ကရာချိမြို့၌ ဈေးဝယ်ကုန်တိုက် တစ်ခုမီးလောင်ခဲ့ရာ လူ ၁၀ ဦး သေဆုံး၍ ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ဂရင်းလန်းကျွန်းကိစ္စအတွက် ဥရောပနိုင်ငံ ရှစ်နိုင်ငံတို့မှ ထုတ်ကုန်များကို အခွန်ထပ်တိုးစည်းကြပ်မည်ဟု သမ္မတဒေါ်နယ်ထရမ့် ပြောကြား



ဝါရှင်တန် ဇန်နဝါရီ ၁၈

ဂရင်းလန်းကျွန်းကို အမေရိကန်နိုင်ငံ ဝယ်ယူခွင့်ရချိန်ထိတိုင် ဥရောပနိုင်ငံ ရှစ်နိုင်ငံတို့၏ ထုတ်ကုန်များကို အခွန်စည်းကြပ်မှုများ မြှင့်တင်ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ ဗြိတိန်၊ ဖင်လန်နိုင်ငံတို့က အမေရိကန်နိုင်ငံသို့ တင်ပို့မည့်ထုတ်ကုန်များကို ၁၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မှု ထပ်တိုးမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ၌ ရေးသားထားသည်။

အဆိုပါ ဥရောပနိုင်ငံ ရှစ်နိုင်ငံတို့၏ ပို့ကုန်များကို ၁၀ ရာခိုင်နှုန်း ထပ်တိုး အခွန်စည်းကြပ်မှုကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ထို့ပြင် ဂရင်းလန်းကျွန်းကို အမေရိကန်နိုင်ငံ ဝယ်ယူခွင့်ရသည်ထိ အဆိုပါ ဥရောပနိုင်ငံ ရှစ်နိုင်ငံတို့မှ ပို့ကုန်များကို အခွန်စည်းကြပ်မှုများ ထပ်မံမြှင့်တင်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က သတိပေးထားသည်။

အဆိုပါ ဥရောပရှစ်နိုင်ငံတို့သည် ဂရင်းလန်းကျွန်းကို အမေရိကန်နိုင်ငံ ထိန်းချုပ်မှုအောက်ထားရေးအတွက် သမ္မတဒေါ်နယ်ထရမ့်၏ တောင်းဆိုချက်ကို ဆန့်ကျင်ကန့်ကွက်ထားသည့် နိုင်ငံများဖြစ်သည်။

ဒိန်းမတ်နိုင်ငံပိုင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေဖြစ်သည့် ဂရင်းလန်းကျွန်းသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် အရေးကြီးသည်ဖြစ်ရာ အဆိုပါကျွန်းကို ရယူထားရန် လိုအပ်သည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အိုင်းအယ်လ်အာဆက်လေတပ်စခန်းထိန်းချုပ်ခွင့် အီရတ်အစိုးရ ပြန်လည်ရယူ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အမေရိကန်တပ်များ ရုပ်သိမ်းခဲ့ပြီးနောက် အိုင်းအယ်လ်အာဆက် လေတပ်စခန်းကို အီရတ်တပ်မတော်က အပြည့်အဝ ပြန်လည် ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း အီရတ်ကာကွယ်ရေး ဝန်ကြီးဌာနက ဇန်နဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုင်းအယ်လ်အာဆက် လေတပ်စခန်းသည် အီရတ်နိုင်ငံ အနောက်ပိုင်းတွင်တည်ရှိပြီး အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ညွန့်ပေါင်းအုပ်စု တပ်ဖွဲ့ဝင်များ နှစ်ပေါင်းများစွာ တပ်စွဲခဲ့ကြသည့် လေတပ်စခန်းဖြစ်သည်။

ယင်းလေတပ်စခန်းသည် အရှေ့အလယ်ပိုင်းဒေသ၌ ဒေသတွင်းတင်းမာမှုများ ပြင်းထန်နေတတ်သည့်အချိန်မျိုးတွင် အီရန် ထောက်နောက်ခံပြု လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုကိုလည်း မကြာခဏ ရင်ဆိုင်ရလေ့ရှိသည်။

သို့ရာတွင် ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်အစိုးရနှင့် အီရတ်အစိုးရတို့အကြား ရယူထားသော ပြည်ပတပ်များ ပြန်လည်ရုပ်သိမ်းရေး သဘောတူညီချက်အရ အိုင်းအယ်လ်အာဆက် လေတပ်စခန်းမှ အမေရိကန်တပ်များ ပြန်လည်ရုပ်သိမ်းပြီဖြစ်ကြောင်း အီရတ် ကာကွယ်ရေး ဝန်ကြီးဌာနက အတည်ပြုထားသည်။

အမေရိကန်တပ်များ ရုပ်သိမ်းခဲ့ပြီးနောက် ယင်းလေတပ်စခန်း ထိန်းချုပ်မှုကို အီရတ် တပ်မတော်က ပြန်လည်ရယူထားကြောင်း အီရတ် ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

အိုင်းအယ်လ်အာဆက်လေတပ် စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ မည်သည့်အချိန်တွင် စတင် ရုပ်သိမ်းခဲ့သည်ကို အီရတ် ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : RT
Trs : KKO



# ဂွာတီမာလာအကျဉ်းထောင်များ၌ အဓိကရုဏ်းဖြစ်ပွား လူ ၄၆ ဦး ဓားစာခံအဖြစ် ဖမ်းဆီးခံထားရ

ဂွာတီမာလာစီးတီး ဇန်နဝါရီ ၁၈

ဂွာတီမာလာနိုင်ငံ အတွင်းရှိ အကျဉ်းထောင် သုံးခုတို့၌ အကျဉ်းသားများက လူ ၄၆ ဦး ကို ဓားစာခံ အဖြစ် ဖမ်းဆီးထားကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသား တင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၁၇ ရက်တွင် အဆိုပါ အကျဉ်းထောင်သုံးခုတို့၌ အကျဉ်းသားများက ဆူပူသောင်းကျန်းခဲ့ပြီး လူ ၄၆ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း ဂွာတီမာလာ ပြည်ထဲရေး ဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ အကျဉ်းထောင် အဓိကရုဏ်းများသည် ထောင်တွင်း၌ အခွင့်အရေးများပိုပေးရန် တောင်းဆိုနေကြသည့် ဒုစရိုက်ဂိုဏ်းဝင်များက ဖန်တီးခဲ့သော အဓိကရုဏ်းများဖြစ်ကြောင်း ဂွာတီမာလာ ပြည်ထဲရေးဝန်ကြီးဌာန သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် အကျဉ်းသားများ လက်၌ ဖမ်းဆီးခံထားရသည့် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးအတွက် ဂွာတီမာလာ လုံခြုံရေး တပ်ဖွဲ့ဝင်များက ကြိုးပမ်းနေရဆဲဖြစ်ကြောင်း သိရသည်။


အကျဉ်းသားများက ဓားစာခံအဖြစ် ဖမ်းဆီးထားသူ အများစုမှာ အကျဉ်းထောင် လုံခြုံရေးများဖြစ်ကြပြီး စိတ်ရောဂါကု ဆရာဝန်တစ်ဦးလည်း ပါဝင်ကြောင်း ဂွာတီမာလာ တာဝန်ရှိသူများက ပြောကြားထားသည်။

ဇန်နဝါရီ ၁၇ ရက် အကျဉ်းထောင် အဓိကရုဏ်းများကို ဘာရီယို ၁၈ အမည်ရှိ ဒုစရိုက်ဂိုဏ်းက ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း ဂွာတီမာလာ ပြည်ထဲရေးဝန်ကြီးဌာန သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## လကမ္ဘာမျက်နှာပြင်နှစ်ခြမ်း၏ဘူမိသွင်ပြင်များနှင့်သဘာဝများ ကွဲပြားခြားနားမှုက လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံကျော်ကဖြစ်ပွားခဲ့သော ဂြိုဟ်သိမ်ကျရောက်မှုနှင့် ဆက်စပ်နေနိုင်



**ပေကျင်း ဇန်နဝါရီ ၁၈**

လကမ္ဘာ၏ မျက်နှာပြင် နှစ်ခြမ်း၏ ဘူမိသွင်ပြင်များနှင့် သဘာဝများ ကွဲပြားခြားနားမှုသည် လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံကျော်က ဖြစ်ပွားခဲ့သော ဂြိုဟ်သိမ်ကျရောက်မှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ် သိပ္ပံပညာရှင်များ၏ အဆိုအရ လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံကျော်က ကျရောက်ခဲ့သည့် ရောမဂြိုဟ်သိမ်တစ်စင်းကြောင့် လကမ္ဘာအခြားဘက်ခြမ်း၌ ဥက္ကာချိုင့်ဝှမ်း ပေါ်ထွက်လာခဲ့ရပြီး လကမ္ဘာအတွင်းလွှာကျောက်များ ဆုံးရှုံးခဲ့ရကြောင်း၊ ၎င်းဂြိုဟ်သိမ် ကျရောက်မှုဖြစ်စဉ်ကြောင့် လကမ္ဘာ၏မျက်နှာပြင် နှစ်ခြမ်း ဘူမိသွင်ပြင်နှင့် သဘာဝတရား ကွဲပြားခဲ့ရခြင်းဖြစ်နိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဆိုဗီယက် အာကာသယာဉ် လူနာ-၃ က ၁၉၅၉ ခုနှစ်တွင် လကမ္ဘာ အခြားဘက်ခြမ်းကို ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ပြီးနောက် ကမ္ဘာမြေဘက် မျက်နှာမူနေသော လကမ္ဘာမျက်နှာပြင်ခြမ်းနှင့် လကမ္ဘာအခြားဘက်ခြမ်းတို့၏ ဘူမိလက္ခဏာများမှာ ကွဲပြားခြားနားကြောင်း သိပ္ပံပညာရှင်များက သိရှိခဲ့ကြရသည်။

ကမ္ဘာမြေဘက် မျက်နှာမူနေသည့် လမျက်နှာပြင်ဘက်ခြမ်းသည် ကျယ်ပြန့်ချောမွေ့၍ နက်မှောင်သော လွင်ပြင်များရှိနေပြီး လမျက်နှာပြင် အခြားဘက်ခြမ်းတွင်မူ အရောင်ပိုဖျော့၍ ကြီးမားသည့် ဥက္ကာချိုင့်ဝှမ်းများရှိနေသည်။

တရုတ် သိပ္ပံပညာရှင်များသည် ချန်အာ-၆ လဆင်းယာဉ်က ရယူပေးခဲ့သည့် လကမ္ဘာအခြားဘက်ခြမ်း ကျောက်သားနမူနာများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ရောမဂြိုဟ်တုကွန်ရက်ကြီးနှစ်ခုအတွက် ဂြိုဟ်တုစင်းရေ ၂၀၀၀၀၀ ခန့်လွှတ်တင်ခွင့်ပေးရန် တရုတ်နိုင်ငံက ITU ထံ အဆိုပြုလျှောက်လွှာတင်သွင်းထား

**ပေကျင်း ဇန်နဝါရီ ၁၈**

ရောမဂြိုဟ်တု ကွန်ရက်ကြီး နှစ်ခုအတွက် ဂြိုဟ်တုစင်းရေ ၂၀၀၀၀၀ ခန့်လွှတ်တင်ခွင့်ပေးရန် တရုတ်နိုင်ငံက ကုလသမဂ္ဂ နိုင်ငံတကာဆက်သွယ်ရေးသမဂ္ဂ (ITU) ထံ အဆိုပြုလျှောက်လွှာတင်သွင်းထားကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံသည် CTC-1 နှင့် CTC-2 အမည်ရှိ မဟာဂြိုဟ်တုကွန်ရက်နှစ်ခုကို တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

CTC-1 နှင့် CTC-2 ဂြိုဟ်တုကွန်ရက်တစ်ခုလျှင် ဂြိုဟ်တုအစင်းရေ ၉၆၇၁၄ စင်းစီ ပါဝင်မည်ဖြစ်ပြီး ၎င်းဂြိုဟ်တုများကို ပတ်လမ်းနေရာပေါင်း ၃၆၆၀ တို့၌ ဖြန့်ကြက်နေရာချမည်ဖြစ်ကြောင်း သိရသည်။



အကယ်၍ စီမံကိန်းများ ဖြစ်မြောက်ခဲ့ပါက CTC-1 နှင့် CTC-2 ဂြိုဟ်တုကွန်ရက်များသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ အကြီးဆုံး ဂြိုဟ်တုကွန်ရက်များ ဖြစ်လာလိမ့်မည်ဖြစ်သည်။

၎င်းဂြိုဟ်တုကွန်ရက်နှစ်ခုကို မည်သည့်နယ်ပယ်များ၌ တရုတ်နိုင်ငံက အသုံးချမည်ကို တိတိကျကျ မသိရသေးပေ။

လက်ရှိ ကမ္ဘာ့အကြီးဆုံးဂြိုဟ်တုကွန်ရက်မှာ စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တုကွန်ရက်ဖြစ်ပြီး ဂြိုဟ်တုအစင်းပေါင်း ၉၅၀၀ ခန့်ဖြင့် ဖွဲ့စည်းထားသည်။

Ref : Xinhua News

Trs : KKO

## တိုင်ရန်နိုဆောရပ်စ် ဒိုင်နိုဆောများက ကိုယ်ခန္ဓာအလုံးအထည် အပြည့်အဝရရှိရေးအတွက် နှစ်ပေါင်း ၄၀ ခန့်ထိအချိန်ယူရ

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

တိုင်ရန်နိုဆောရပ်စ် ဒိုင်နိုဆောများသည် ကိုယ်ခန္ဓာအလုံး အထည် အပြည့်အဝရရှိရေးအတွက် နှစ်ပေါင်း ၄၀ ခန့်ထိ အချိန်ယူရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တိုင်ရန်နိုဆောရပ်စ် ဒိုင်နိုဆောများသည် ကိုယ်ခန္ဓာအရွယ်အစား အလွန်တရာကြီးမားသော ကမ္ဘာဦးသက်ရှိများဖြစ်ပြီး အရွယ်ရောက်လာချိန်တွင် ကိုယ်ခန္ဓာ အလေးချိန် ရှစ်တန်ထိရှိကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ တိုင်ရန်နိုဆောရပ်စ်များသည် ၎င်းတို့၏ အသက် ၄၀ ခန့်ရှိမှ အထက်ပါ ကိုယ်ခန္ဓာအရွယ်အစားမျိုး ရရှိနိုင်ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ အထက်ပါ တွက်ချက်မှုသည် ယခင်ခန့်မှန်းခဲ့ကြသည်ထက် ၁၅ နှစ် ပိုများကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် တိုင်ရန်နိုဆောရပ်စ် ခြေထောက် ၁၇ ရိုးကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

တိုင်ရန်နိုဆောရပ်စ်များ၏ ကိုယ်ခန္ဓာအလုံးအထည် အကြီးမားဆုံး အရွယ်အစားရောက်ရှိချိန်နှင့်ပတ်သက်ပြီး သိပ္ပံပညာရှင်များကြား နှစ်ပေါင်းများစွာ ငြင်းခုံခဲ့ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## တရုတ်နိုင်ငံမှ အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ဦး ကမ္ဘာ့အသက်အငယ်ဆုံး အယ်ဇိုင်းမားရောဂါလူနာဖြစ်လာ

**ပေကျင်း ဇန်နဝါရီ ၁၈**

တရုတ်နိုင်ငံမှ အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ဦးမှာ ကမ္ဘာ့အသက်အငယ်ဆုံး အယ်ဇိုင်းမားရောဂါလူနာဖြစ်လာကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆရာဝန်များက အမည်နာမ ထုတ်ပြောခြင်းမရှိသည့် အဆိုပါ တရုတ်လူငယ်သည် အသက် ၁၇ နှစ်တွင် မှတ်ဉာဏ်ကျဆင်းမှု ပြဿနာနှင့် စတင်ရင်ဆိုင်ခဲ့ရပြီး အသက် ၁၉ နှစ်အရွယ်တွင် အယ်ဇိုင်းမားရောဂါ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းလူငယ်သည် အယ်ဇိုင်းမားရောဂါ စစ်ဆေးမတွေ့ရှိမီ မှတ်ဉာဏ်ပြဿနာကုသရေးဆေးခန်းများတွင် ကုသမှုခံယူခဲ့သည်။

ထိုသို့ကုသမှုခံယူနေစဉ် ၎င်းလူငယ်၏ မှတ်ဉာဏ်စွမ်းရည်မှာ သက်တူရွယ်တူများ၏ မှတ်ဉာဏ်စွမ်းရည်ထက် ၈၂ ရာခိုင်နှုန်းပို၍ နည်းပါးကြောင်း ဆေးပညာရှင်များက စစ်ဆေးတွေ့ရှိခဲ့ရသည်။

သာမန်အားဖြင့် အသက် ၃၀ အောက်အယ်ဇိုင်းမားလူနာများမှာ အယ်ဇိုင်းမားရောဂါ၏ မျိုးဗီဇနောက်ခံ အကြောင်းတရားများ ရှိနေသူများဖြစ်ကြသည်။

သို့ရာတွင် အထက်ဖော်ပြပါ တရုတ်လူငယ်တွင်မူ အယ်ဇိုင်းမားရောဂါ၏မျိုးဗီဇနောက်ခံအကြောင်းတရားများ မရှိသကဲ့သို့ မိသားစုတွင်လည်း အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုရာဇဝင် မရှိခဲ့ကြောင်း တရုတ် ဆေးပညာရှင်များက ပြောကြားခဲ့သည်။

Ref : Xinhua News

Trs : KKO

## PFAS ခေါ် ဓာတုပစ္စည်းများနှင့်အထိအတွေ့များသော ကိုယ်ဝန်ဆောင်အမျိုးသမီးများ သွေးအတွင်း သကြားဓာတ်လွန်ကဲမှုပြဿနာနှင့် ရင်ဆိုင်ရနိုင်

**နယူးယောက် ဇန်နဝါရီ ၁၈**

PFAS ခေါ် ဓာတုပစ္စည်းများနှင့် အထိအတွေ့များသော ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်း သကြားဓာတ်ပုံမှန်ထက် လွန်ကဲမှု ပြဿနာနှင့်ရင်ဆိုင်ရနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်ကို ကိုးကား၍ ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

PFAS ဓာတုပစ္စည်းများသည် လူ့ကိုယ်ခန္ဓာအတွင်း အလွယ်တကူ ပြိုကွဲနိုင်မှုမရှိသော ဓာတုပစ္စည်းများဖြစ်ပြီး လူသုံးပစ္စည်းများမှတစ်ဆင့် လူ့ကိုယ်တွင်းသို့ ရောက်ရှိသွားနိုင်သော ဓာတုပစ္စည်းများဖြစ်သည်။

PFAS ဓာတုပစ္စည်းများနှင့် အထိအတွေ့များသော ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌ အင်ဆူလင်ဟော်မုန်းတို့ ဖြစ်နိုင်စွမ်း အဆက်မပြတ် ကျဆင်းလာတတ်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ယခင်ပြုလုပ်ခဲ့သော လေ့လာချက်ပေါင်း ၇၀ ကျော်တို့မှ ရရှိသည့် အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

PFAS ဓာတုပစ္စည်းများနှင့် ထိတွေ့မှုသည် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်မှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ အပြီးတွင် ရီလေက အမှတ်ပေးဇယားကို ဦးဆောင်

**ဟာဝိုင်ယီ ဇန်နဝါရီ ၁၈**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်တွင် ကျင်းပနေသည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရီလေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဟာရီဟောလ်၊ အမေရိကန် ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဂိုတာအပ်၊ ကီဗင်ရှိုင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ထားကြကြောင်း သိရသည်။

ပထမနေ့နှင့် ဒုတိယနေ့တို့တွင် အမှတ်ပေးဇယားကို ဦးဆောင်ခဲ့သူများစာရင်း၌ ပါဝင်ခဲ့သည့် လက်ရှိ ချန်ပီယံ ကနေဒါဂေါက်သီးရိုက်ကစားသမားနစ်ခ်တေလာ၊ အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ပါရီ၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမားဂျာရတ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ထားကြသည်။

ရီလေက "တတိယနေ့မှာ ရိုက်ချက်အချို့ဟာ ကောင်းမွန်ခဲ့ပါတယ်။ တစ်ရက်ထက် တစ်ရက် ရလဒ်တွေ တိုးတက်လာခဲ့တာဟာ အပေါင်းလက္ခဏာ ဆောင်ပါတယ်။ Swing ရိုက်ချက်တွေ တိုးတက်လာတယ်လို့လဲ ခံစားမိပါတယ်။ ဂေါက်ကွင်းရဲ့ အနေအထားအရ လေတိုက်နှုန်းတွေက မြင့်မားတယ်။ လေတိုက်နှုန်းကြောင့် ကစားရတာ ခက်ခဲပေမဲ့လဲ သေသေချာချာ တွက်ဆပြီးမှ ရိုက်ခဲ့လို့ ရလဒ်တွေ ကောင်းလာခဲ့ခြင်း ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : AZL**



# မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှုအဆင့်သတ်မှတ်စစ်ဆေးနေမှုများကို မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး သွားရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၈**

၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့၏ မသန်စွမ်းမှုအဆင့်သတ်မှတ် စစ်ဆေးနေမှုများကို မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။



၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်း အားကစားအဖွဲ့၏ မသန်စွမ်းမှု အဆင့်သတ်မှတ်စစ်ဆေးနေမှုကို ယနေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံ Nakhon Ratchasima Rajabhat University ဘောလုံးကွင်းအတွင်းရှိ Classification Room တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဦးစွာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မသန်စွမ်းမှုအဆင့် သတ်မှတ်စစ်ဆေးနေသော မြန်မာမသန်စွမ်းအားကစားသမား ခုနစ်ယောက်ကို တွေ့ဆုံအားပေးစကား ပြောကြားပြီး မြန်မာမသန်စွမ်း ခုနစ်ယောက်တစ်ဖက် ဘောလုံးအသင်း တစ်ဦးချင်းမသန်စွမ်းမှု အဆင့်သတ်မှတ် စစ်ဆေးနေခြင်းများကို ကြည့်ရှုလေ့လာကာ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူနည်းပြများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘိုစီယာ၊ ဂိုးလ်ဘော၊ ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ Power-Lifting ကစားနည်းတို့မှ ကစားနည်းအလိုက် မြန်မာမသန်စွမ်းအားကစားသမားများ၏ မသန်စွမ်းမှု အဆင့်သတ်မှတ်စစ်ဆေးခြင်းများ၊ မြန်မာမသန်စွမ်း ဘိုစီယာအသင်းနှင့် ဂိုးလ်ဘောအသင်းတို့၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။

**STA**

# ရီးရဲလ်မက်ဒရစ်အသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် ကလော့ပ်ကိုခန့်အပ်ပြီး တိုက်စစ်ပိုင်းအတွက် ဟာလန်းကိုပါခေါ်ယူရန် ပြင်ဆင်နေ

**မက်ဒရစ် ဇန်နဝါရီ ၁၈**

ရီးရဲလ်မက်ဒရစ် အသင်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် လီဗာပူးအသင်း နည်းပြဟောင်း ကလော့ပ်ကို ခန့်အပ်ရန် ကြိုးပမ်းနေပြီး အသင်းတိုက်စစ်ပိုင်းအတွက်လည်း မန်းစီးတီးအသင်းမှဟာလန်းကိုပါ ခေါ်ယူရန်ပြင်ဆင်နေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြသစ်အဖြစ် လေဗာကူဆင်အသင်းနှင့် အောင်မြင်မှုများ ရယူခဲ့သည့် နည်းပြအလွန်ဆိုကို ခန့်အပ်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များ မတည်မငြိမ်ဖြစ်နေမှုနှင့်အတူ အသင်းကစားသမားများနှင့်နည်းပြကြား ဆက်ဆံရေး အဆင်မပြေမှုများ ရှိနေသည့်အတွက် နည်းပြအလွန်ဆိုကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက ယခုနှစ် ဘောလုံးရာသီကုန်ထိ နည်းပြအဖြစ် ရီးရဲလ်မက်ဒရစ် လူငယ်အသင်းနည်းပြ အာဘီလိုအာကို ခန့်အပ်ခဲ့ပြီး ရာသီအကုန်တွင် အမြဲတမ်းနည်းပြအဖြစ် လီဗာပူးအသင်းနှင့် အောင်မြင်မှုများရယူခဲ့သည့် နည်းပြကလော့ပ်ကို နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ထို့ပြင် လက်ရှိ အသင်းအခြေအနေများကြောင့် အသင်းဥက္ကဋ္ဌ ပီရက်ဇ်အနေဖြင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည့်အတွက် ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြကလော့ပ်ကို ခန့်အပ်မည့်အပြင် အသင်းတိုက်စစ်ပိုင်း အတွက် ဟာလန်းကိုပါ ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**

# ကာလရှည်ပြစ်ဒဏ်မှကင်းလွတ်ခဲ့သည့် မူဒရစ် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်း

**လန်ဒန် ဇန်နဝါရီ ၁၈**

ချဲလ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား မူဒရစ်သည် ကာလရှည် ပွဲပယ်ပြစ်ဒဏ်မှ ပြန်လည် လွတ်မြောက်ခဲ့သည့်အတွက် အသင်းနှင့် ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများ စတင်ပြုလုပ်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မူဒရစ်သည် တားမြစ်ဆေးသုံးစွဲမှုကြောင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကတည်းက ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံထားရသူဖြစ်ပြီး ယခုနှစ် ဇန်နဝါရီ ၁၇ ရက်က ပြစ်ဒဏ်မှ ကင်းလွတ်ခဲ့သည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းကာ လေ့ကျင့်မှုများ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်ရှိ မူဒရစ်သည် ၂၀၂၂ ခုနှစ်က ရှက်တာဒိုးနက်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ရှက်တာဒိုးနက်အသင်းတွင်ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသခဲ့သော်လည်း ချဲလ်ဆီးအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသူဖြစ်သည်။

မူဒရစ်သည် ချဲလ်ဆီးအသင်းနှင့်အတူ သုံးရာသီအတွင်း ပြိုင်ပွဲစုံ ၇၃ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၀ ဂိုးသွင်းယူထားကာ အသင်းနှင့် ပြန်လည်ပူးပေါင်းမည် ဖြစ်သည့်အတွက် လာမည့်ပွဲစဉ်များတွင် ပြန်လည်ပါဝင်ကစားမည် ဖြစ်ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အီတလီနံပါတ်(၁)တင်းနစ်မယ် ပါအိုလီနီ အနိုင်ရ

**မဲလ်ဘုန်း ဇန်နဝါရီ ၁၈**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အီတလီနံပါတ်(၁)တင်းနစ်မယ် ပါအိုလီနီနှင့် ဘယ်လာရုစ်တင်းနစ်မယ် ဆာစနိုဗစ်ချ်တို့ ယှဉ်ပြိုင်ခဲ့ရာ ပါအိုလီနီက (၆-၁ ၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Ubi Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဆာစနိုဗစ်ချ်သည် လက်ရည်စစ်ပွဲအောင်မြင်၍ ဩစတြေးလျအိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ပြိုင်ပွဲကို တိုက်ရိုက်ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရသည့် ပါအိုလီနီနှင့် စွမ်းဆောင်ရည်ကွာဟချက်များရှိနေခဲ့သည်။

ပါအိုလီနီက ပြတ်သားသည့် ရလဒ်များဖြင့်အနိုင်ရကာ ပွဲကစားချိန် ၆၉ မိနစ်သာ ကြာမြင့်ခဲ့ပြီး ပထမပွဲငယ် ၁၀ မိနစ်အတွင်း၌ (၃-၀)ရလဒ်ဖြင့် ဦးဆောင်ခဲ့သည်ထိ လက်စွမ်းပြခဲ့ခြင်းဖြစ်သည်။

ပါအိုလီနီက "ပထမအဆင့်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ ကောင်းခဲ့ပြီးတော့ ကျွန်မ လုံးဝ မျှော်လင့်မထားတဲ့ စွမ်းဆောင်ရည်မျိုးဖြစ်ပါတယ်။ ပွဲမစခင်မှာကို စိတ်လှုပ်ရှားမိခဲ့တယ်။ ဒါပေမဲ့လဲ ကွင်းထဲ ဝင်လာတဲ့အချိန်မှာ အလိုလို ယုံကြည်မှုရှိလာခဲ့တယ်။ ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲ အမျိုးအစားမှာ အဆင့်တိုင်းက ခက်ခဲပါတယ်။ အထူးသဖြင့် အဖွင့်ပွဲစဉ်ကို ကစားရတဲ့အချိန် စိတ်လှုပ်ရှားပြီးတော့ အမှားအယွင်းများတတ်ပါတယ်။ အခုဒီပွဲစဉ်မှာတော့ စွမ်းဆောင်ရည်က Solid ဖြစ်ခဲ့ပါတယ်။ ဒီစွမ်းဆောင်ရည်ကို ဆက်လက် ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Ubi Tennis**

**Trs : AZL**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် သစ္စာအားမာန်အသင်းက မြဝတီအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၈**




မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၅) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSCအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက သစ္စာအားမာန်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၄ မိနစ်တွင် မြဝတီအသင်းမှ အေးအေးမိုးက ကိုယ့်ဂိုးကိုယ်သွင်းယူမိသည့်အတွက် သစ္စာအားမာန်အသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲချိန် ၂၇ မိနစ်တွင် ဝေဖူးအိန်က သစ္စာအားမာန်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူခဲ့သည့်အတွက် ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် သစ္စာအားမာန်အသင်းက ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း သစ္စာအားမာန်အသင်းကပင်ဆက်လက်ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၆၉ မိနစ်တွင် မြတ်နိုးခင်က သစ္စာအားမာန်အသင်းအတွက် တတိယဦးဆောင်ဂိုးသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် သစ္စာအားမာန်အသင်းက မြဝတီအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ISPEအသင်းက ၁၃ပွဲတွင် ၁၁ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံး ရမှတ် ၄၀ ဖြင့် အဆင့်(၂)နေရာမှ ရှေ့ဝတီအသင်းကို ၁၂မှတ်ထိဖြတ်တောက်ထားပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နေကြောင်း သိရသည်။

**STA**

# ရီးရဲလ်မက်ဒရစ်အသင်းက ကာမာဗင်ဂါအတွက် စတာလင်ပေါင် သန်း ၇၀ သတ်မှတ်

**မက်ဒရစ် ဇန်နဝါရီ ၁၈**

ရီးရဲလ်မက်ဒရစ် အသင်းက ကွင်းလယ်ကစားသမား ကာမာဗင်ဂါအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ သတ်မှတ်ခဲ့ကြောင်း Marca သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကာမာဗင်ဂါသည် ၂၀၂၁ခုနှစ်က ရင်းနက်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အစောပိုင်းနှစ်များက အသင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာပြဿနာများကြောင့် ရုန်းကန်နေရသူဖြစ်သည်။

ကာမာဗင်ဂါသည် နောက်ပိုင်းနှစ်များတွင် ခြေစွမ်းပိုင်းကျဆင်းနေမှုများကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက လက်ရှိဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ခဲ့သည်။

ကာမာဗင်ဂါကို ရင်းနက်အသင်းတွင် ကစားစဉ်ကတည်းက ပရီးမီးယားလိဂ် ကလပ်အသင်းကြီးများကခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းကိုယ်တိုင်က ရီးရဲလ်မက်ဒရစ် အသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကာမာဗင်ကို ကွင်းလယ်ပိုင်း လိုအပ်ချက်ရှိနေသည့် လီဗာပူးအသင်းက ခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

**Ref : Marca**

**Trs : STA**




# ဝက်စ်ဟမ်းအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် စပါးနည်းပြဖရန့်၏ အနာဂတ်မရေမရာဖြစ်လာ

**လန်ဒန် ဇန်နဝါရီ ၁၈**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၂) အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် စပါးအသင်းက အိမ်ကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် နည်းပြ ဖရန့်၏ အနာဂတ်မှာ မရေမရာဖြစ်လာခဲ့ကြောင်း Fotmobသတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဖရန့်သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘရန့်ဖို့ဒ်အသင်းမှ စပါးအသင်းသို့ပြောင်းရွှေ့ခဲ့ပြီး ဘရန့်ဖို့ဒ်အသင်းကို တာဝန်ယူကိုင်တွယ်စဉ်က ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ခဲ့သော်လည်း စပါးအသင်းတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး ရုန်းကန်နေရခြင်းဖြစ်သည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြ ပိုစတီနိုကိုဂလူလက်အောက်တွင် ရလဒ်များဆိုးရွားခဲ့သည့်အတွက် ရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့သော်လည်း လက်ရှိနည်းပြ ဖရန့်လက်အောက်တွင် အသင်းအနေဖြင့် ရလဒ်များဆက်လက်ဆိုးရွားနေဆဲဖြစ်သည်။

စပါးအသင်းသည် နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲတွင် ပဲလေ့စ်အသင်းတစ်သင်းတည်းကို အနိုင်ရခဲ့ပြီး နော်တင်ဟမ်အသင်း၊ လီဗာပူးအသင်း၊ ဘုန်းမောက်အသင်း၊ အေဗီလာအသင်း၊ ဝက်စ်ဟမ်းအသင်းတို့ကိုရှုံးနိမ့်ခဲ့ပြီး ဘရန့်ဖို့ဒ်အသင်း၊ဆန်းဒါးလန်းအသင်းတို့နှင့် ပွဲစဉ်များတွင် သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၂ ပွဲတွင် ခုနစ်ပွဲသာအနိုင်ရခဲ့ပြီး ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၄) နေရာ၌ ရပ်တည်နေကာ တန်းဆင်းဇုန်မှ ဝက်စ်ဟမ်းအသင်းနှင့် ၁၀ မှတ်သာ ကွာဟနေပြီး လာမည့်ပွဲစဉ်များတွင် ရလဒ်များ ဆက်လက်ဆိုးရွားနေမည်ဆိုပါက နည်းပြ အပြောင်းအလဲလုပ်ဆောင်သွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# စူပါမစ်ဒယ်ဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဟောင်း ကာနယ်လိုက ယခုနှစ်အတွင်း လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်မည်

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၈**

စူပါမစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဟောင်း မက္ကဆီကိုလက်ဝှေ့သမား ကာနယ်လိုက ယခုနှစ်အတွင်း စိန်ခေါ်ပွဲများပြန်လည်ထိုးသတ်ကာ ကမ္ဘာ့ချန်ပီယံခါးပတ်များ ပြန်လည်ရရှိအောင် ကြိုးစားသွားမည်ဟု ပြောကြားခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စူပါမစ်ဒယ်ဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံအဖြစ် ကာလရှည်ရပ်တည်ခဲ့သည့် ကာနယ်လိုသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် အမေရိကန်လက်ဝှေ့သမား ခရော့ဖို့ဒ်ကို ရှုံးနိမ့်ခဲ့ကာ ပြိုင်ဘက်ကင်းချန်ပီယံခါးပတ်များကိုလက်လွှတ်ခဲ့ရပြီးနောက် မိသားစုနှင့်အနားယူခဲ့သည်။

ကာနယ်လိုသည် ခရော့ဖို့ဒ်ကိုရှုံးနိမ့်ခဲ့ပြီးနောက် စိန်ခေါ်ပွဲတစ်ပွဲမျှ ထိုးသတ်ရခြင်းမရှိသေးဘဲ မကြာမီ ကမ္ဘာ့ချန်ပီယံတစ်ဦး အနေဖြင့် စိန်ခေါ်ပွဲများကို ဆက်လက်ထိုးသတ်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ တာကီက "ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့မှာကျင်းပသွားမဲ့ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲတွေမှာ ကာနယ်လိုရဲ့ပွဲစဉ်လဲ ပါဝင်မှာဖြစ်ပါတယ်။ ချန်ပီယံခါးပတ်တွေအတွက် ကာနယ်လို မကြာခင်ပြန်လာတော့မှာပါ"ဟု ပြောကြားခဲ့သည်။

ကာနယ်လိုအနေဖြင့် ထိုးသတ်မည့်ပြိုင်ဘက်အမည်ကို တရားဝင်ထုတ်ပြန်ခဲ့ခြင်း မရှိသော်လည်း လစ်လပ်နေသည့် စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအတွက် စိန်ခေါ်ပွဲ ထိုးသတ်မည်ဖြစ်သည်။

ကာနယ်လိုကို အနိုင်ရပြီး ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည့် ခရော့ဖို့ဒ်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက လက်ဝှေ့လောကမှ အပြီးတိုင် အနားယူခဲ့သည့်အတွက် ကာနယ်လိုအနေဖြင့် မကျေပွဲထိုးသတ်ခွင့် ရရှိမည်မဟုတ်ဘဲ ပြိုင်ဘက်အသစ်နှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Boxing Scene**

**Trs : AZL**

# ဘန်လေအသင်းနှင့်သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် လီဗာပူးအသင်းက နည်းပြသစ်ခန့်အပ်ရန် ချိတ်ဆက်မှုများလုပ်ဆောင်နေ

**လန်ဒန် ဇန်နဝါရီ ၁၈**



လီဗာပူးအသင်းတာဝန်ရှိသူများက ဘန်လေအသင်းနှင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် အသင်းနည်းပြ စလော့၏စွမ်းဆောင်ရည်များကိုကျေနပ်မှုမရှိသည့်အတွက် နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် နည်းပြသစ်ချိတ်ဆက်မှုများစတင် လုပ်ဆောင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်း တာဝန်ရှိသူများသည် အစောပိုင်းက နည်းပြစလော့ကို ထောက်ခံမှုများပြုလုပ်ထားသော်လည်း ဘန်လေအသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ၎င်းကို ထုတ်ပယ်ပြီး နည်းပြသစ်အစားထိုးရန် စတင်ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြစလော့သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ မတည်မငြိမ်ဖြစ်နေသည့်အတွက် လီဗာပူးအသင်းတာဝန်ရှိသူများက နည်းပြသစ်အပြောင်းအလဲ လုပ်ဆောင်လိုနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ထိပ်တန်းကစားသမားများကို စံချိန်တင်ပြောင်းရွှေ့ကြေးများဖြင့် ခေါ်ယူခဲ့သော်လည်း ရလဒ်များ မတည်မငြိမ်ဖြစ်နေပြီး ဘန်လေအသင်းနှင့်ပွဲစဉ်တွင် နိုင်ပွဲပျောက်ဆုံးခဲ့ပြီးနောက် အသင်းအနေဖြင့် နည်းပြသစ်ခန့်အပ်ရန် ချိတ်ဆက်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# ကျန်းမာရေးအတွက် ဘဝနေထိုင်မှုပုံစံ

ပေါက်ပေါက်

လူ့ဘဝတွင် သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးနှင့်လျော်ညီသော ဘဝလူနေမှုပုံစံကို ဖန်တီးကြရန် အထူးလိုအပ်သည်။ ယနေ့ခေတ်တွင် မကူးစက်တတ်သောရောဂါများက ပို၍ဒုက္ခပေး လျက်ရှိသည်။ ၎င်းရောဂါများတွင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများပါဝင်နေကြပြီး ကလေးများလည်း ဆီးချိုရောဂါဖြစ်လာကြသည်။ ထိုရောဂါကြီး သုံးမျိုးက တစ်မျိုးနှင့်တစ်မျိုးဆက်နွှယ်နေပြီး နောက်ဆက်တွဲအဖြစ် လေငန်းရောဂါ ဖြစ်လာနိုင်ခြေပိုများသည်။ ယနေ့ခေတ်လူများသည် ရှေးယခင်နှင့်မတူဘဲ ကိုယ်ပိုင်အားလပ်ချိန်နည်းပါးလာကာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းနှင့်အတူ နေထိုင်စားသောက်မှုပုံစံစနစ်များ ယိုယွင်းလာခြင်းကြောင့် ထိုရောဂါများဖြစ်လာရသည်။ ထို့ကြောင့် သက်တမ်းစေ့နေနိုင်ရေး လူနေမှုဘဝပုံစံပြောင်းလဲရန်လိုသည်။

လူတစ်ဦး အကောင်းဆုံးအိပ်ရာဝင်ချိန်သည် ည ၁၀ နာရီဖြစ်ပြီး နံနက် ၆ နာရီခန့်က နိုးထချိန်ဖြစ်သည်။ အိပ်ပျက်ညများစွာ ကြုံတွေ့ရသူအတွက် ရေရှည်တွင် ကျန်းမာရေးထိခိုက်လာသည်။ ကွန်ပျူတာ၊ စမတ်ဖုန်း စသည့် အီလက်ထရွန်နစ်နည်းပညာများ တစ်နေ့တစ်ခြား တိုးတက်ခေတ်မီလာသည်နှင့်အမျှ ငယ်ရွယ်စဉ်ကပင် စွဲစွဲမြဲမြဲသုံးတတ်လာခြင်းကြောင့် ဘေးထွက်ဆိုးကျိုးအဖြစ် အိပ်ရာဝင်ချိန်နောက်ကျပြီး အိပ်ရေးမဝခြင်းကို ခံစားကြရသည်။

နှလုံးရောဂါ၊ ကင်ဆာနှင့် ခန္ဓာကိုယ်မသန်စွမ်းမှုတို့က အိပ်ရေးမဝခြင်းနှင့် ပတ်သက်နေသကဲ့သို့ အိပ်ချိန်အလွန်နည်းခြင်း၊ အိပ်ချိန်အလွန်များခြင်းကလည်း သေဆုံးမှုနှုန်းနှင့် ဆက်နွှယ်နေသည်။ ထို့ကြောင့် သက်ရှည်ကျန်းမာစေရန်အတွက် ညအိပ်ရာဝင်ချိန်ကို ကောင်းစွာစီမံခန့်ခွဲတတ်ရမည်။ အိပ်ရေးမဝ၍ ခေါင်းမကြည်လင်၊ ခေါင်းမကြည်၍ စိတ်မရွှင်၊ စိတ်တိုစိတ်ဆတ်လာကာ အာရုံစူးစိုက်မရတော့ဘဲ ကျောင်းနေရွယ်လူငယ်များ စာနောက်ကျ၊ လုပ်ငန်းခွင်ဝင်သူများ အလုပ်ခွင်ခရီးမတွင် မိသားစုပတ်ဝန်းကျင်နှင့်လည်း ပေါင်းသင်းဆက်ဆံရေးတွင် အနုတ်လက္ခဏာပြလာသည်။ ထို့ကြောင့် မိမိကိုယ်တိုင်အိပ်ရာဝင်ချိန်ကို အလေးထားသင့်သကဲ့သို့ မိသားစုကိုလည်း ညအိပ်ရာဝင်ချိန် နောက်မကျရန် တိုက်တွန်းပေးရမည်။

တစ်ညတာလုံးငြိမ်သက်နေသော ခန္ဓာကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကို ပြန်လည်တက်ကြွလာစေရန် လှုံ့ဆော်သည့်အနေဖြင့် နံနက်အိပ်ရာထ ရေနှစ်ခွက်ဆက်တိုက်သောက်ပါ (ရေခဲရေမဟုတ်ပါ)။ အရွယ်ရောက်ပြီးသူ တစ်ယောက်သည် သောက်ရေသန့် နေ့စဉ်နှစ်လီတာအထက် သောက်ရပါမည်။

ခန္ဓာကိုယ်တွင်းရှိ အဆိုးများအထက်သို့ဆန်မတက်စေရန် မျက်နှာမသစ်ခင် ဦးစွာ ဒူးခေါင်းနှစ်ဖက်အထက်က ရေသုံးခွက်စီလောင်းပါ။ မျက်နှာမသစ်ခင် လက်ကိုဦးစွာ စင်ကြယ်အောင်ဆေးပါ။ တစ်နေ့နှစ်ကြိမ်မျက်နှာသစ်ပါ။

သွားနှင့်ခံတွင်းသန့်ရှင်းရန် တစ်နေ့နှစ်ကြိမ် သွားတိုက်ကြသော်လည်း စနစ်တကျပြုလုပ်တတ်ရန်လိုသည်။ နည်းမှန်လမ်းမှန် သွားမတိုက်ခြင်းက သွားနှင့်ခံတွင်းကို ထိခိုက်စေသည်။ ဆား၊ တမာ၊ ကျောက်မီးသွေး၊ ဖလူအိုရိုက်(ဒ်)ဒြပ်ပေါင်း ပါသော သွားတိုက်ဆေးသုံးခြင်း၊ သွားကြားသန့်ရှင်းရေး ချည်မျှင်သုံးခြင်း၊ လျှာခြစ်တံသုံးခြင်း၊ သွား တိုက်တံ အနုသုံးခြင်း၊ သွားတိုက်တံကို ပျမ်းမျှ သုံးလ တစ်ကြိမ် အသစ်လဲခြင်း၊ ခြောက်လတစ်ကြိမ် ဆရာဝန်ဖြင့် သွားနှင့်ခံတွင်း ပုံမှန်စစ်ဆေးခြင်းက ကျန်းမာရေးအတွက် မှန်ကန်သောဘဝနေထိုင်မှု ပုံစံဖြစ်သည်။

လူအများစုက လေ့ကျင့်ခန်းလုပ်လေ့လုပ်ထ မရှိကြပေ။ ဆောင်းရာသီရောက်မှသာ လမ်းထလျှောက်သည့် လူနည်းစုရှိသည်။ လေ့ကျင့်ခန်း သို့မဟုတ် အားကစားတစ်ခုခုကို စွဲမြဲလိုက်စားခြင်းက ကိုယ်ခန္ဓာသန်းစွမ်းပြီး ကျန်းမာရေးကောင်းစေရုံသာမက ကြံ့ခိုင်သောစိတ်ဓာတ်ရရှိကာ လွယ်လွယ်ကူကူလက်မလျှော့တတ်ဘဲ စိတ်ဓာတ်ခွန်အားများ ရရှိလာသည်။ ထိုအခါ ဘဝအောင်မြင်မှုများစွာ ပိုင်ဆိုင်လာပါမည်။

**❖ လူ့ဘဝတွင် သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးနှင့် လျော်ညီသော ဘဝလူနေမှုပုံစံကိုဖန်တီးကြရန် အထူးလိုအပ်သည်။ ယနေ့ခေတ်တွင် မကူးစက်တတ်သောရောဂါများက ပို၍ဒုက္ခပေး လျက်ရှိသည်။ ၎င်းရောဂါများတွင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ များ ပါဝင်နေကြပြီး ကလေးများလည်း ဆီးချိုရောဂါဖြစ်လာကြ သည်။ ထိုရောဂါကြီးသုံးမျိုးက တစ်မျိုးနှင့်တစ်မျိုး ဆက်နွှယ် နေပြီး နောက်ဆက်တွဲအဖြစ် လေငန်းရောဂါ ဖြစ်လာနိုင်ခြေ ပိုများသည်။ ❖**

အားကစားလေ့ကျင့်နည်း အမျိုးမျိုးရှိရာ ၎င်းတို့အနက် လမ်းလျှောက်ခြင်းက အရွယ်သုံးပါးမရွေး၊ ရာသီဥတုမရွေးပြုလုပ်နိုင်ပြီး ငွေကုန်ကြေးကျမရှိ ကရိယာထမများသည့်ပြင် အလွယ်ကူဆုံးဖြစ်၍ မိမိတစ်ဦးတည်းဖြစ်စေ၊ မိသားစု၊ မိတ်ဆွေသူငယ်ချင်းများနှင့်ဖြစ်စေ လွတ်လပ်ပေါ့ပါးစွာလုပ်နိုင်သည်။ ထိုအခါ နှလုံးအားကောင်းခြင်း၊ သွေးတိုးနှင့်လေငန်းရောဂါမှကာကွယ်ခြင်း၊ ဆီးချိုရောဂါတားဆီးပေးခြင်း၊ ကြွက်သားများကျစ်လျစ်ခြင်း၊ ဦးနှောက်ကို ကောင်းကျိုးပြုခြင်း၊ အရိုးပွရောဂါမဖြစ်ခြင်း၊ ခန္ဓာကိုယ်အချိုးအစားပြေပြစ်ခြင်း၊ ဗီတာမင်ဒီရရှိခြင်း၊လန်းဆန်းပေါ့ပါးကာ စိတ်ဖိစီးမှုပြေပျောက်ခြင်း စသည့်ကောင်းကျိုးများစွာရနိုင်သည်။ ထို့ကြောင့် ကိုယ်ခန္ဓာသန်စွမ်းစေရန်၊ စိတ်နှလုံးရွှင်ပြုံးစေရန်၊ စိတ်ရောကိုယ်ပါကျန်းမာရန်အတွက် နံနက်စောစောထ၍ လမ်းလျှောက်ကြပါရန် တိုက်တွန်းနေရခြင်း ဖြစ်ပေသည်။

လေ့ကျင့်ခန်းလုပ်ပြီးနောက် ရေအေးနှင့် ရေချိုးခြင်းက ဇီဝပြောင်းလဲကာ ကယ်လိုရီအများအပြားလောင်ကျွမ်းသွားပြီး ကိုယ်အလေးချိန်ကျစေသည်။ ရေမချိုးခင် ရေတစ်ခွက်သောက်ပါ။ ရေချိုးရာတွင် ဦးစွာ ဒူးခေါင်းနှစ်ဖက်၏အထက်က ရေသုံးခွက်စီလောင်းပြီး ပေါင်ရင်း၊ ခါးအထက်ပိုင်း၊ ပခုံး စသည်ဖြင့် အောက်မှအပေါ်သို့ ဘယ်၊ ညာ ရေသုံးခွက်စီလောင်းပါ။ ပြီးမှ မျက်နှာသစ်ပါ။ အားကစားမလုပ်သူများ နံနက်အိပ်ရာထ ကိုယ်လက်တောင့်တင်းမှု ခံစားရပါက ရေနွေးဖြင့်ချိုးခြင်းက သွေးလည်ပတ်မှုကောင်းစေသည့်အပြင် ကြွက်သားနာကျင်မှုများကိုလည်း လျော့နည်းစေသည်။

မျက်စိကျန်းမာရေးအတွက်သာမက ဘက်ပေါင်းစုံကျန်းမာဖို့အတွက် မွန်းလွဲပိုင်းမှစ၍ ခေါင်းမလျှော်သင့်ပေ။ ရာသီဥတုမည်မျှပင် အေးပါစေ ရေနွေးနှင့် ခေါင်းမလျှော်ရ။ ခန္ဓာကိုယ်အပူရှိန်ထက် ပို၍ပူသောရေနွေးဖြင့် ခေါင်းလျှော်ခြင်းက ဆံသားခြောက်သွေ့၍ မာဆတ်ဆတ်ဖြစ်စေသည်။

မနက်စာကို ရှင်ဘုရင်လိုစားပါဟု သုတေသီများက မိန့်ဆိုထားသည်။ အဓိပ္ပာယ်မှာ နံနက်စာထဲတွင် ဗီတာမင်နှင့် သတ္တုဓာတ်များအစုံပါအောင် စားပေးရန်ဖြစ်သည်။ ပဲပြုတ်ဆီဆမ်း၊ ပဲပြုတ်ထမင်းကြော်၊ ပဲပြုတ်နံပြား၊ ထမင်းဟင်း၊ မုန့်ဟင်းခါးနှင့် နံနံပင်၊ ရှောက်ရည်၊ အုန်းနို့ခေါက်ဆွဲ၊ နို့စိမ်းခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲ၊ ဆန်စီး၊ မြီးရှေ၊ တို့ဟူးနွေး၊ အညိုရောင်ကွေကာအုပ်(အကြမ်း)၊ သဘော်သီးမှည့်တို့သည် ကျန်းမာရေးအတွက် အကောင်းဆုံးနံနက်စာများဖြစ်သည်။ နှလုံးအားနည်းသူများနှင့် လေနာရောဂါရှိသူများက နံနက်အိပ်ရာထထချင်း ကော်ဖီ၊ လက်ဖက်ရည်မသောက်သင့်ပေ။ နံနက်အိပ်ရာထပြီး နောက် တစ်နာရီခန့်အကြာသည် ကော်ဖီသောက်ရန် အသင့်တော်ဆုံးအချိန်ဖြစ်သည်။

မည်မျှပင် အလုပ်များပါစေ နေ့လယ်စာကို အချိန်မှန်စားပါ။ မြန်မာလူမျိုးတို့၏ အဓိက အစားအစာသည် ထမင်း(ဆန်)ဖြစ်သည်။ "ထမင်းအသက် ခုနစ်ရက်"ဟု ဆိုရိုးစကားရှိသည်။ ဟင်းနုနယ်၊ ကိုက်လန်၊ မုန်ညင်းစိမ်း၊ ကန်စွန်းရွက်၊ ပဲသီး၊ ပန်းငရုတ်ပွ၊ ဂေါ်ဖီထုပ် စသည့်စိမ်းရောင်ခြယ် ဟင်းသီးဟင်းရွက်များ၊ အရေခွံနွှာထားသော ကြက်သား၊ အဆီမပါသော အနီရောင်အသားများ၊ ပင်လယ်ငါးများ၊ ကြက်ဥ၊ ပဲစေ့အမျိုးမျိုးတို့သည် လူကိုခွန်အားဖြစ်စေသော အစားအစာများဖြစ်ကြသည်။

ညနေခင်း သရေစာအဖြစ် ဗာဒံစေ့၊ သစ်အယ်သီး၊ မြေပဲ၊ ကွာစေ့၊ ဖရုံစေ့၊ သစ်ကြားသီး၊ သီဟိုဠ်စေ့ စသည့် အခွံမာသီးအစေ့အဆန်များ၊ ပြောင်းဖူးပြုတ်၊ ကန်စွန်းဥပြုတ်၊ ပေါင်မုန့်ညို၊ ပန်းသီး၊ ငှက်ပျောသီး၊ သံပရာရည်၊ ဖရဲသီး၊ ဘယ်ရီသီး၊ ဒိန်ချဉ်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥပြုတ်စားခြင်းက အဆာလည်းပြေ အာဟာရလည်းဖြစ်စေသည်။

နံနက်ပိုင်းအချိန်ပေး၍ လေ့ကျင့်ခန်းမလုပ်နိုင်သူများအတွက် ညနေခင်းတွင် လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး စသည့် ကျန်းမာရေးလေ့ကျင့်ခန်းများ လုပ်သင့်သည်။ အလုပ်ထဲတွင် အထိုင်များသောသူများ အားလပ်ချိန်တွင် လှုပ်လှုပ်ရှားရှားပိုလုပ်ပါ။ မိမိတစ်နေ့တာ လုပ်ကိုင်သွားလာလှုပ်ရှားမှုတိုင်းကို လေ့ကျင့်ခန်းဆန်ဆန် သွက်သွက်လျှောက်ခြင်း၊ စက်လှေခါး၊ ဓာတ်လှေခါးမစီးဘဲ ရိုးရိုးလှေကားထစ်ကိုသာသုံးစွဲခြင်း၊ ဘတ်စကားမှတ်တိုင် သုံးမှတ်တိုင်ခန့် ကြိုတင်ဆင်း၍ လမ်းလျှောက်ခြင်း၊ သူတစ်ပါးကို နှုတ်ဖြင့်စေခိုင်းခြင်းထက် မိမိကိုယ်တိုင်လုပ်ခြင်း စသည်ဖြင့်ပြုမူပါ။

ညစာတွင် ဆီကြော်နှင့် ဟင်းအဆီအနှစ်များကို ရှောင်ပါ။ ချဉ်ဖတ်၊ ဟင်းရွက်စုံသုပ်၊ ကြက်သွန်နီများများပါသော အသုပ်ဟင်းလျာ၊ ခါးသောအသီးအရွက်နှင့် ငရုတ်ကောင်းပါသော ဟင်းခါးပူပူက ညစာအဖြစ်အထူးသင့်လျော်သည်။ ကိုယ်အလေးချိန် အထူးထိန်းလိုသူများ ညစာတွင် အသားလျှော့၍ အသီးအရွက်ပိုစားပါ။ ဆီနှင့်ထမင်းကိုလျှော့၍ အရည်ရွှမ်းသော သစ်သီးစားပါ။

"နံနက်သဘော်၊ ညငှက်ပျော"ဟု ဆိုရိုးစကားရှိသည်။ ထို့ကြောင့် ညအိပ်ရာဝင်ခါနီး ဖီးကြမ်းငှက်ပျောသီးမှည့်စားခြင်းက ရင်အေး၍ နှစ်ခြိုက်စွာ အိပ်ပျော်စေသည့်ပြင် အစာအိမ်နှင့်အူသိမ်၊ အူမများကို ကောင်းစွာအလုပ်လုပ်စေပြီး နံနက်အိပ်ရာထ ဝမ်းပုံမှန်သွားစေသည်။ နွားနို့ပူပူ၊ အနက်ရောင်ချောကလက်၊ စပျစ်သီး၊ သကြားမပါသော စပျစ်ခြောက်၊ ပန်းသီး၊ မက်မန်းသီး၊ ပျားရည်တို့ကလည်း ညအိပ်ရာဝင်ခါနီး အသင့်လျော်ဆုံး အစားအစာများဖြစ်သည်။ အာလူးကြော်၊ လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်များ၊ ရေခဲမုန့်၊ သကြားလုံး၊ အရက်နှင့် ယမကာများက အိပ်စက်ခြင်းကို အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် ၎င်းအစားအသောက်များကို ညအိပ်ရာဝင်ခါနီးအထူးရှောင်ရှားသင့်သည်။

အရေးကြီးဆုံးမှာ ဟင်းလျာများကို ကျန်းမာရေးနှင့်အညီ ပြင်ဆင်ချက်ပြုတ်သန့်ရှင်းရန်လိုသည်။ ထို့ပြင် စားသောက်ဖွယ်ရာများ မကိုင်တွယ်ခင် ဦးစွာလက်ကို ဆေးကြောပါ။ သားစိမ်း၊ ငါးစိမ်းများကို ဟင်းသီးဟင်းရွက်များနှင့် ရောနှောမထားပါနှင့်။ ကြက်ဥ၊ ဘဲဥများကိုလည်း သားစိမ်း၊ ငါးစိမ်းများနှင့် တူတူမထားသင့်ပေ။ အမှိုက်ပုံးထဲသို့ စားကြွင်းစားကျန်များစွန့်ပြီးတိုင်း အဖုံးကိုလုံအောင်ပြန်ဖုံးပါ။ အဖုံးမလုံပါက ကြွက်၊ ယင်ကောင်များ ရောက်လာနိုင်သည်။ သတ်မှတ်နေရာတွင် အမှိုက်ပစ်ပြီးတိုင်း အမှိုက်ပုံးကို ဆေးကြောပါ။

ထမင်းကြမ်းခဲကို ရေခဲသေတ္တာထဲ ထည့်သိမ်းပြီး ထပ်ခါထပ်ခါ ပြန်နွှေးစားခြင်းက အာဟာရ မဖြစ်စေသည့်အပြင် အခန့်မသင့်ပါက အစာချေဖျက်မှု အားနည်းသော ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အစာအဆိပ်သင့်စေသည်။ အသင့်စားအစားအစာများဖြစ်ကြသည့် ကိုရီးယားကင်၊ ထုံချိုင်းကင်၊ အသားလုံး(အသားကျိတ်ပြား) နှင့် ကြက်အူချောင်း၊ ဝက်အူချောင်း၊ ခေါက်ဆွဲခြောက်များက ကျန်းမာရေးနှင့် မညီညွတ်ပေ။ မှုစ်နီ၊ မှုစ်ဝါ၊ လက်ဖက်အစို၊ အနီရောင်ပုစွန်ချဉ်၊ ငရုတ်သီးမှုန့်၊ ပုစွန်ခြောက်၊ ငါးပိ၊ ပဲနီလေး၊ ပဲဝါလေး၊ ပဲပြားတို့တွင် အရောင်လှစေရန်နှင့် တာရှည်ခံဆေးများ သုံးထားသည်ကို သတိရှိပါ။ အချိုမှုန့်၊ အသားမှုန့်အစား သကြားအညို သို့မဟုတ် ထန်းလျက်ခဲသုံးပါ။ ဆား၊ ဆီလျှော့စားပါ။ ရှာလကာရည်သုံးတတ်သော အကျင့်ကောင်းကိုမွေးမြူပါ။ အစာကို ကျေညက်အောင် ဝါးစားပါ။ ထမင်းစားနေစဉ် ရေခဲရေ၊ သောက်ရေအေးမသောက်ဘဲ ဟင်းချိုပူပူ၊ ရေနွေးဖျော့၊ ရေနွေးကြမ်းဖြင့် ထမင်းလုပ် မနင်အောင် မျှောချပါ။ ထမင်းစားပြီး အနည်းဆုံး နာရီဝက်ကျော်ကြာမှသာ ရေသောက်ပါ။

အချုပ်ဆိုသော် ကျန်းမာခြင်းသည် ဝယ်ယူ၍ မရသောကြောင့် ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာနိုင်ရန် အထူးဂရုပြုရမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာသောဘဝများရရှိရေးအတွက် ဘဝနေထိုင်မှုပုံစံသည် အရေးကြီးပါကြောင်း ဤဆောင်းပါးဖြင့် ရေးသားအကြံပြုလိုက်ရပါသည်။

# မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ၇၄ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်



ယခင်နှစ်က ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ၇၄ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ၇၄ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို လာမည့် ဇန်နဝါရီ ၂၆ ရက်မှ ၃၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"စေတီတော်မြတ်ကြီးရဲ့ ဗုဒ္ဓပူဇနီယပွဲတော်ရက်အတွင်း အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မှာဖြစ်ပြီးတော့ ဇန်နဝါရီ ၂၇ ရက်ကနေ ၂၉ ရက်ထိ နံနက် ၇ နာရီတိုင်း ထမနဲထိုးပွဲတွေ ကျင်းပသွားမှာဖြစ်ပါတယ်။ ဇန်နဝါရီ ၃၁ ရက် နံနက် ၅ နာရီ မိနစ် ၃၀ မှာ မြတ်စွာဘုရားကို ရည်မှန်းပြီး ဆွမ်းတော်ကြီးကပ်လှူပူဇော်သွားမှာဖြစ်ပြီး နံနက် ၈ နာရီအချိန် စေတီတော်အတွင်းမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်တဲ့ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးတွေ အပါအဝင် ပင့်သံဃာ ၄၅ ပါးနဲ့ ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချမှာဖြစ်ပါတယ်။ နံနက် ၉ နာရီမှာ မြတ်စွာဘုရားရှင်နှင့် အဂ္ဂသာဝက အရှင်မြတ်ကြီးနှစ်ပါးတို့အား အမှူးထားပြီးတော့ ပင့်သံဃာ ၄၅ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဂေါပကအဖွဲ့ဝင် ဦးအောင်ကိုးက ပြောပြသည်။

ASH

# ပြန်လည်ခံစား နောင်နောင် (Sunflower) သီချင်းများ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ပြန်လည်ခံစား နောင်နောင် (Sunflower) သီချင်းများ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေသီဆိုမည့် တေးသံရှင် နေမင်းအိမ်ထံမှ သိရသည်။

အဆိုပါ ပြန်လည်ခံစား နောင်နောင် (Sunflower) သီချင်းများ တေးဂီတဖျော်ဖြေပွဲတွင် ထင်ရှားသည့် တေးသံရှင်များဖြစ်သည့် တေးသံရှင် ဇော်ဝင်းထွဋ်၊ နေမင်းအိမ်၊ အေးဒေး၊ ထွန်းအိန္ဒြာဗိုလ်၊ သီရိဂျေမောင်မောင်၊ ရတနာမိုင်၊ ဖြူဖြူဟန်တို့နှင့်အတူ တေးရေး နောင်နောင်(Sunflower) ၏ မျိုးဆက်သစ် တေးသံရှင်ဖြစ်သည့် မြတ်သဲနုနောင်နောင်ကလည်း ပါဝင်သီဆိုမည်ဖြစ်ကြောင်း သိရသည်။





"Judson Entertainment Bar မှာ တေးရေး နောင်နောင်(Sunflower) ရဲ့အောင်မြင်ထင်ရှားခဲ့တဲ့ သီချင်းတွေကို ဇန်နဝါရီ ၂၂ ရက်မှာ စီနီယာ တေးသံရှင်တွေနဲ့အတူ ပါဝင်သီဆိုဖို့ရှိပါတယ်။ တေးရေး နောင်နောင်(Sunflower)ရဲ့မွေးနေ့လဲဖြစ်တဲ့အတွက် ကျွန်တော်တို့နဲ့အတူ Birthday Show အနေနဲ့ ဖျော်ဖြေသွားကြမှာဖြစ်ပါတယ်။ နောင်နောင်(Sunflower) ရေးသားခဲ့ဖူးတဲ့ အောင်မြင်ဆဲသီချင်းတွေကို တဝကြီးနားသောတဆင်နိုင်ဖို့ ဖိတ်ခေါ်လိုက်ရပါတယ်"ဟု တေးသံရှင် နေမင်းအိမ်က ပြောပြသည်။

ပြန်လည်ခံစား နောင်နောင် (Sunflower) သီချင်းများ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ ဖျော်ဖြေမှုကို Emperor Band နှင့် Hi Bird Band တို့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ပန်းခင်းထဲက ပျိုးသောပန်း ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂၃ ရက်မှစတင်ကာ ရုံတင်ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ဂုဏ်ရောင်လင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ပန်းခင်းထဲက ပျိုးသောပန်း ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂၃ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်လေးထံမှ သိရသည်။

အဆိုပါ ပန်းခင်းထဲက ပျိုးသောပန်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သာထက်(လမင်းသာ)က ရေးသားထားပြီး မင်းတခေတ်နှင့် ခေတ်ပျိုဖြူတို့က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ သာထက်(လမင်းသာ)က ဂုဏ်ရောင်လင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းက မိဘမေတ္တာဘွဲ့ ဇာတ်လမ်းကောင်းလေးပါ။ စာသင်ခန်းဆိုတာ စာသင်ရုံတင်မကဘဲ ဘဝတွေကို ပြောင်းလဲပေးတဲ့နေရာပါ။ အခက်အခဲပေါင်းစုံကြားက ကလေးတွေကို လက်တွဲမဖြုတ်ဘဲ အောင်မြင်မှုလမ်းကြောင်းပေါ်တင်ပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေရဲ့ စေတနာအပြည့်နဲ့ သင်ကြားပေးလိုက်တဲ့ အသိပညာတွေနဲ့ ရှေ့ဆက်ရမဲ့မျိုးဆက်သစ်လေးတွေရဲ့ ဇာတ်လမ်းလဲဖြစ်ပါတယ်။ သားကို အဝေးတစ်နေရာပို့ပြီး ပညာသင်ခိုင်းမဲ့ မိခင်ရဲ့စေတနာ၊ အမေ့ကိုလုပ်ကျွေးချင်ပြီး အိမ်ကောင်းကောင်းလေး ဆောက်ပေးချင်တဲ့ သားရဲ့ရည်မှန်းချက်၊ မိသားစုမေတ္တာနဲ့ပညာရေးရဲ့တန်ဖိုးတွေ ဖော်ကျူးထားမှုကို ကြည့်ရှုရမဲ့ ဇာတ်ကားကောင်းလေးပါ"ဟု ဒါရိုက်တာ သာထက်(လမင်းသာ)က ပြောပြသည်။

ပန်းခင်းထဲက ပျိုးသောပန်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သူထူးစံ၊ အောင်လေး၊ သျှင်းမြတ်၊ ပိုင်စစ်မှူး၊ အိစိကွေး၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ခိုင်နှင်းဝေ၊ လင်းလက်ချို၊ မာဂရက်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Paramount ၏ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး မစ်ချဲဝီလျံ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇန်နဝါရီ ၁၈**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ ဒရာမာရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး မစ်ချဲဝီလျံ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရားဝင်ဇာတ်ကားနာမည် မကြေညာသေးသော အဆိုပါ ဇာတ်ကား၌ မစ်ချဲဝီလျံသည် မင်းသား စီလီယံမာဖီ၊ ဒန်နီယယ် ခရိတ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဒရာမာဇာတ်ကားကို ဒါရိုက်တာ ဒါမီယံချာဇဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား၏ ဇာတ်ညွှန်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

သို့ရာတွင် ၎င်းဇာတ်ကားသည် အကျဉ်းထောင်တစ်ခုကို နောက်ခံထားရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း Paramount ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Best Pancakes in the Country တွင် မင်းသားကြီး နီကိုလပ်ကေ့ ပါဝင်သရုပ်ဆောင်နေ

**နယူးယောက် ဇန်နဝါရီ ၁၈**

Best Pancakes in the Country အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားတွင် အော်စကာဆုရှင်မင်းသားကြီး နီကိုလပ်ကေ့ ပါဝင် သရုပ်ဆောင်နေကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Best Pancakes in th Country ဇာတ်ကားသည် မြို့ငယ်လေးတစ်မြို့၏ ညစာစားပွဲတစ်ခု၌ အကျင့်ပျက်ရဲအရာရှိများက တစ်ဖက်၊ လူလိမ်တစ်ဦးနှင့်စားပွဲထိုးအမျိုးသမီးတစ်ဦးတို့က တစ်ဖက် ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်စဉ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား နီကိုလပ်ကေ့နှင့်အတူ မင်းသား ဂျပ်စတင်လောင်းနှင့် မင်းသမီး ရှယ်လီဟန်းနင်းတို့လည်း ပါဝင်သရုပ်ဆောင်နေကြောင်း သိရသည်။

Best Pancakes in th Country ဇာတ်ကားကို ဒါရိုက်တာ ကင်ဆန်ဇဲက အာကင်းဆက်ပြည်နယ်၌ စတင်ရိုက်ကူးနေပြီဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing pays homage to Thatta Thattaha Maha Bawdi Pagoda and Abhayalabha Razamuni Buddha Image in Buddha Park and Mahamuni Buddha Image in Kengtung, Shan State (East)


Senior General Min Aung Hlaing makes cash donation at Mahamuni Buddha Image in Kengtung.


Senior General Min Aung Hlaing visits Pankwe Buddha Park in Kengtung.


Senior General Min Aung Hlaing views round the Buddha Museum.


Senior General Min Aung Hlaing beats the peace bell at Thatta Thattaha Maha Bawdi Pagoda.

**Nay Pyi Taw January 18**

Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing, accompanied by Presiding Patron of Thiladhamma Kontha Tawya Aggamaha Saddhammajotikadhaja Wasipaik Sayadaw Bhaddanta Kovida, Commission Secretary General Ye Win Oo and his entourages, the Shan State Chief Minister, the commander of Triangle Region Command and officials, this afternoon, visited Thatta Thattaha Maha Bawdi Pagoda and Abhaya Razamuni Buddha Image in the precinct of Buddha Park and Mahamuni Buddha Image, the magnificence of Kengtung in Shan State (East) and paid homage.

**Construction site of Lawkatharaphu Pagoda**

The Senior General and party arrived at the construction site for Lawkatharaphu Pagoda to be built in the Buddha Park, and inspected progress in undertaking land preparations, construction of the main pagoda, placing of the platform, construction of the encircled Cetis, and filling the gravels at the terraces.

The Senior General supplicated necessary measures for the pagoda construction to the Wasipaik Sayadaw and gave guidance to officials. The Senior General said that to prevent water seepage and erosion, it is necessary to systematically carry out proper water inflow, outflow, and drainage systems from the very start of construction works. In addition, construction must be carefully designed to ensure a certain level of resilience against weather impacts, natural disasters, and earthquake hazards. Trees should also be systematically replanted on the slopes within construction areas. Moreover, when laying sun-exposed tiles paving on the platforms, it is necessary to prepare proper designs in advance and carry out the work in an orderly and systematic manner.

The Senior General viewed round the construction site and gave necessary guidance.

The Senior General and party observed constrction of religious structures in the park, and four magnificent venues of the Lord Buddha as birthplace, enlightenment, preaching and attainment of Parinibbana and gave instructions to officials to systematically maintain the structres for long term existence.

**Thatta Thattaha Maha Bawdi Pagoda**

The Senior General and party paid homage to the Buddha Image at the Thatta Thattaha Maha Bawdi Pagoda in the precinct of the Buddha Park and offered water, flower and oil light. The Senior General and party donated cash to the fund of the pagoda for overall renovation to a member of the pagoda board of trustees.

The Senior General and party paid homage to the Buddha Image on the upper terrace and went round the pagoda clockwise.

The Senior General beat the peace bell.

The Senior General viewed operation of the Thiladhamma charity clinic in the park and construction of the Thihadhamma Hospital and left necessary instructions.

The Senior General and party visited the Thukha Hmatsu Flower Plantation in the park and the Buddha Museum.

**Abhaya Razamuni Buddha Image**

The Senior General and party offered flower, water and oil lights to Abhaya Razamuni Buddha Image and went it round clockwise. The Senior General and party also looked into the Buddhological episodes portrayed by marble stones in the cave of the Buddha Image.

The Senior General donated cash for overall renovation of the image to members of the Pagoda Board of Trustees.

*See Page 13*



*From Page 12*

**Magnificent Mahamuni Buddha Image in Kengtung**

In the evening, the Senior General and party paid homage to Mahamuni Buddha Image in Kengtung where they were welcomed by members of the Image Board of Trustees. The Senior General offered water, flowers and oil light to the Image and paid homage.

The Senior General then donated cash to the overall renovatio of the image to members of the Pagoda Board of Trustees.

The Senior General signed the guest book of the image.

The Senior General and party went to the 42nd Lahu traditional new year festival at the Shan State ground in Kengtung and viewed round sales of traditional foods, textiles, utensils and shops and cordially greeted vendors and people, and Lahu ethnic people and residents who enjoyed the festival. 100

**Senior General Min Aung Hlaing cordially greets vendors and ethnic people at 42nd Lahu traditional new year festival at the Shan State ground in Kengtung.**

# Merchants send large volume of featherback fish to Yangon market in December

**Labutta January 18**

Local merchants from Labutta Township of Ayeyawady Region dispatched a large volume of featherback fish to Yangon market within one month, said Daw Khin Htay, the owner of fishery product trading commodity in Labutta Township.

Fisheries traders in Labutta Township are systematically inspecting featherback fish before transporting and selling them to the Yangon market. In November 2025, only about 45,000 viss of featherback fish were exported and sold, while from 1 to 31 December 2025, exports increased to as much as 72,000 viss.

"Over the past month, shipments of featherback fish to the Yangon market have been strong. During that period, more than 72,000 viss of featherback fish were transported and sold. These are high-quality fish. Demand from the Yangon market remains strong even into March. As larger volumes of fish are being shipped, everyone involved in the fisheries sector is seeing improved conditions," said Daw Khin Htay.

Featherback fish from Labutta Township sold in the Yangon market are currently priced between K15,500 and K22,000 per viss. Due to increased shipments of fisheries products from the area to the Yangon market, fish-drying business owners, fishermen, and fish-drying workers are also reported to be benefiting.

Kyaw Kyaw Lin



Featherback fish are seen in a tray.

# Large volume of pomfret fish supplied to Yangon market in December

**Pyapon January 18**

Fishery entrepreneurs from Pyapon Township of Ayeyawady Region sell a large volume of pomfret fish to Yangon market in December, said Daw Htay Htay Oo, the owner of fishery product wholesale centre in Pyapon Township.

Pomfret shipments from Pyapon Township to the Yangon market totaled only about 50,000 viss during November, while exports increased to as much as 65,000 viss in December. The rise in shipments is attributed to stronger domestic market demand for pomfret.

"Shipments of pomfret to Yangon have been strong. Over the past month, more than 65,000 viss of pomfret were transported and sold. Demand from the Yangon side for pomfret supplied from this area has increased, which has boosted exports. Pomfret is entering local wholesale depots on a regular basis, and the fish supplied to these depots is fresh. As shipment volumes increase, those involved in the fisheries sector are seeing improved conditions. Fisheries products from this area are mainly transported and sold in Yangon. Overall, exporting goods to Yangon has been smooth and convenient," said Daw Htay Htay Oo.

Fisheries traders in Pyapon Township purchase pomfret and other locally produced fisheries products, systematically inspect and clean them, and mainly transport them for sale to the Yangon market. Pomfret from the area is currently selling at around K17,000 per viss.

Kyaw Kyaw Lin

# Vast protests against U.S. push on Greenland held in Denmark, Greenland

**Copenhagen January 18**

Vast protests against U.S. actions and remarks suggesting control over Greenland were held on Saturday in multiple cities across Denmark and Greenland.

In Copenhagen, Denmark's capital, a large crowd gathered at City Hall Square in central Copenhagen around 12 p.m. local time before marching toward the U.S. Embassy, about 2 km away. Protesters included people from both Denmark and Greenland, many of whom carried Danish and Greenlandic flags as they marched through the city.

In Nuuk, Greenland's capital, people began gathering from early afternoon, chanting "Greenland belongs to Greenlanders." The protest drew broad participation, including Greenland's Prime Minister Jens-Frederik Nielsen, who waved a Greenlandic flag as demonstrators chanted slogans and traditional Inuit songs under light rain. Many participants wore caps bearing the words "Make America Go Away."

Similar protests were held or planned in the Danish cities of Aarhus, Odense and Aalborg, as well as in the Greenlandic cities of Aasiaat, Qaqortoq and Ilulissat, according to Danish media.

Xinhua



People participate in a protest against U.S. plans on Greenland in Copenhagen, Denmark, Jan. 14, 2026.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် Leonardo DRS ကုမ္ပဏီက Axon Vision ကုမ္ပဏီထံမှ AI အခြေပြု ဒရုန်းရန်ကာကွယ်ရေးစနစ်များမှာယူ



အမေရိကန်နိုင်ငံ Leonardo DRS ကုမ္ပဏီသည် Axon Vision ကုမ္ပဏီထံမှ အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ တန်ဖိုးရှိ AI အခြေပြု ဒရုန်းရန်ကာကွယ်ရေး စနစ်များကို မှာယူခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤမှာယူမှုတွင် ဝေဟင်ခြိမ်းခြောက်မှုများကို ထောက်လှမ်းခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ ခြေရာခံခြင်းနှင့်ကြားဖြတ်ဟန့်တားခြင်းတို့ကို လုပ်ဆောင်နိုင်သော AI အခြေပြု စနစ်များပါဝင်သည်။

ဤမှာယူမှု၏ အဓိကအချက်မှာ Axon Vision ကုမ္ပဏီထုတ် ဒရုန်းရန်ကာကွယ်ရေးစနစ်သစ်ဖြစ်ပြီး ၎င်းသည် အရှိန်နှုန်းမြင့်မားစွာ ဝင်ရောက်လာနိုင်သော ခြိမ်းခြောက်မှုများကို တစ်စက္ကန့်မပြည့်မီအတွင်း ခွဲခြားသိမြင်ကာ တုံ့ပြန်နိုင်စွမ်းရှိကြောင်း သိရသည်။

အဆိုပါစနစ်သည် အာရုံခံသိမြင်မှု၊ ကိုယ်ပိုင်ထိန်းချုပ်မှုနှင့် ခြိမ်းခြောက်မှုအမျိုးအစားခွဲခြားခြင်းတို့ကို တစ်စုတစ်စည်းတည်း ပေါင်းစပ်ထားသည်။ ၎င်းစနစ်ကို လူပါဝင်မောင်းနှင်သည့် မြေပြင်သွားယာဉ်များ၊ အလိုအလျောက်မောင်းနှင်သည့် မြေပြင်သွားယာဉ်များနှင့် ရေကြောင်းဆိုင်ရာ လုပ်ငန်းများတွင်ပါ လျင်မြန်စွာ ပေါင်းစပ်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Leonardo DRS ကုမ္ပဏီအနေဖြင့် ဤနည်းပညာကို ၎င်းတို့၏ ကျယ်ပြန့်သော အာရုံခံစနစ်နှင့် စစ်ဆင်ရေးဆိုင်ရာ စနစ်များတွင် ပေါင်းစပ်ထည့်သွင်းသွားမည်ဖြစ်သည်။ ဤစနစ်များကို အမေရိကန်စစ်ဘက်က ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုမီလုပ်ဆောင်လေ့ရှိသည့် စစ်ဆင်ရေးဆိုင်ရာ စမ်းသပ်မှုများနှင့် လက်တွေ့လေ့ကျင့်မှုများအတွင်း ထည့်သွင်းသွားမည်ဟု ကုမ္ပဏီနှစ်ခုလုံးကထုတ်ပြန်ခဲ့သည်။ ထိုသို့ စမ်းသပ်စစ်ဆေးရာတွင် ဒရုန်းရန်ကာကွယ်ရေးနှင့် လှုပ်ရှားတပ်ဖွဲ့များ ဘေးကင်းလုံခြုံရေးတို့အပေါ် အဓိကထားမည်ဖြစ်ပြီး မတူညီသော စစ်ဆင်ရေးနယ်ပယ်များတွင် ဤစနစ်၏ လိုက်လျောညီထွေရှိမှု၊ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် အသင့်ဖြစ်မှုတို့ကို သက်သေပြရန် ရည်ရွယ်ထားသည်။

Axon Vision ကုမ္ပဏီထံမှ မှာယူမှုသည် အမေရိကန်စစ်ဘက်နှင့် စစ်လက်နက်ပစ္စည်းကန်ထရိုက်တာများအနေဖြင့် ဒရုန်းနှင့် ဒရုန်းရန်ကာကွယ်ရေး လုပ်ငန်းစဉ်များတွင် AI နည်းပညာကို ပိုမို ထည့်သွင်းအသုံးပြုလာကြသည့် အခြေအနေကို ထင်ဟပ်နေသည်။

Northrop Grumman ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်တွင် AI အခြေပြုကိုယ်ပိုင်ထိန်းချုပ်မှုစနစ်များကို အလေးပေးလုပ်ဆောင်လာသကဲ့သို့ RTX ကုမ္ပဏီသည်လည်း ခြိမ်းခြောက်မှုများကို ပိုမိုမြန်ဆန်စွာ ခွဲခြားသတ်မှတ်ပြီး တိုက်ခိုက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် AI သုံး ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးစနစ်များတွင် ရင်းနှီးမြှုပ်နှံလုပ်ဆောင်နေကြပြီဖြစ်ကြောင်း သိရသည်။

**Leonardo DRS Orders AI Counter-Drone Systems From Axon Vision ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက ဒရုန်းနှင့် ဒုံးကျည်များကို အလွှာခြောက်လွှာသွား လေကြောင်းရန်ကာကွယ်ရေးကွန်ရက်အသုံးပြု၍ ကြားဖြတ်ဟန့်တားလျက်ရှိ



အစ္စရေးနိုင်ငံသည် Iron Dome၊ David's Sling၊ Arrow 2၊ Arrow 3၊ C-Dome နှင့် လေဆာနည်းပညာသုံး Iron Beam ဟူသည့် အလွှာခြောက်လွှာသွား လေကြောင်းရန် ကာကွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဒရုန်းနှင့် ဒုံးကျည်များကို ကြားဖြတ်ဟန့်တားလျက်ရှိကြောင်း wionews သတင်းဌာနက ဇန်နဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Iron Dome သည် အစ္စရေး၏ လူသိအများဆုံး ကာကွယ်ရေးအလွှာဖြစ်ပြီး လူနေထူထပ်သောဒေသများသို့ ဦးတည်လာသည့် တာတိုပစ်ဒုံးကျည်များနှင့် အမြောက်ကျည်များကို ကြားဖြတ်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ရန်သူ့လက်နက်များကို ထောက်လှမ်းရန် ရေဒါကိုအသုံးပြုပြီး အဆိုပါ လက်နက်စနစ်သည် အမှန်တကယ်အန္တရာယ်ရှိသော လမ်းကြောင်းပေါ်တွင် ရှိနေမှသာ Tamir ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များကို ပစ်လွှတ်ခြင်းဖြစ်သည်။ ၎င်းသည် ပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးနိုင်မှုနှုန်းမှာ ၉၀ ရာခိုင်နှုန်းကျော် အောင်မြင်မှုနှုန်းပိုင်ဆိုင်ထားသည်။

David’s Sling သည် တာတိုနှင့် တာဝေးပစ် လက်နက်စနစ်နှစ်ခုကြားရှိ လစ်ဟင်းမှုကို ဖြည့်ဆည်းပေးသည့် တာလတ်ပစ်စနစ်ဖြစ်သည်။ ရန်သူ့တိုက်လေယာဉ်များ၊ ဒရုန်းများနှင့် နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ် တိုက်ခိုက်နိုင်စွမ်းရှိသည်။ ၎င်းသည် Stunner ဒုံးကျည်ကို အသုံးပြု၍ ပစ်မှတ်ကို ပြင်းထန်သော အရှေ့စွမ်းအင်ဖြင့် တိုက်ရိုက်တိုက်ခိုက်ချေမှုန်းခြင်းဖြစ်ပြီး အစ္စရေးတပ်မတော်လက်နက်တိုက်ရှိ အမေရိကန်ထုတ် Patriot ဒုံးကျည်ဟောင်းများနေရာတွင် အစားထိုးရန် ရည်ရွယ်ထားသည်။

Arrow 2 လက်နက်စနစ်သည် တာဝေးပစ်ပဲ့ထိန်းဒုံးကျည် ကာကွယ်ရေးကွန်ရက်၏ အောက်ဘက်အလွှာအဖြစ် တာဝန်ယူထားပြီး လေထု၏ အပေါ်ယံအလွှာတွင် စစ်ဆင်ရေး တာဝန်ထမ်းဆောင်ပေးနေသည့်စနစ်ဖြစ်သည်။ Arrow 2 သည် သာမန်ထိပ်ဖူး သို့မဟုတ် အဖျက်စွမ်းအားပြင်းထိပ်ဖူးများ တပ်ဆင်လာသော ရန်သူ့ဒုံးကျည်များကို ပစ်မှတ်သို့ မရောက်ရှိမီ ကြိုတင်ထောက်လှမ်းဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

Arrow 3 လက်နက်စနစ်သည် အစ္စရေးကာကွယ်ရေးကွန်ရက်၏ အမြင့်ဆုံးအလွှာဖြစ်ပြီး ပဲ့ထိန်းဒုံးကျည်များ ကမ္ဘာ့လေထုအပြင်ဘက် အာကာသထဲတွင် ရှိနေစဉ်မှာပင် ကြားဖြတ်တိုက်ခိုက်နိုင်သည်။ ဤလက်နက်စနစ်သည် အသံထက်အဆပေါင်းများစွာ မြန်သောအရှိန်ဖြင့် ပျံသန်းကာ အစ္စရေးမြေနှင့် ဝေးကွာသော နေရာတွင်ပင် ရန်သူ့ခြိမ်းခြောက်မှုကို ဖျက်ဆီးနိုင်ခြင်းကြောင့် နျူကလီးယား သို့မဟုတ် ဓာတုလက်နက်များ၏ ဘေးထွက်ဆိုးကျိုးများ လေထုထဲသို့မရောက်ရှိစေရန် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

C-Dome လက်နက်စနစ်သည် Iron Dome ၏ ရေတပ်သုံးဗားရှင်းဖြစ်ပြီး အစ္စရေး၏ ပင်လယ်ပြင်ပိုင်ဆိုင်မှုများကို ကာကွယ်ရန် Sa’ar 6 အမျိုးအစား စစ်သင်္ဘောများပေါ်တွင် တပ်ဆင်ထားသည်။ ၎င်းသည် ကုန်းပေါ်ရှိစနစ်ကဲ့သို့ပင် Tamir ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များကို အသုံးပြု၍ သင်္ဘောများ သို့မဟုတ် ပင်လယ်ပြင်ရှိ ဓာတ်ငွေ့တွင်းများကို ဦးတည်လာသည့် ဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများကို တန်ပြန်တိုက်ခိုက်နိုင်မည်ဖြစ်သည်။

Iron Beam လက်နက်စနစ်သည် စွမ်းအင်မြင့်လေဆာကိုအသုံးပြု၍ တာတိုပစ်ဒုံးကျည်များ၊ မော်တာကျည်များနှင့် ဒရုန်းများကို ဖျက်ဆီးသည့် တိုက်ရိုက်စွမ်းအင်သုံးလက်နက်ဖြစ်သည်။ ၎င်းကို Iron Dome ၏ အားဖြည့်စနစ်အဖြစ် ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် စတင်အသုံးပြုခဲ့ပြီး အကွာအဝေးနီးကပ်သော ခြိမ်းခြောက်မှုများကို အကုန်အကျ အလွန်သက်သာစွာဖြင့် အကန့်အသတ်မရှိ ပစ်ခတ်နိုင်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဤအလွှာခြောက်လွှာသွား လေကြောင်းရန် ကာကွယ်ရေးကွန်ရက်သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားသဖြင့် အလွှာတစ်ခုကို ကျော်ဖြတ်လာသော ခြိမ်းခြောက်မှုကို နောက်အလွှာတစ်ခုက အလိုအလျောက် တာဝန်ယူဖျက်ဆီးသည့် စနစ်မျိုးဖြစ်ကြောင်း သိရသည်။

**'6 layers of defence': How Israel can block drones and cruise missiles coming towards it ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၃၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ၂၉၃၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် နေကြာ ၃၀၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၃၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့်ရောင်းချနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ မုန်လာဥဖြူများထွက်ရှိပြီး ဇန်နဝါရီလ ဒုတိယပတ်မှ စတင်၍ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် မုန်လာဥဖြူများတစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကျုံပျော်မြို့နယ်ကနေ မုန်လာဥဖြူတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥဖြူ



တွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေ အပါအဝင် ကုန်စိမ်းအစုံကို အခြားဒေသတွေက ဝယ်ယူအားကောင်းနေပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေပဲ အရောင်းအဝယ်လုပ်ရတော့ အစစအရာရာ အဆင်ပြေပါတယ်" ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ် ကောင်းနေသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါ မုန်လာဥဖြူ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဒိုက်ဦးမြို့နယ် တောင်သလဲမြောင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သလဲမြောင်ကျေးရွာအုပ်စု တောင်သလဲမြောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီး လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်ထားသည့် ကျေးရွာတွင်း ကွန်ကရစ်ဘီး လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စွာ အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းသွားရန် မှာကြားခဲ့သည်။

အဆိုပါ တောင်သလဲမြောင်ကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ပေ ၆၉၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၆၅ သိန်းကို အသုံးပြုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**




# သာပေါင်းမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**သာပေါင်း ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်စရစ်ကုန်းကျေးရွာ၌ ပဥ္စမအကြိမ်မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။


ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောက်စရစ်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၅၈ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပဥ္စမအကြိမ်အဖြစ် ကျောက်စရစ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၁၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၉၇ ဒသမ ၅ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ၂ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ၃၆ ဒသမ ၅ သိန်း၊ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၅၈ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

ရှေ့ဖုံးမှအဆက်

သွားရောက်ဖူးမြော် ကြည်ညိုသည်။

## လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူစေတီတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး မြေကြီးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ပင်မစေတီတော်တည်ဆောက်ခြင်း၊ ရင်ပြင်ကြမ်းခင်းခြင်း၊ အရံစေတီများတည်ဆောက်ခြင်း၊ ပစ္စယံများကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဝစီပိတ်ဆရာတော်ကြီး၏မိန့်ကြားမှုများအပေါ် လိုအပ်သည်များတင်ပြလျှောက်ထားကာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုတင်ပြချက်များအပေါ် ရေယိုစိမ့်ခြင်း၊ ရေတိုက်စားခြင်းများ မဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကတည်းကပင် ရေဝင်၊ရေထွက်နှင့်ရေထုတ်စနစ်များစနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေး၊ ငလျင်ဘေးအန္တရာယ်များ အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်စံနှုန်းရှိစေရေးအတွက်လည်း တွက်ချက်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းဧရိယာ တောင်စောင်းများပေါ်၌ သစ်ပင်များကိုလည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန် လိုကြောင်း၊ ရင်ပြင်တော်ပေါ်၌ နေပူခံကျောက်ပြားများ ခင်းကျင်းရာ၌လည်း ဒီဇိုင်းရေးဆွဲပြီးမှသာ စနစ်တကျဖြင့် ခင်းကျင်းသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်ကြီး တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ထားရှိမှုနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ဖြစ်တော်စဉ် ဖွားပွင့်ဟောစံသံဝေဇနိယလေးဌာနတို့ကိုလှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဗုဒ္ဓမြတ်စွာဘုရား၏ဖြစ်တော်စဉ် ဖွားပွင့် ဟောစံ သံဝေဇနိယ လေးဌာနတို့အား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

## သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ သောက်တော်ရေချမ်းနှင့် ပန်းမန်၊ ဆီမီးတို့ကို ကပ်လှူပူဇော်ကြသည်။ ၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံထိန်းသိမ်းဆောင်ရွက်ရန်အတွက် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးကို လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်မြတ်ကြီးရှိ ငြိမ်းချမ်းရေးခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဗုဒ္ဓဥယျာဉ်တော် သီလဓမ္မကုသိုလ်ဖြစ်ဆေးခန်း ဆောင်ရွက်ထားရှိမှုနှင့် သီလဓမ္မဆေးရုံတော်တည်ဆောက်ထားရှိမှု အခြေအနေများကိုကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သုခမှတ်စုပန်းခြင်း နေရာနှင့် ဗုဒ္ဓဥယျာဉ်ပြတိုက်တို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

## အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းနှင့်ဆီမီးများ




အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပန်း၊ ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီး ဘက်စုံအလှူတော် ငွေများကို ပေးအပ်ရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူစဉ်။

ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကာ လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်လိုဏ်အတွင်း စကျင်ကျောက်များဖြင့် ထုဆစ်ပူဇော်ထားရှိသည့် ဗုဒ္ဓဝင်များကို လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်ရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

## ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအား သောက်တော်ရေချမ်းနှင့် ပန်းမန်၊ဆီမီးတို့ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘုရားကြီးအတွက်ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဘုရားကြီးဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ပြည်နယ်ကွင်းတွင် ကျင်းပပြုလုပ်သည့် ၄၂ ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာစုပေါင်းနှစ်သစ်ကူးပွဲတော်သို့သွားရောက်၍ ဒေသရိုးရာအစားအသောက်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများ၊ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် လားဟူတိုင်းရင်းသားများ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။(ဗဝ၁)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၄၂ ကြိမ်မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာစုပေါင်း နှစ်သစ်ကူးပွဲတော်၌ ဒေသရိုးရာအစားအသောက်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစဉ်။

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁၇ / ၂၀၂၆)**
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၁ ) | ဦးရားဝမ်ဂျို | ၁/ပတအ(နိုင်)၀၁၇၃၅၄ | မချမ်းဘော့မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) | ဒေါ်မိုးသီတာသိန်း | ၁/မကန(နိုင်)၀၁၈၁၇၅ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကချင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| ( ၃ ) | ဦးချန်းဂျောင်ဆားရ် | ၁/ပတအ(နိုင်)၀၁၆၇၇၇ | ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးရဲရင့်ဆွေ | ၉/စကန(နိုင်)၀၆၃၀၁၅ | တနိုင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၅ ) | ဦးခေါ်ဆာ | ၁/ဝမန(နိုင်)၀၀၄၃၈၃ | ပူတာအိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) | ဦးကွမ်ငါးနော်အောင် | ၁/မခဘ(နိုင်)၀၀၁၃၆၁ | ချီဖွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၇ ) | ဦးနီးဆာ | ၁/မကန(နိုင်)၁၅၆၅၀၀ | ဆွမ်ပရာဘွမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| ( ၈ ) | ဦးလဟန်ဇော်ခေါင် | ၁/ဝမန(နိုင်)၀၀၁၉၅၉ | ဆော့လော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ |
| ( ၉ ) | ဦးဂျေဇာဒီး | ၁/ခဘဒ(နိုင်)၀၀၄၆၇၆ | ခေါင်လန်ဖူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၀) | ဦးဆမ်ဘုံဆင် | ၁/ပတအ(နိုင်)၀၂၇၈၅၃ | နောင်မွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကချင်ပြည်နယ် ပြည်သူ့ပါတီ |
| (၁၁) | ဦးငွါးခီဆာ | ၁/ပတအ(နိုင်)၀၄၂၂၃၆ | မချမ်းဘော့မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| **ကယားပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဦးစိုးရယ် | ၂/ဒမဆ(နိုင်)၀၁၃၉၃၁ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးဂျိုးဇက်ကျော် | ၂/ဖရဆ(နိုင်)၀၀၁၁၅၃ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၁၄) | ဦးအုံ့မော် | ၇/ပမန(နိုင်)၁၁၅၇၈၂ | လွိုင်ကော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးပိုးရယ်အောင်သိန်း | ၂/လကန(နိုင်)၀၀၉၁၇၅ | ဒီးမော့ဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးရဲဝင်း | ၂/ရတန(နိုင်)၀၀၀၂၃၂ | ဖရူဆိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်နှင်းနှင်းရီ | ၂/လကန(နိုင်)၀၆၆၂၆၁ | ဖားဆောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးဇော်မင်းဦး | ၂/လကန(နိုင်)၀၅၃၇၄၈ | မယ်စဲ့မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၁၉) | ဦးစောဒီးဒီ | ၂/လကန(နိုင်)၀၀၉၉၁၅ | ဘောလခဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ကယားပြည်နယ် ပြည်သူ့ပါတီ |
| (၂၀) | ဦးစိုးညွန့် | ၂/ဘလခ(နိုင်)၀၀၀၄၁၉ | ရှားတောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၁) | ဦးထွန်းထွန်း | ၅/ကလဝ(နိုင်)၀၃၀၇၆၄ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးဆန်းဝင်း | ၅/မကန(နိုင်)၀၀၄၉၈၃ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးတင်မင်းထွဋ် | ၅/ဖပန(နိုင်)၀၄၃၉၃၀ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးမြင့်တင် | ၅/ကလန(နိုင်)၀၄၀၄၄၈ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| (၂၅) | ဦးလှထွန်း | ၅/လရန(နိုင်)၀၀၀၄၁၃ | နန်းယွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးထန်ငူ | ၅/လဟန(နိုင်)၀၁၉၆၆၆ | လဟယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးရှုမောင် | ၅/ခတန(နိုင်)၀၁၄၇၄၆ | လေရှီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၂၈) | ဦးမင်းဇော် | ၅/မလန(နိုင်)၀၀၀၀၃၃ | ကလေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးအောင်ဇော်ဝင်း | ၅/ဟမလ(နိုင်)၀၃၇၆၇၃ | ဟုမ္မလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးတင်မောင်မြင့် | ၅/ကလဝ(နိုင်)၀၀၄၀၉၂ | ဖောင်းပြင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးမော်လိပ် | ၅/လဟန(နိုင်)၀၁၂၀၄၃ | တမူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၂) | ဦးအောင်နိုင်သူ | ၅/လရန(နိုင်)၀၀၄၈၄၃ | ခန္တီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | နာဂအမျိုးသားပါတီ |
| (၃၃) | ဦးမြင့်ကျော် | ၅/ကလဝ(နိုင်)၀၀၂၅၂၉ | မင်းကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၄) | စိုင်းအောင်ခမ်း | ၅/ဟမလ(နိုင်)၀၄၀၈၀၀ | မော်လိုက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဦးရဲနောင် | ၁/ကမန(နိုင်)၀၄၄၀၀၅ | ကလေးဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနီ(တိုင်းလျှန်)သွေးစည်း ညီညွတ်ရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၃)** | | | | |
| (၃၆) | ဦးမျိုးသန့် | ၅/ကသန(နိုင်)၀၁၀၈၂၁ | ကန့်ဘလူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးကျော်လွင်ဦး | ၅/အတန(နိုင်)၀၀၀၀၅၈ | ကသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးကျော်သူ | ၅/ကသန(နိုင်)၀၀၂၇၁၅ | ကောလင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဒေါ်ခင်ဝင်းကြည် | ၅/ဗမန(နိုင်)၀၀၀၀၉၅ | ထီးချိုင့်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးကျော်စိုး | ၅/ကသန(နိုင်)၀၁၀၆၅၀ | ဗန်းမောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးမင်းအောင် | ၅/ထခန(နိုင်)၀၅၁၄၃၂ | ပင်လည်ဘူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၁၉ သို့

# ၆ ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ဇန်နဝါရီ ၁၅ ရက်၊ ၁၆ ရက်တို့တွင် ကျင်းပခဲ့သည့် ၆ ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများ (6th ASEAN Digital Ministers' Meeting – 6th ADGMIN and Related Meetings with Dialogue Partners) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။



၆ ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို Melia Hanoi Hotel ၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Pham Minh Chinh က တက်ရောက်အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

၆ ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို "Adaptive ASEAN– From Connectivity to Connected Intelligence" ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးတွင် အာဆီယံဒေသအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဘေးကင်းလုံခြုံမှု၊ ကျင့်ဝတ်ရှိမှုနှင့် အားလုံးပါဝင်သော AI အသုံးပြုမှုကို မြှင့်တင်၍ သမားရိုးကျဆက်သွယ်ပေါင်းစည်းမှု ကဏ္ဍများတွင် ဉာဏ်ရည်တုစနစ်များကို အခြေခံ၍ ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှုများနှင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး၏ ခေါင်းစဉ်သည် ASEAN ၏ ဆက်သွယ်မှုကွန်ရက်များကို ဉာဏ်ရည်တုစနစ်များဖြင့် အားဖြည့်ထားပြီး ယုံကြည်စိတ်ချမှု အပြည့်ရှိကာ ပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သည့် ဆက်သွယ်ပေါင်းစည်းမှုပုံစံ တစ်ခုအသွင်သို့ ပြောင်းလဲတက်လှမ်းတည်ဆောက်ရန်ဟူသည့် ASEAN ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းပြီး AI ကို ဘေးကင်းလုံခြုံ၍ ကျင့်ဝတ်ရှိသည့်ပုံစံဖြင့် အသုံးပြုနိုင်ရေးအတွက် ခိုင်မာပြီး သင့်တော်သည့် စီမံအုပ်ချုပ်မှုစနစ်ရှိရန် ဆောင်ရွက်နေခြင်း၊ လုံခြုံမှုရှိသည့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော်ဒေတာစီးဆင်းမှု (trusted cross-border data flow) ကို အားပေးခြင်းနှင့် ပြည်သူ့ဗဟိုပြု Digital Government စနစ် ဖြစ်ထွန်းစေရေး ဆောင်ရွက်ခြင်းတို့ကို ထောက်ခံပါကြောင်း၊ ASEAN ဒေသတွင်း AI အုပ်ချုပ်မှုကို ပူးပေါင်းဖော်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်မှုကွာဟသည့် အခြေအနေကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအလိုက် လွတ်လပ်စွာ အကောင်အထည်ဖော်နိုင်စေရေး ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း၊ ASEAN Digital Masterplan 2030 ပါ အာဆီယံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို အဓိကအားဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းများပြန်လည်သုံးသပ်ခြင်း၊ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းများ အတည်ပြုခြင်း၊ စီမံကိန်းများအတွက် ဘဏ္ဍာငွေအတည်ပြုခြင်း၊ Online Scam တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေးမြှင့်တင်ရေး၊ AI ဖွံ့ဖြိုးတိုးတက်မှု စနစ်တကျဖြစ်စေရေး စသည့်အကြောင်းအရာများတွင် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးအတည်ပြုကြသည်။

၆ ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် အာဆီယံဒစ်ဂျစ်တယ်မဟာဗျူဟာ ၂၀၃၀ အတည်ပြု ထုတ်ပြန်သည့် အခမ်းအနားအပြီးတွင် ပိတ်သိမ်းခဲ့သည်။ အစည်းအဝေးတွင် ဟနွိုင်းဒစ်ဂျစ်တယ်ကြေညာချက် (Hanoi Digital Declaration)ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက် ညပိုင်းတွင် Melia Hanoi Hotel တွင် ဗီယက်နမ်နိုင်ငံအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ASEAN Digital Awards 2026 ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ ASEAN Digital Awards 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ မန္တလေးမြို့ Tem Europa အဖွဲ့က Digital Startup ကဏ္ဍအောက်မှ Green Globe: Waste Management for a Better World! ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် 2026 China–ASEAN Digital Ecosystem Cooperation Networking Event သို့ တရုတ်နိုင်ငံ China Academy of Information and Communications Technology ဌာန၏ ဖိတ်ကြားမှုဖြင့် တက်ရောက်ပြီး Keynote Speech ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်စနစ်များသည် ပိုမိုယုံကြည် စိတ်ချရလာပြီး ပိုမို၍ ပြည်သူဗဟိုပြုဖြစ်လာပါကြောင်း၊ သို့သော် ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ချိတ်ဆက်မှု (Connectivity) တစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ နောက်တစ်ဆင့်မှာ Intelligence၊ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်မှု (Adaptability) နှင့် ဆန်းသစ်တီထွင်မှု (Innovation) တို့ လိုအပ်လာပါကြောင်း၊ နည်းပညာအသစ်များ တိုးတက်ပေါ်ထွန်းလာမှုနှင့်အတူ မိမိတို့လည်း တိုးတက်လာရန်လိုပါကြောင်း၊ စိန်ခေါ်မှု ပိုမိုများလာခြင်းနှင့်အမျှ ပိုမိုစည်းလုံးစွာဖြင့် တုံ့ပြန်ကြရန် လိုလာပါကြောင်း၊နည်းပညာပိုင်း မြှင့်တင်ရန်သာမက ဒေသတွင်း ပြည်သူများအားလုံး၏အနာဂတ်အတွက် အခွင့်အလမ်းကောင်းများ မြှင့်တင်ပေးနိုင်ရန် အတွက်ပါ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးသည်။

၆ ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်တို့မှ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ ဝန်ကြီးအဆင့်ရှိသူများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လျှောက်ထားမှုကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကန့်ကွက်ခြင်း မပြုတော့ဘဲ အာဆီယံတူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၉-၁၀-၂၀၂၅ ရက်တွင် ထိုစဉ်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ အသိပေးခဲ့သည်။

တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ အခြေခံမူများနှင့်အညီ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် အပြုအမူများ ဆောင်ရွက်မည်မဟုတ်ကြောင်း အကြိမ်ကြိမ်ကတိပြုခဲ့သော်လည်း မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရကို တီမောလက်စ်တေ၏ Public Prosecutor's Office တွင် တရားစွဲဆိုတိုင်ကြားမည့် ချင်းလူ့အခွင့်အရေးအဖွဲ့ကို တီမောလက်စ်တေ သမ္မတက လက်ခံတွေ့ဆုံ၍ အားပေးအားမြှောက်ပြုခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်သည်။

မြန်မာအစိုးရသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် တီမောလက်စ်တေနိုင်ငံ၏ အဆိုပါထိတွေ့ဆက်ဆံမှု၏ အကြောင်းအရာ၊ သဘောသဘာဝနှင့် အကျိုးဆက်များအပေါ် ကန့်ကွက်ပြီး တရားဝင်ဆန့်ကျင်ကြောင်း မှတ်တမ်းတင်သည်။ သတင်းမှားများဖြန့်ဝေပြီး မတည်ငြိမ်မှုများကို လှုံ့ဆော်ရန်ကြိုးပမ်းကာ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကို ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေရန်ဆောင်ရွက်နေသည့် အစိုးရဆန့်ကျင်ရေးအဖွဲ့များနှင့် တီမောလက်စ်တေအစိုးရက တရားဝင်ထိတွေ့ဆက်ဆံခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရန်နှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မှရှောင်ကြဉ်ရန်ပြဋ္ဌာန်းထားသည့် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံကို ၁၆-၁-၂၀၂၆ ရက်တွင် နေပြည်တော်သို့ဆင့်ခေါ်၍ တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို ချိုးဖောက်၍ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအပေါ် ကန့်ကွက်ရှုတ်ချကြောင်းနှင့် ဖြေရှင်းပြန်ကြားပေးရန် တောင်းဆိုကြောင်းဖော်ပြသည့် သတိထောက်လွှာအား ပေးအပ်ခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်**

---

**စာမျက်နှာ ၁၈ မှအဆက်**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၄၂) | ဦးသက်လွင် | ၅/ကသန(နိုင်)၀၅၇၅၃၆ | အင်းတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၄၃) | ဒေါ်မာမာဝင်း | ၅/ကသန(နိုင်)၀၇၉၄၆၆ | ကျွန်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၄၄) | ဦးအောင်ဇော်မင်း | ၅/ကသန(နိုင်)၀၆၈၂၃၈ | ဝန်းသိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ( အပိုင်း ၂ )
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မချမ်းဘော | | | ၃၄၅၈ | ၄၄၇ | ၃၉၀၅ | |
| | | ဦးရားဝမ်ဂျူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၂၂ | ၃၇၅ | ၁၈၉၇ | ၄၈.၅၈% |
| | | ဦးဆန်နိုင်ဖေရမ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၃၀၂ | ၄၃ | ၁၃၄၅ | ၃၄.၄၄% |
| | | ဦးငွါးအားဖူ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၈၃ | ၁၉ | ၅၀၂ | ၁၂.၈၆% |
| | | ဦးဂျေယိုမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၁ | ၁၀ | ၁၆၁ | ၄.၁၂% |
| ၂ | ဝိုင်းမော် | | | ၁၉၃၁၈ | ၁၉၄၄ | ၂၁၂၆၂ | |
| | | ဒေါ်မိုးသီတာသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၀၆၈ | ၇၉၅ | ၆၈၆၃ | ၃၂.၂၈% |
| | | ဦးတိန့်ဆောင် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၄၂၈၉ | ၄၁၅ | ၄၇၀၄ | ၂၂.၁၂% |
| | | ဦးအားဆီဖီးထွေ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၈၁ | ၃၄၄ | ၃၂၂၅ | ၁၅.၁၇% |
| | | ဦးအိုင်ပလွတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၉ | ၁၃၉ | ၁၉၃၈ | ၉.၁၁% |
| | | ဒေါ်မာရှန်(ခ)ဒေါ်ဂွန်ထန်ကော့ရှန် | တစ်သီးပုဂ္ဂလ | ၁၈၀၈ | ၁၁၉ | ၁၉၂၇ | ၉.၀၆% |
| | | ဦးမိတုံဂမ်အောင်(ခ)ဘရန်အောင် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၂၅၂ | ၅၁ | ၁၃၀၃ | ၆.၁၃% |
| | | ဦးဘရန်ရှောင် | တစ်သီးပုဂ္ဂလ | ၆၆၂ | ၅၂ | ၇၁၄ | ၃.၃၆% |
| | | ဒေါ်အေးသဥ္ဇာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၉ | ၂၉ | ၅၈၈ | ၂.၇၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)
## ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၇၁၆၃ / ၉ = ၇၄၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၆၇၁၆၃ | ၆ | | ၃ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၇၆ | ၃ | ၅၉၉၀ | ၁ | ၄ | |
| | | ၂။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၁၉၇ | ၁ | ၃၇၃၅ | - | ၁ | |
| | | ၃။ | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၈၃၆၄ | ၁ | ၉၀၂ | - | ၁ | |
| | | ၄။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၀၇ | ၁ | ၄၅ | - | ၁ | |
| | | ၅။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၇၃၆၃ | - | ၇၃၆၃ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၅၆ | - | ၄၃၅၆ | ၁ | ၁ | |

ရှင်းလင်းချက် ။

(၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကချင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တနိုင်း၊ ခေါင်လန်ဖူး၊ နောင်မွန်း၊ ပူတာအို မြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မချမ်းဘော၊ ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၂ )တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | |
| ၁ | ဒီးမော့ဆို | | | ၉၂၆ | ၁၁၁၃ | ၂၀၃၉ | |
| | | ဦးစိုးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၆ | ၇၉၄ | ၁၄၂၀ | ၆၉.၆၄% |
| | | ဒေါ်ခိုင်ရွှေဝင်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၇၂ | ၁၇၆ | ၃၄၈ | ၁၇.၀၇% |
| | | ဦးကျော်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၈ | ၁၄၃ | ၂၇၁ | ၁၃.၂၉% |
| ၂ | ဖရူဆို | | | ၂၉၅ | ၇၅၄ | ၁၀၄၉ | |
| | | ဦးဂျိုးဇက်ကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၅ | ၇၁၃ | ၉၆၈ | ၉၂.၂၈% |
| | | ဦးစောဟူးဟူး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၄၀ | ၄၁ | ၈၁ | ၇.၇၂% |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၆၈၇၉ / ၇ = ၅၂၆၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ကယားပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၆၈၇၉ | ၆ | | ၁ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၇၈၉ | ၃ | ၃၉၈၅ | ၁ | ၄ | |
| | | ၂။ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၁၁၃၀ | ၂ | ၅၉၄ | - | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၆၀ | ၁ | ၆၉၂ | - | ၁ | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ကယားပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဘောလခဲ၊ လွိုင်ကော်မြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ရရှိသည့်ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲအများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၂ )တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၁ | ကလေးဝ | | | ၃၈၃၀ | ၆၀၇ | ၄၄၃၇ | |
| | | ဦးထွန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၁ | ၄၁၇ | ၂၄၈၈ | ၅၆.၀၇% |
| | | ဒေါ်သီသီထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၅၉ | ၁၉၀ | ၁၉၄၉ | ၄၃.၉၃% |
| ၂ | မင်းကင်း | | | ၆၄၃၂ | ၁၀၃၄ | ၇၄၆၆ | |
| | | ဦးဆန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၇၃၈ | ၈၄၆ | ၅၅၈၄ | ၇၄.၇၉% |
| | | ဦးတင်ဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၉၄ | ၁၈၈ | ၁၈၈၂ | ၂၅.၂၁% |
| ၃ | ဖောင်းပြင် | | | ၉၆၅၂ | ၁၆၁၅ | ၁၁၂၆၇ | |
| | | ဦးတင်မင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၀၈ | ၁၄၀၂ | ၇၉၁၀ | ၇၀.၂၀% |
| | | ဦးတင့်ဆွေဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၄ | ၁၂၁ | ၂၄၇၅ | ၂၁.၉၇% |
| | | ဒေါ်မြမြနွယ် | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၇၉၀ | ၉၂ | ၈၈၂ | ၇.၈၃% |
| ၄ | ကျွန်းလှ | | | ၁၂၇၂၄ | ၁၁၉၅ | ၁၃၉၁၉ | |
| | | ဦးမြင့်တင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၉၄၅ | ၉၇၉ | ၈၉၂၄ | ၆၄.၁၁% |
| | | ဒေါ်စန်းစန်းမော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၇၉ | ၂၁၆ | ၄၉၉၅ | ၃၅.၈၉% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၄၅၇၄၀ / ၁၁ = ၁၃၂၄၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၁၄၅၇၄၀ | ၉ | | ၂ | ၁၁ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၇၁၃ | ၅ | ၂၄၆၈ | - | ၅ | |
| | | ၂။ | နာဂအမျိုးသားပါတီ | ၃၃၂၅၀ | ၂ | ၆၇၅၂ | ၁ | ၃ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၃၆၃ | ၁ | ၁၂၁၁၄ | ၁ | ၂ | |
| | | ၄။ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၈၄၁၄ | ၁ | ၅၁၆၅ | - | ၁ | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ခန္တီး၊ ဟုမ္မလင်းမြို့နယ်မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၁၇ /၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကလေးဝ၊ မင်းကင်း၊ ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၃ မြို့နယ်ရှိ လူဦးရေအများအနည်းအရလည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များရရှိသည့် နိုင်လုံမဲအများနည်းနှင့် ဒေသခံတိုင်းရင်းသားလူမျိုးအရလည်းကောင်း ကိုယ်စားပြုမြို့နယ်များသတ်မှတ်ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၂၃ သို့

# သက်ဆိုင်ရာနိုင်ငံက မစွပ်စွဲဘဲ ဟိုကနေလှမ်းပြီး စွပ်စွဲတယ်၊ တမင်တကာ ဒါကိုလုပ်ကြံတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်

## အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်

နေပြည်တော် ဇန်နဝါရီ ၁၈

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့် ပတ်သက်ပြီး ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ပြုလုပ်လျက်ရှိသည်။

အဆိုပါ ကြားနာပွဲနှင့် စပ်လျဉ်း၍ အငြိမ်းစား သံအမတ်ကြီး ဦးဝင်းလွင်နှင့် မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာ မြင့်သိန်းတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်-


ဦးဝင်းလွင်
အငြိမ်းစား သံအမတ်ကြီး


ဒေါက်တာမြင့်သိန်း
မြန်မာ့သမိုင်း အဖွဲ့ဝင်

**ဦးဝင်းလွင်**
**အငြိမ်းစား သံအမတ်ကြီး**

နဂါးမင်းစစ်ဆင်ရေးစတင်ဖြစ်စဉ် ကာလတုန်းက ကျွန်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ သက်ဆိုင်ရာဌာနကို ကိုင်တွယ်တဲ့ တာဝန်ခံဖြစ်ပါတယ်။အဲ့ဒီတော့ ပြည်ပကနေ တရားမဝင် ဝင်တဲ့သူတွေများလာတော့ သန်းခေါင်စာရင်း ပြန်စစ်ဆေးမှုလုပ်ကြတယ်။ ဒီလိုလုပ်တဲ့အခါ ပထမဆုံး Pilot Project ဆိုပြီး မင်္ဂလာတောင်ညွန့်မှာ ထင်တယ်၊ အဲ့ဒီမှာ စပြီးလုပ်တယ်၊ အဲ့ဒီကနေ ရခိုင်ပြည်နယ် စစ်တွေထိ သွားပြီးလုပ်တယ်။ အဲ့ဒီလိုလုပ်တဲ့အချိန်မှာ ရခိုင်ပြည်နယ်ထဲကို အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်နေကြတဲ့ သူတွေက သူတို့ဆီမှာ တရားဝင်မှတ်ပုံတင်လက်မှတ် မရှိတော့ ထွက်ပြေးသွားကြတယ်။

ထွက်ပြေးကြတော့ ပထမဆုံး နိုင်ငံခြားရေးရုံးကို လာပြီး တိုင်တော့ လူဦးရေ ၈၀၀ လောက်၊ နောင် တဖြည်းဖြည်းများလာပြီး ကြီးကြီးကျယ်ကျယ်ဖြစ်လာတယ်။ ဟိုဘက်ကလဲ သိန်းနဲ့ချီဖြစ်လာတော့ ဟိုဘက်က ဒီဘက်ကို Complain လုပ်တယ်။နိုင်ငံတော်အစိုးရကလည်း စစ်ဆေးဖို့လုပ်တယ်၊ နှစ်ဖက်ညှိနှိုင်းရေး ဟိုဘက်ကအဖွဲ့တွေလာပြီး ဆွေးနွေးတယ်၊ နှစ်ခါသုံးခါ ဆွေးနွေးတယ်၊ ဒီဘက်ကလဲ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့သွားတယ်၊ အဲ့ဒီလိုပဲလုပ်တယ်၊ ဒီကိစ္စကို အတန်တန်ဆွေးနွေးပြီး မြန်မာဘက်အနေနဲ့ တို့နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ရေချင်းမြေချင်း ဆက်စပ်နေတဲ့ နိုင်ငံလဲဖြစ်တယ်၊ လွတ်လပ်ရေးရခါစ နိုင်ငံဆိုပြီး တို့နိုင်ငံက အိမ်နီးနားချင်းထားတဲ့ မူဝါဒနဲ့ အညီ တတ်အားသမျှ လုပ်ပေးမယ်ဆိုပြီး ဒီဟာကို လူကြီးတွေက ပြန်လည်လက်ခံဖို့၊ ဒီမှာ နေခဲ့တဲ့သူမှန်ရင် ပြန်လည်လက်ခံမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီး သွားပြီးစေ့စပ်ဆွေးနွေးတယ်။

ပြန်လည်လက်ခံမယ်ပြောတဲ့အခါ ဖြစ်ပုံက အဲ့ဒီထွက်ပြေးတဲ့ သူတွေကြားမှာ ခုနကပြောသလို သိန်းကျော်ရှိတယ်၊ တကယ်တမ်းပြောတဲ့အခါ မြန်မာမှတ်ပုံတင်လက်မှတ် အစစ်အမှန် တကယ်လက်ဝယ်ရှိသူက ဦးရေ ၃၀၀၀ ပဲရှိတယ်။ ကျန်တဲ့ဟာတွေက သူတို့ ထွက်ပြေးတယ်၊ တဲတွေမီးရှို့ခံရတယ်၊ ပျောက်သွားတယ်၊ ကျန်ရစ်ခဲ့တယ်၊ အဲ့ဒီတော့ မှတ်ပုံတင်လက်မှတ်တွေ ပျောက်ဆုံးသွားတယ်ဆိုပြီး အဲ့ဒီဆင်ခြေတွေပေးကြတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှာ နေခဲ့တဲ့သူအစစ်အမှန်ဆိုရင် လက်ခံမယ်ဆိုပြီး အမျိုးမျိုးလျှော့ပေါ့တယ်။

မှတ်ပုံတင်လက်မှတ် အစစ်ဆိုတာက ဦးရေ ၃၀၀၀၊ အစစ်ထဲမှာမှ အစစ်တစ်မျိုး၊ မှတ်ပုံတင်လက်မှတ်ကို ခိုးလုပ်ပေးတာက တစ်မျိုး၊ အိမ်ထောင်စုကတ်ပြား အတုလုပ်ထားတာတစ်မျိုး၊ ဘာပဲဖြစ်ဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ထဲမှာ နေခဲ့တဲ့သူ ဟုတ်တယ်၊ မှန်တယ်ဆိုရင် လက်ခံခဲ့တယ်၊ အားလုံးပေါင်း တစ်သိန်းနဲ့သုံးသောင်းလား၊ လေးသောင်းလား၊ အတိအကျတော့ မမှတ်မိတော့ဘူး၊ အဲ့ဒီလောက်လက်ခံခဲ့တယ်၊ အသိအမှတ်ပြုခဲ့တယ်။ ဒီကမ္ဘာတစ်ခုလုံးမှာ မြန်မာနိုင်ငံက စေ့စေ့စီးစီး၊ ခုနစ်ခုမြောက်သော အသိအမှတ်ပြုခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ အဓိပ္ပာယ်က အိမ်နီးနားချင်း ပေါ်လစီကိုကောင်းကောင်း ထားချင်တယ်။ ခင်မင်ရင်းနှီးတယ်ဆိုတဲ့ သဘောနဲ့ လက်ခံတာ။

ဟိုကလဲ ဒါတွေ အားလုံးပြန်ယူပါ၊ ဘာမှပြောမနေနဲ့၊ ပြန်ယူပါဆိုပြီး ဇွတ်ပဲ ပြန်ပြီးထိုးပေးခဲ့တယ်။ ဒီဘက်ကလဲ လက်ခံမယ်ဆိုတော့ လက်ခံတဲ့အခါမှာလဲ အဆင့်ဆင့် ဖြစ်တယ်၊ ရခိုင်ပြည်နယ်မှာ နေရိုးမှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး ဘာပဲဖြစ်ဖြစ် မျက်စိမှိတ်ပြီးလက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံ အိမ်နီးချင်းဖြစ်တာရယ်၊ ချစ်ကြည်ရင်းနှီးမှုကို အကြောင်းပြုပြီး လက်ခံခဲ့ခြင်းဖြစ်တယ်။ အဲ့ဒီ သဘောနဲ့ပါ။

အခုနောက်ဆုံးကိစ္စ၊ ဒါက တတိယအကြိမ်မြောက်ဖြစ်တယ်၊ ဒုတိယအကြိမ်မြောက်လဲရှိတယ်၊ ဒီဟာက ပြီးသွားပြီ၊ တတိယအကြိမ်မြောက်ဖြစ်တဲ့အခါကျတော့ မြန်မာနိုင်ငံက အိမ်နီးနားချင်း ထုံးစံအတိုင်း ရခိုင်ပြည်နယ်မှာ နေခဲ့တဲ့သူ မှန်ခဲ့ရင် လက်ခံမယ်ဆိုပြီး အရင်တုန်းက ပြောခဲ့တဲ့အတိုင်း ပြောခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ခါမှာ ဟိုဘက်က ဒီလိုမဟုတ်တော့ဘူး၊ ဟိုဘက်ကခေါင်းဆောင်က အရင်တုန်းကသူမဟုတ်တော့ဘူး၊ ဒီကလက်ခံမယ့်ဟာကို ဟိုအရင်က ပြန်ပြီး ပို့လိုက်တယ်၊ ဒီတစ်ခါကျတော့ ပို့တာမဟုတ်တော့ဘူး။ဒီပြဿနာကို ရိုးရိုးနှစ်နိုင်ငံအကြား ပြဿနာထက် ကမ္ဘာ့ပြဿနာကြီးဖြစ်အောင် Internationalize လုပ်တယ်။

ဒီလို Internationalize လုပ်တော့ ဒီပြဿနာက ကမ္ဘာတစ်ခုလုံးက ချက်ချင်းဝုန်းခနဲ ချက်ချင်းသိသွားတယ်။ အိုင်တီကို အသုံးပြုလိုက်တယ်။ အိုင်တီကို သုံးလိုက်တာ မြန်မာနိုင်ငံ ခံလိုက်ရတယ်။ အိုင်တီကို အသုံးပြုပြီး ကမ္ဘာ့ပြဿနာ လုပ်ချလိုက်တယ်။ ဘယ်သူကလုပ်သလဲဆိုရင် သက်ဆိုင်ရာနိုင်ငံက လုပ်တာလား၊ သက်ဆိုင်ရာ နိုင်ငံရဲ့ ဘာသာတူအဖွဲ့အစည်းက လုပ်တာလားဆိုတာ ကျွန်တော်တို့မသိဘူး။ ဒီကိစ္စက ဘာမှမဟုတ်ဘူး။ ဒီကိစ္စက သေးသေးလေး၊ ဒီဘက်ကတော့ အရင်တုန်းကအတိုင်း ရိုးရိုးသားသားနဲ့ အရင်တုန်းကအတိုင်း လက်ခံခဲ့တယ်။ အဲ့ဒီမှာ ပြန်ပြီး ပို့ဖို့ဟာကို ထစ်ငေါ့နေတဲ့အပြင် ကမ္ဘာ့ခုံရုံးမှာ အဲ့ဒီဟာကိုတင်လိုက်တာ။တင်လိုက်တဲ့ အခါမှာလဲအကြီးအကျယ်နဲ့ ပုဒ်မအကြီးကြီးတွေ တပ်လိုက်တယ်။

အမှန်အတိုင်း ဒီဘက်မှာဖြစ်တဲ့ အရေးအခင်းမှာ ရဲတပ်ဖွဲ့ဝင်တွေကိုသတ်တယ်၊ ဒီမှာလိုက်ပြီး ရှင်းလင်းတဲ့ အဖြစ်အပျက်ကလေးပါ။အခုက ကမ္ဘာမှာ နေရာတကာမှာ ကြားနေတယ်မလား၊ အရှေ့အလယ်ပိုင်းမှာဖြစ်နေတဲ့ သတ်ဖြတ်နေတာတွေ၊ ဗုံးချတာတွေနဲ့စာရင် ဒီဟာက သေးသေးလေးပါ။ ဘာမှ မဆိုင်ဘူး။

နိုင်ငံရေးအားဖြင့် နိုင်အောင် ကျွန်တော်တို့နိုင်ငံကိုသတ်တာ။ အုပ်ချုပ်နေတဲ့ အစိုးရကိုသတ်တာ၊ နိုင်ငံတော်ကို သတ်တာ၊ ဒီလိုလုပ်လိုက်တဲ့ဟာ တစ်သက်လုံး ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ အတူတူပေါင်းသင်း နေထိုင်သွားရမယ့် နှစ်နိုင်ငံချစ်ကြည်ရေးလဲပျက်သွားတယ်၊ တကယ်ဖြစ်နေတဲ့ နိုင်ငံက တရားစွဲရေးမဟုတ်ဘဲ ဘာမှမဆိုင်တဲ့၊ မြန်မာနိုင်ငံနဲ့ ဘာမှလဲ ရန်မဖြစ်တဲ့၊ မသိတဲ့ နိုင်ငံကနေ ကမ္ဘာ့ခုံရုံးကို သွားတင်ပြီးဖြစ်တယ်။ အဲ့ဒီဟာက မှန်သလား၊ မှားသလား၊ သင့်သလား၊ မသင့်သလားဆိုတာ စဉ်းစားကြပါ။

သက်ဆိုင်ရာ နိုင်ငံက မစွပ်စွဲဘဲ ဟိုကနေလှမ်းပြီး စွပ်စွဲတယ်၊ တမင်တကာ ဒါကိုလုပ်ကြံတာ၊ ဖန်တီးတယ်ဆိုတာကို နားလည်ဖို့လိုတယ်။ဒီဟာ ဘယ်သူနဲ့၊ ပေါ်လစီတွေနဲ့မဆိုင်ဘူး၊ ရိုးရိုးတမ်းတမ်းပြောခြင်းဖြစ်တယ်။ ဖြစ်သင့်တာက သူခံရရင် သူကပြန်ပြီး လုပ်ရမှာပါ။ သူကမလုပ်ဘဲ ဘာမှမဆိုင်တဲ့ ဘေးကလူကလုပ်တယ်။ မဆိုင်တာဆို ဟိုးအဝေးကြီးကပါ။ အဲ့ဒီတော့ ရှေ့ကနဲ့ အခုနဲ့က ဘာကွာသလဲဆိုရင် အခုလိုဖြစ်သွားတော့ တစ်သက်လုံး ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လက်တွဲပြီး အိမ်နီးနားချင်း၊ ရေချင်းမြေချင်းဆက်စပ်နေတဲ့ နိုင်ငံနှစ်ခုလက်တွဲပြီး ပူးပေါင်းရမယ်။ အခုလို ကမ္ဘာကြီးဖြစ်ပျက်နေကြတဲ့အချိန် လက်တွဲလုပ်ရမှာကို ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ်က အဲ့ဒီဟာကို အားမပေးဘဲ နှစ်နိုင်ငံ ပိုပြီးတော့ဝေးအောင်၊ ဝေးအောင် လုပ်လိုက်တယ်လို့ မြင်ပါတယ်။ ရိုးရိုးအနေနဲ့ မြင်တာပါ။ ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး။ ကမ္ဘာမှာ ပြဿနာတွေအများကြီးပါ။ အိမ်နီးနားချင်း ပေါင်းလုပ်ရမယ့်အရာတွေလဲ အများကြီးပါ။ အဲ့ဒါကို တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်အောင်လုပ်တဲ့အနေအထားလို့ မြင်မိပါတယ်။

**ဒေါက်တာမြင့်သိန်း**
**မြန်မာ့သမိုင်း အဖွဲ့ဝင်**

ရိုဟင်ဂျာဆိုတဲ့ လူမျိုးကတကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ဒီလူမျိုးမရှိပါဘူး၊ ရခိုင်ရာဇဝင်မှာလဲ ဒီလူမျိုးအကြောင်း ရေးထားတာမရှိဘူး၊ မြန်မာရာဇဝင်မှာလဲ ဒီလူမျိုးအကြောင်း ရေးထားတာမရှိဘူး၊ မြန်မာ့ရာဇဝင်ရဲ့ အစောပိုင်းကာလမှာ လူမျိုးတစ်ရာ့တစ်ပါး အကြောင်း ရေးထားတဲ့စာတမ်းပေါင်း ခြောက်စောင်လောက်ရှိတယ်၊ ဒီခြောက်စောင်လောက်ထဲမှာလဲ ဒီရိုဟင်ဂျာဆိုတဲ့ လူမျိုးအကြောင်း မပါပါဘူး။ ဒါဆိုရင် ဒီကိစ္စဘယ်လိုစပြီးဖြစ်လာလဲဆိုတော့ အရင်က သူတို့ကိုခေါ်တာက ရခိုင်မူဆလင် လို့ခေါ်တယ်၊ နောက်တစ်မျိုး ဘင်္ဂါလီလို့ခေါ်တယ်၊ နောက်တစ်မျိုး စစ်တကောင်းသားလို့ခေါ်တယ်၊တစ်ခါတစ်ခါ ခေါ်တောဆိုတဲ့ အခေါ်အဝေါ်လဲရှိတယ်၊ ခေါ်တောဆိုတဲ့ အခေါ်အဝေါ်ဆိုရင် ၁၉၈၀ ကျော်လောက်အထိအောင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ဒီနာမည်က ခေါ်နေဆဲပါ။ ဒီစကားလုံးက အဲဒီကာလတွေထဲမှာ မပေါ်သေးပါဘူး။ အင်္ဂလိပ်အထောက်အထားတွေရှိတယ်။ ကိုလိုနီခေတ်ကရေးတဲ့ အထောက်အထားတွေ၊ ခေတ်ပြိုင်အထောက်အထားတွေမှာလဲ ဒီနာမည်က မပါသေးပါဘူး။ ၁၈၇၂ ခုနှစ်မှာ အင်္ဂလိပ်တွေက မြန်မာနိုင်ငံကို ပထမဦးဆုံးစပြီး အောက်မြန်မာနိုင်ငံ ရခိုင်ဘက်မှာ သန်းခေါင်စာရင်းစကောက်တယ်၊ သန်းခေါင်စာရင်း စကောက်တာကနေပြီးတော့ နောက်ပိုင်း ၁၈၈၁ ခုနှစ်မှာ သန်းခေါင်စာရင်း တစ်ခါ ထပ်ကောက်တယ်၊ နောက်ပိုင်း ၁၈၈၁ ခုနှစ်ကနေ ဆယ်နှစ်တစ်ခါ၊ ဆယ်နှစ်တစ်ခါကောက်သွားတဲ့ သန်းခေါင်စာရင်းမှာ ၁၈၉၁၊ ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁၊ ၁၉၄၁ ထိ သူတို့ကောက်တဲ့ သန်းခေါင်စာရင်းထဲမှာ လူမျိုးပါတယ်၊ လူဦးရေပါတယ်၊ ကျား၊ မခွဲတယ်၊ အသက်အရွယ်ခွဲတယ်၊ အဲဒီလိုခွဲတဲ့ အခါမှာ တိတိကျကျ ဒီရခိုင်ပြည်နယ် သန်းခေါင်စာရင်းကောက်တဲ့အထဲမှာ သူတို့သုံးတဲ့ အသုံးအနှုန်းတွေမှာ ဘာလူမျိုးတွေ တွေ့သလဲဆိုရင် ဘင်္ဂါလီနဲ့ စစ်တကောင်းသားဆိုပြီး ရေးထားပါတယ်။ နောက်တစ်ခါ ဟိန္ဒူစတန်ဆိုပြီး ရေးထားတယ်၊ဒီအင်္ဂလိပ်ဆိုတဲ့လူက သန်းခေါင်စာရင်းမှာ တိတိကျကျလူဦးရေ အဝင်၊အထွက် ဘယ်လောက်ဝင်တယ်၊ ဘယ်လောက်ထွက်တယ် ဒီလိုသွားတာ တောင်မှပဲ သူတို့ရဲ့စကားလုံးက ဒုတိယကမ္ဘာစစ် မတိုင်ခင်အထိအောင် ဒီနာမည်မပေါ်သေးပါဘူး။ ဒီနာမည်ပေါ်တာက တော်တော်လေးကို နောက်ကျတယ်ဆိုတဲ့သဘောပါပဲ။ နောက်တစ်ခါ ဒါနဲ့ပတ်သက်ပြီးတော့သေချာလေ့လာထားတဲ့ပုဂ္ဂိုလ်တစ်ယောက်က ဘာရေးထားသလဲဆိုရင် အဲဒီလူက တစ်ချိန်တုန်းက ထိုင်းနိုင်ငံရယ်၊ ဗီယက်နမ်နိုင်ငံရယ်၊ လာအိုနိုင်ငံရယ်မှာ ဗြိတိသျှသံအမတ်ကြီးအဖြစ်လုပ်ခဲ့ဖူးတဲ့လူ၊ ဒီလူက ဒီလူမျိုးနဲ့ပတ်သက်ပြီးတော့ လေ့လာတဲ့အခါမှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ သူတို့ရဲ့ ဗြိတိသျှကိုလိုနီခေတ်တုန်းက အထောက်အထားတွေ အကုန်လုံးကို သွားပြီးတော့ရှာတယ်။

အဲဒီလို ရှာတဲ့အခါမှာ **အစီရင်ခံစာတွေရှာတယ်၊ သန်းခေါင်စာရင်းတွေရှာတယ်၊ နောက် Report တွေရှာတယ်၊ တရားရေးစီရင်ချက်တွေမှာပါတဲ့ အထောက်အထားတွေရှာတယ်။ အဲ့ဒီ Instruction အကုန်လုံးထဲမှာ သူရှာတဲ့အခါမှာ ဘာပြောသလဲဆိုတော့ သူတို့ သိမ်းပိုက်အုပ်ချုပ်ထားခဲ့တဲ့ ရခိုင်မှာ နှစ်ပေါင်း ၁၂၂ နှစ်ရှိခဲ့တဲ့ အထဲမှာ၊ အဲဒီ အထောက်အထားတွေထဲမှာ ရိုဟင်ဂျာဆိုတဲ့ စကားလုံးမတွေ့ဘူးလို့ ရေးထားပါတယ်။ဒီလူကဘယ်သူလဲဆိုရင် Derek Tonkin ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူကလဲ ရိုဟင်ဂျာဆိုတဲ့ စကားလုံး မတွေ့ဘူးဆိုပြီး အထောက်အထားနဲ့ ပတ်သက်ပြီး ပြောထားပါတယ်။**

နောက်ဒီလိုပဲ ရခိုင်နဲ့ ပတ်သက်ပြီးတော့ အလွန်ထင်ရှားတဲ့ သုတေသီတစ်ဦးဖြစ်တဲ့ ယက်လိုင်ဒါဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးက ဒီစကားလုံးက ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ ရေပန်းစားပြီးပေါ်ပေါက်လာတဲ့ စကားလုံးဖြစ်တယ်ဆိုပြီးတော့ Oxford ကထုတ်တဲ့ အာရှဆိုင်ရာထဲမှာ Encyclopedia ရေးထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့က ဒီလူမျိုးဟာ အသစ်တီထွင်တဲ့ လူမျိုးဆိုတဲ့ သဘောမျိုးဆိုတာ မှန်းဆလို့ရပါတယ်။

နောက်တစ်ချက်က ဘာလဲဆိုရင် ဒီလူမျိုး ဘယ်တုန်းက ပေါ်ပေါက်လာသလဲဆိုရင် ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက်ပိုင်းကျမှ ဒီနာမည်စပေါ်တာပါ၊ ဒါတောင်မှပဲ ဒုတိယကမ္ဘာစစ်ပြီးတဲ့ နောက်ပိုင်း ဒီလူမျိုးပေါ်ပေါက်လာဖို့ အခြေခံအကြောင်းရင်းအစက ဘာကြောင့်လဲဆိုတဲ့အခါ ကျွန်တော်တို့ ၁၉၄၇ ခုနှစ်မှာ အိန္ဒိယနိုင်ငံမှာ မူဆလင်တွေက ခွဲထွက်ဖို့ကြိုးစားကြတယ်။

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၁ မှအဆက်

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

| | | | | | |
|---|---|---|---|---|---|
| နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ | = | နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် | = | ၄၅၂၃၂ / ၉ | = ၅၀၂၅ |

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၅၂၃၂ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၅၄၄ | ၅ | ၄၄၁၉ | ၁ | ၆ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၆၈၈ | ၃ | ၆၁၃ | - | ၃ | |

ရှင်းလင်းချက် ။ (၁) ၇-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကသာ၊ ကန့်ဘလူမြို့နယ် မဲဆန္ဒနယ်များနှင့် ၁၈-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၁၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ကျွန်းလှမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၂၂ မှအဆက်

ကြိုးစားတဲ့အခါကျတော့ ပါကစ္စတန်နိုင်ငံဆိုပြီး သီးခြားခွဲထွက်ဖို့လုပ်တဲ့အခါမှာ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မူဆလင်တွေက အကယ်၍သာ ပါကစ္စတန်ကို ခွဲထွက်ဖို့လုပ်ခဲ့မယ်ဆိုရင် အဲဒီနိုင်ငံထဲမှာ သူတို့ပေါင်းပါရစေပြီးတော့ အဲဒီပါကစ္စတန် ခွဲထွက်ရေး ခေါင်းဆောင်ဖြစ်တဲ့ အိန္ဒိယက အလီဂျင်းနားဆိုတဲ့ ပုဂ္ဂိုလ်ဆီကို သွားပြီးတောင်းဆိုပါတယ်။ ဒါပေမဲ့ အလီဂျင်းနားက လက်မခံပါဘူး၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ် အောင်ဆန်း ရှိခဲ့စဉ်မှာ အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဖို့အတွက် လန်ဒန်ကိုသွားတဲ့အခါမှာ အိန္ဒိယကို သူခဏဝင်တယ်၊ ဝင်တဲ့အခါမှာ အိန္ဒိယဝင်ပြီးတော့ အလီဂျင်းနားနဲ့ မူဆလင်ခွဲထွက်ရေး ခေါင်းဆောင်နဲ့သွားတွေ့ပါတယ်။ တွေ့တဲ့အခါ ဒီကိစ္စပြောတဲ့အခါ ဗိုလ်ချုပ် ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ စိတ်ချပါ၊ ကျွန်တော်တို့ သူတစ်ပါးနိုင်ငံဒေသနဲ့ပေါင်းဖို့ ဘယ်တော့မှဆန္ဒမရှိဘူး၊ အဲ့ဒီထဲက ခွဲထွက်ဖို့ကြိုးစားတဲ့သူတွေကို အားလုံးကို ဆန့်ကျင်တယ်။ ဗိုလ်ချုပ် ဒါနဲ့ပတ်သက်ပြီး ပူစရာလိုဘူးလို့ သူကပြောလိုက်ပါတယ်။ အဲဒီလိုသွားပြီးတော့ ပေါင်းဖို့ကြိုးစားတဲ့ ဘူးသီးတောင်၊ မောင်တောမှာရှိတဲ့ မူဆလင်အဖွဲ့တွေက နောက်ဆုံးတော့ သူတို့ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုပြီး ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါမှာ မြန်မာပြည်ထဲမှာ သီးခြားတောင်းဆိုလို့ရမယ့် အနေအထားမျိုးကို စဉ်းစားလာကြပါတယ်။

အဲ့ဒီမှာ ပြဿနာက ဘာဖြစ်လာသလဲဆိုတဲ့အခါ ၁၉၄၈ ခုနှစ် ကျွန်တော်တို့ လွတ်လပ်ရေးရတဲ့အခါမှာ ရခိုင်မှာရှိနေတဲ့ ရခိုင်တိုင်းရင်းသားခေါင်းဆောင်တွေကနေပြီးတော့ သီးခြားပြည်နယ်အဖြစ်နဲ့ လွတ်လပ်တဲ့ဒေသအဖြစ် တောင်းဆိုမှုစလုပ်ပါတယ်။ လုပ်လာတော့ ဘင်္ဂါလီတွေက ဘာစဉ်းစားလဲဆိုတော့ အကယ်၍သာ ရခိုင်ကို သီးခြားပြည်နယ် သီးခြား လွတ်လပ်မှုပေးလိုက်မယ်ဆိုရင် သူတို့အပေါ်မှာ ပိုပြီး ဖိနှိပ်မှုတွေ များလာမှာဖြစ်တဲ့အတွက်ကြောင့် ငါတို့လဲ သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းမယ် ဆိုပြီး စပြီးကြံစည်လာတယ်။ သူတို့က ဘယ်လို လုပ်ရင်ကောင်းမလဲဆိုပြီးတော့ စပြီးစဉ်းစားလာကြတယ်။

အဲ့ဒီစဉ်းစားတဲ့အထဲမှာ တစ်ချက်က ၁၉၄၈ ခုနှစ်လောက်က မူဂျာဟစ်ခေါင်းဆောင်က နေပြီးတော့ သူတို့လူမျိုးတွေနဲ့ ပတ်သက်ပြီးတော့ တောင်းဆိုမှု စလုပ်လာတယ်၊ လုပ်လာတဲ့အခါမှာ အဲဒီမူဆလင် လွတ်မြောက်ရေးခေါင်းဆောင်က မူဆလင်ညီလာခံမှာ သူကဘာတောင်းဆိုသလဲဆိုတော့ သူတို့ကို ရခိုင်မူဆလင်အဖြစ်နဲ့ ပြည်နယ်ပေးဖို့ စတောင်းလာတယ်၊ နောက်တစ်ခါ ၁၉၅၁ ခုနှစ်မှာ ထင်တယ်၊ မောင်တောမှာရှိနေတဲ့ အလယ်သံကျော်ရွာမှာ မူဆလင်ညီလာခံ လုပ်တဲ့အခါမှာလဲ ဘင်္ဂါလီတွေကို သီးခြားပြည်နယ်ပေးဖို့ တောင်းဆိုလာတယ်၊ တောင်းလာတဲ့ အခါမှာလဲ ရိုဟင်ဂျာဆိုတဲ့ စကားလုံး မပါသေးဘူး၊ သူတို့ကို သီးခြားပြည်နယ်ပေးပါ၊ သူတို့ကို သီးခြားဆောင်ရွက်ဖို့အတွက် ရခိုင်မူဆလင် ဆိုပြီး နာမည်ခေါ်ခွင့်ပေးပါဆိုပြီးပဲ တောင်းတာပဲ လုပ်ကြတာ။

ရခိုင်မူဆလင်ဆိုတဲ့အခေါ်အဝေါ်ကို ရခိုင်တိုင်းရင်းသားတွေက မကြိုက်ကြဘူး၊ ဘာလို့လဲဆိုတော့ သူတို့ရခိုင်တိုင်းရင်းသားထဲမှာ မူဆလင်မရှိဘူး၊ ဒါကြောင့်မို့ သူကအဲဒီနေရာမှာတင် လက်မခံဘူးဖြစ်ကြတာ။ ကျွန်တော်တို့က အဲဒီအချိန်တုန်းက ခေါ်ကြတာက စစ်တကောင်းသားတို့၊ ဘင်္ဂါလီတို့၊ ရခိုင်မူဆလင်တို့၊ ခေါ်တောတို့ ခေါ်ကြတဲ့အထဲမှာ သူတို့ကြိုက်တာ ရခိုင်မူဆလင်ဆိုတဲ့ ဒီနာမည်ကို ကြိုက်တာ၊ ဒါပေမဲ့ ရခိုင်တိုင်းရင်းသားတွေက လက်မခံဘူး၊ ဒါကြောင့် နာမည်အသစ်တစ်ခု စဉ်းစားလာကြတယ်။

စဉ်းစားတဲ့အခါမှာ ၁၉၅၀ ပြည့်နှစ်လောက်မှာ ဒီနာမည်စပြီးတော့ တွင်တွင်ကျယ်ကျယ် စဖြစ်လာပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ၁၉၄၈ ခုနှစ်ကျော်ကျော်လောက်မှာ ပထမဆုံးစပြီးတော့ ရှင့်ကျဆိုတဲ့ စကားလုံး စသုံးလာတယ်၊ တစ်နေရာကနေ လွင့်လာတဲ့ ဒုက္ခသည်တွေကိုပြောတာ၊ နောက်ပိုင်း လွှတ်တော်ထဲမှာ တက်လာတဲ့ အဗ္ဗဒူဂဖားဆိုတဲ့ ပုဂ္ဂိုလ်က ၁၉၅၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်မှာ လွှတ်တော်ထဲမှာ ပြောလာတယ်။ သူတို့လူမျိုးတွေကို ရိုဟင်ဂျာဆိုတဲ့ စကားလုံးသုံးလာတယ်၊ ဒီသုံးလာတာနဲ့ အတူတူပဲ တစ်ချိန်တည်းမှာပဲ ဂါးဒီးယန်းသတင်းစာမှာ သူက အကျယ်တဝင့် ရိုဟင်ဂျာသမိုင်းဆိုတဲ့ သဘောမျိုးနဲ့ သူကဆောင်းပါးတစ်စောင်ရေးတယ်။ အဲဒီဆောင်းပါးကို အဗ္ဗဒူဂဖားတာက ဆူဒေတန်မူဆလင်ဆိုပြီး သူကရေးတာ၊ ရေးတော့ ၁၉၅၁ ခုနှစ်လောက်မှာ ဂါးဒီးယန်းသတင်းစာမှာ ပါလာပြီးတော့ ၁၉၆၀ ပြည့်နှစ် မေလလောက်ကျတော့ အမ်အေတဟီဘာသာဆိုပြီးတော့ နောက်တစ်ယောက်ကရေးတယ်၊ ဒီလိုပဲ ရိုဝန်းညွှာဆိုပြီးတော့ အဲ့ဒီမှာလဲ ရိုဟင်ဂျာမဟုတ်သေးဘူး၊ ရိုဝန်းညွှာဆိုတဲ့ လူမျိုးဘယ်လိုပေါ်ပေါက်လာတယ်ဆိုတာ ဂါးဒီးယန်းသတင်းစာမှာ တစ်ခါရေးတယ်။

**တစ်နည်းအားဖြင့် ၁၉၅၀ ကျော်လောက်မှ ဒီနာမည်က ထင်ထင်ရှားရှား စတင်ဖန်တီးလာတာ။ ဒီဟာဆိုရင် တိုင်းရင်းသားမဟုတ်တာ သေချာသွားပြီ၊ ဒီလူမျိုးဟာ နောက်မှတမင်တကာ ဖန်တီးယူတဲ့လူမျိုးဖြစ်တယ်ဆိုတာလဲ သေချာသွားပြီ။ ၁၉၅၃ ခုနှစ် စစ်တွေမှာ သန်းခေါင်စာရင်းကောက်တဲ့အချိန်မှာ စစ်တကောင်းဘက်ကနေပြီးတော့ ဝင်လာတဲ့ သူတွေကို ဘူးသီးတောင်- မောင်တောကလူတွေက အကုန်လုံးလက်ခံတယ်။ လာခိုင်းပြီးတော့ သန်းခေါင်စာရင်းထဲမှာ အတင်းထည့်ကြတယ်၊ ထည့်တဲ့အခါ လူမျိုးဆိုတဲ့နေရာမှာ တချို့က ရခိုင်မူဆလင်ဆိုပြီး ထည့်တယ်၊ တချို့က ရိုဟင်ဂျာဆိုတာထည့်တယ်။**

**ဒါကြောင့်မို့ ကျွန်တော်တို့က သူတို့သုံးတဲ့ စကားလုံးက ဒီအနောက်တိုင်းမှာရှိတဲ့ သုတေသီပညာရှင်တွေပြောသလို ၁၉၅၀ ပတ်ဝန်းကျင်လောက်မှ စပြီးတော့ပေါ်ပေါက်လာခဲ့တာ လူမျိုးနာမည် အတုတစ်ခုဖြစ်တယ်ဆိုတာ မှန်းလို့ရတယ်။ တမင်တကာ လုပ်ပြီး နိုင်ငံရေးအရ တမင်တကာဖန်တီးပြီးရယူတယ် ဆိုတာကို မှန်းဆလို့ရတယ်။**

သတင်းအဖွဲ့

## စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၀၉၄၀၇၁

(သတင်းစဉ်)

# ပင်လောင်းမြို့နယ် ဝါးလီကျေးရွာနှင့် ဘုတလင်မြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ဝါးလီကျေးရွာ ဝါးလီဘုန်းကြီးကျောင်း၌ အခြေပြု၍ ဒေသခံပြည်သူ ၄၀၅ ဦးကို သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နှလုံးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူတစ်ဦးကို ကြည့်ရှုအားပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဝါးလီဘုန်းကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်နှင့် မြသိန်းတန်စာသင်တိုက်ရှိ ကျောင်းထိုင်ဆရာတော်တို့ကို နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်ရှိ သံဃာတော် နှစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၆၉ ဦးကို အဆိုပါမြို့ရှိ စုပေါင်းရုံး၌ အခြေပြု၍ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရေပြားရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

ကျန်းမာရေးဝန်ကြီးဌာန

၅၄ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်ထိ

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့


မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက် ပညာလဲပေး ဗဟုသုတလဲရ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းမောင်တင်ယု၊ ကာတွန်းရွှေကြိုးကြာနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ နတ်မောက်ကြည်မြိုင်၊ ဘအုန်း-ပုသိမ်၊ နီဦးဇော်၊ ချစ်စုအောင်၊ ဒွေးကြည်(စလင်း)နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၁၃-၁-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၂)ထွက်ပြီ။

• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •




## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❑ **မြန်မာနေ့ရှင်နယ်လိဂ်မှ**

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မဟာယူနိုက်တက်အသင်း၏ ချေပဂိုးများအတွက် ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၇ မိနစ်နှင့် ၇၃ မိနစ်တို့တွင် သက်နိုင်၊ ၆၁ မိနစ်တွင် ကောင်းမြတ်သူ၊ ၈၄ မိနစ်တွင် နေလင်းစိုးတို့က မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် ဂူမီချယ်နှင့် ၆၇ မိနစ်တွင် ဖိုးသောကြာတို့က ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများ သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် လေးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ **STA**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သြစတြေးလျနိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းဒေသတွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေ



ကင်ဘာရာ ဇန်နဝါရီ ၁၈

သြစတြေးလျနိုင်ငံ အရှေ့ပိုင်း ကမ်းရိုးတန်းဒေသတွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း ပြည်နယ် အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သစ်ပင်နှင့် လျှပ်စစ်ဓာတ်အားပေးတိုင်များ လဲကျခဲ့ကြောင်း၊ သစ်ပင်လဲကျမှုကြောင့် ဇန်နဝါရီ ၁၇ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်က အမျိုးသမီး တစ်ဦး မောင်းနှင်လာသည့်ကား သစ်ပင် ပိမိကာ ယာဉ်မောင်းအမျိုးသမီး သည် အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ပြီး ယာဉ်၏ရှေ့ထိုင်ခုံတွင်ထိုင်သည့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ကြောင့် ဆစ်ဒနီမြို့မြောက်ပိုင်းတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ဆစ်ဒနီ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေယာဉ်ခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ကြောင်း၊ နယူးဆောက်ဝေးပြည်နယ်တွင်လည်း ရေကြီးရေလျှံမှု အတွင်း ပိတ်မိနေသူများစွာရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရကြောင်း အရေးပေါ်ဝန်ဆောင်မှုဌာန၏ ကြီးကြပ်ရေးမှူး မတ်ကာဘီက ပြောကြားခဲ့သည်။

မိုးဆက်လက်ရွာသွန်းနေခြင်းကြောင့် ရေကြီးရေလျှံမှုအခြေအနေ ဆိုးလာနိုင်သည့်အတွက် ဆစ်ဒနီမြို့အနီးရှိ ကမ်းခြေများကို ယာယီပိတ်ထားခဲ့ပြီး ဒေသခံပြည်သူများနှင့် ခရီးသွားများကို လှိုင်းလုံးကြီးများ ကျရောက်နိုင်သဖြင့် ကမ်းရိုးတန်းအနီးတွင် လမ်းလျှောက်ခြင်း၊ ပင်လယ်ပြင်သို့သွားခြင်းနှင့် ရေကူးခြင်းများ မပြုလုပ်ရန် အရေးပေါ်ဝန်ဆောင်မှုဌာနက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## အမေရိကန်နိုင်ငံ ဗားမောင့်ပြည်နယ်တွင် မိုးခေါင်ရေရှားပါးမှုကြောင့် တောင်သူများ ကန်ဒေါ်လာ ၁၅ ဒသမ ၉ သန်းအရှုံးပေါ်

ဝါရှင်တန် ဇန်နဝါရီ ၁၈

အမေရိကန်နိုင်ငံ ဗားမောင့်ပြည်နယ်တွင် ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး မိုးခေါင်ရေရှားပါးမှု ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြင့် ရင်ဆိုင်ခဲ့ရပြီး တောင်သူများ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉ သန်းထိ အရှုံးပေါ်ခဲ့ကြောင်း Vermont Agriculture Recovery Task Force က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ဗားမောင့်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော မိုးခေါင်ရေရှားပါးမှုသည် ဗားမောင့်ပြည်နယ် သက်တမ်း တစ်လျှောက် အဆိုးရွားဆုံးသော မိုးခေါင်မှုပြဿနာဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုကို လျှော့ချနိုင်ခြင်းမရှိပါက ၂၀၂၆ ခုနှစ်အတွင်း၌လည်း မိုးခေါင်ရေရှားပါးမှု ပြဿနာဖြင့် ထပ်မံရင်ဆိုင်ရနိုင်ဖွယ်ရှိနေကြောင်း၊ ပျက်စီးဆုံးရှုံးမှု ပမာဏကို ခန့်မှန်းတွက်ချက်ထားခြင်းသာဖြစ်ပြီး ဇန်နဝါရီလကုန် ပိုင်းတွင် ကဏ္ဍအသီးသီး၌ ရင်ဆိုင်ခဲ့ရသော ပျက်စီးဆုံးရှုံးမှုကို အသေးစိတ် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၅ ခုနှစ်အတွင်း ဗားမောင့်ပြည်နယ်မှာ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံး မိုးခေါင်မှုပြဿနာနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ ခန့်မှန်းတွက်ချက်မှုအရ စိုက်ပျိုးရေးကဏ္ဍက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉ သန်းထိအရှုံးပေါ်ခဲ့ပါတယ်။ ကျန်တဲ့ကဏ္ဍတွေမှာလဲ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပြီး ဇန်နဝါရီလကုန်ပိုင်းမှာ ပျက်စီးမှုပမာဏကို အသေးစိတ်ထုတ်ပြန် သွားပါမယ်"ဟု Vermont Agriculture Recovery Task Force မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗားမောင့်ပြည်နယ်တွင် မိုးခေါင်မှုပြဿနာဖြင့် အဓိကရင်ဆိုင်ခဲ့ရသော ကောင်တီပေါင်း ၁၄ ကောင်တီထိ ရှိနေပြီး တောင်သူပေါင်း ၂၀၀ ကျော်ထိ ဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## Signature Global အုပ်စုက ဆောက်လုပ်ရေးလုပ်ငန်းများတွင် မြေလျှင်ဒဏ်ခံနိုင်သည့် နည်းပညာထည့်သွင်းအသုံးပြုနိုင်ရေး ရူပီးကုဋေ ၃၈၀ ထိ ရင်းနှီးမြှုပ်နှံသွားမည်

နယူးဒေလီ ဇန်နဝါရီ ၁၈

အိန္ဒိယနိုင်ငံ ဆောက်လုပ်ရေးကုမ္ပဏီဖြစ်သည့် Signature Global အုပ်စုက ပြည်တွင်း တာဝန်ယူတည်ဆောက်သွားမည့် အဆောက်အအုံများတွင် မြေလျှင်အန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ရေးအတွက် မြေလျှင်ဒဏ်ခံ နည်းပညာထည့်သွင်းတည်ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု များ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါနည်းပညာကို ဆောက်လုပ်ရေးလုပ်ငန်းများ၌ ထည့်သွင်း အသုံးပြုနိုင်ရေးအတွက် ရူပီးကုဋေ ၃၈၀ ထိ ရင်းနှီးမြှုပ်နှံသွား မည်ဖြစ်ပြီး CECO Hirun Pvt Ltd ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အဆိုပါ နည်းပညာသည် Memorandum of Understanding (MoU) နည်းပညာဖြစ်ပြီး မြေလျှင်ကြောင့် တုန်ခါမှုဖြစ်ပေါ်လာချိန် အဆောက်အအုံများ လိုက်ပါတုန်ခါမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



"အထပ်မြင့်အဆောက်အအုံတွေမှာ နေထိုင်တဲ့သူတွေ မြေလျှင်လှုပ်ခတ်ချိန် အန္တရာယ်ရှိနိုင်တဲ့အတွက်ကြောင့် အထပ်မြင့် အဆောက်အအုံတွေကို တည်ဆောက်တဲ့နေရာမှာ မြေလျှင် ဒဏ်ခံနိုင်တဲ့ Memorandum of Understanding (MoU) နည်းပညာကို ထည့်သွင်းတည်ဆောက်သွားဖို့ စီစဉ်နေပါတယ်။ ဒီစီမံကိန်း အတွက် ရူပီးကုဋေ ၃၈၀ ထိ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ မြေလျှင်ဒဏ်ခံနိုင်တဲ့ ဒီဇိုင်းတွေနဲ့ နည်းပညာအကူအညီကိုရယူပြီး တော့ အထပ်မြင့်အဆောက်အအုံတွေကို တည်ဆောက်သွားမှာဖြစ် ပတယ်" ဟု Signature Global အုပ်စုမှ ပြောရေးဆိုခွင့်ရှိသူ အင်္ဂါဝယ်လ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## တရုတ်နိုင်ငံ၏ ဂေဟစနစ်ကောင်းမွန်လာဟု အမျိုးသားဂေဟစနစ်ပတ်ဝန်းကျင်ကာကွယ်ရေး လုပ်ငန်းညီလာခံ၏အစီရင်ခံစာတွင် ဖော်ပြထား

ပေကျင်း ဇန်နဝါရီ ၁၈

တရုတ်နိုင်ငံ၏ ဂေဟစနစ် အခြေအနေ တိုးတက်ကောင်းမွန်လာသည်ဟု အမျိုးသား ဂေဟစနစ် ပတ်ဝန်းကျင် ကာကွယ်ရေး လုပ်ငန်းညီလာခံက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုတိုက်ဖျက်ရေးနှင့် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားဆောင်ရွက်လာမှုကြောင့် နိုင်ငံတစ်ဝန်းရှိ ပတ်ဝန်းကျင်ဂေဟစနစ်သည် ပိုမိုတိုးတက်ကောင်းမွန်လာကြောင်း၊ ယခုသီတင်းပတ်အတွင်း ကျင်းပခဲ့သည့် အမျိုးသားဂေဟစနစ် ပတ်ဝန်းကျင်ကာကွယ်ရေး လုပ်ငန်းညီလာခံက ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာပါ အချက်အလက်များအရ ၂၀၂၅ ခုနှစ်က နိုင်ငံတစ်ဝန်း အလွန်သေးငယ်သော အမှုန်များဖြစ်သည့် PM2.5 ပါဝင်မှုသည် တစ်ကုဗမီတာလျှင် ၂၈ မိုက်ခရိုဂရမ်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်က တစ်ကုဗမီတာလျှင် ၂၉ ဒသမ ၃ မိုက်ခရိုဂရမ်သာရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ်က လေထုအရည်အသွေး ကောင်းမွန်သော နေ့ရက်များမှာ ၃၁၉ ရက်ခန့် ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၃၂၆ ရက်ခန့်ထိ တိုးတက်လာခဲ့ကြောင်း၊ ယခုကဲ့သို့ ဂေဟစနစ်အခြေအနေ တိုးတက်ကောင်းမွန်လာရခြင်းသည် မြို့ပြဒေသများတွင် လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်လာခြင်းကြောင့် ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့ဝင်များက သုံးသပ်ထားသည်။

နိုင်ငံတစ်ဝန်းရှိ မြစ်များ၊ ရေကန်များအပါအဝင် သောက်သုံးရေ အရင်းအမြစ်များတွင် ညစ်ညမ်းမှု လျော့ကျလာသည့်အပြင် ကမ်းရိုး တန်းရှိ ရေထုညစ်ညမ်းမှုများလည်း လျော့ကျကာ ရေအရည်အသွေး တိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## ဖိလစ်ပိုင်နိုင်ငံ ဘီကိုလ်နယ်မြေတွင် မုန်တိုင်းတိုက်ခတ်ပြီး ရေဘေးကြောင့် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့

မနီလာ ဇန်နဝါရီ ၁၈

ဖိလစ်ပိုင်နိုင်ငံ ဘီကိုလ်နယ်မြေတွင် အက်ဒါဟုအမည်ပေးထား သော အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ရေဘေး အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး လူနေအိမ်များနှင့်အခြေခံအဆောက်အအုံ များ ပျက်စီးခဲ့ကြောင်း ဖိလစ်ပိုင် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

လေတိုက်နှုန်းလည်းမြင့်မားခဲ့မှုကြောင့်သစ်ပင်ကြီးတချို့လဲကျခဲ့ပြီး လူနေအိမ်တချို့ကြီးမားသော ပျက်စီးခဲ့ရကြောင်း၊ လေတိုက်နှုန်း မှာ တစ်နာရီ ၈၅ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့သည့်အတွက် လူနေ အိမ်ခြေများနှင့် အခြေခံအဆောက်အအုံခေါင်မိုးများ ကွာကျခဲ့ခြင်း ဖြစ်ကြောင်း၊ အက်ဒါမုန်တိုင်း ဖြတ်သန်းရာ လမ်းကြောင်း တစ်လျှောက် သတိထားစောင့်ကြည့်သွားရမည်ဖြစ်ကြောင်း Albay Provincial Social Welfare and Development Office (APSIMO) က ထုတ်ပြန်ခဲ့သည်။

"ဘီကိုလ်နယ်မြေမှာ ဇန်နဝါရီ ၁၇ ရက် မနက်ပိုင်းက စတင်ပြီး တော့ အက်ဒါအပူပိုင်းမုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ၊မြေပြိုကျမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံနှစ်ဦး သေဆုံးခဲ့ပါတယ်" ဟု Development Office (APSIMO) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ဝတ္ထုတိုကဏ္ဍ

# ဇနပဒကလျာဏီကိုသာလွမ်း

### မောင်ခြိမ့်



**ဇန်နဝါရီ ၁၃ ရက်မှအဆက်**

ယခုလည်း ပင်လယ်ဘက်က ဓနိပေါ်များ တင်လာသည့်သမ္ဗန်ကြီးတွေ အလာကျဲတုန်း၊ ဓနိပျစ်တဲ့အလုပ်ခဏပါးတုန်း၊ ကိုဆင်ပေါက် ကိုယ်တိုင်က အပိုဝင်ငွေကလေးရအောင် စိတ်ကူးတုန်း၊ ငါးမြွေထိုးပိုက်လှေတစ်စင်းက လူငှားလိုတာနှင့် ကြုံတုန်း ရှားရှားပါးပါးပိုက်ဆွဲဆင်းလာခဲ့ရင်း မြစ်ကြောင်းတစ်လျှောက် ညီတော်မင်းနန်ချွတ်ခန်းကို ဟောလာခဲ့တာ။ ကွက်စိပ်ဆရာဆိုတော့ လှေကိုပင် လှော်စရာမလိုဘဲ လှေဦးမှာထိုင်လိုက်လာရုံပဲဖြစ်သည်။ လှေပဲ့တွင်ပါလာသည့်အောင်ရှိန်းက လှေကိုလည်းလှော်ရင်း၊ ကိုဆင်ပေါက် လေအပြတ်တွင် ပါးစပ်ဆိုင်းကလေး တတိန်တိန်လိုက်ရင်း ဘာသာဘာဝ သူတို့ပျော်နေကြသည်။

"သောတရှင်တို့ရေ…ညီတော်နန္ဒမင်းသားကသာ လွမ်းနေတာမဟုတ်ပေဘူးဗျ။ ရွှေနန်းတော်သဥ္ဇာလီစက်ရာခန်းဆီက မှန်းမျှော်ရင်း၊ မောင်တော်ကို လွမ်းနေရတယ်။ ဇနပဒကလျာဏီကလေးကလဲ ဒီလိုပါတဲ့ခင်ဗျ"

- ဘဂဝါ ပရမေ နောင်တော်ဘုရားရယ်က…
- နောင်မျှော်မသနားကာ အပါခေါ်လို့…
- မည္ဘာသနော် သည်အရေးကိုဖြင့်…
- ဇနပဒကလျာဏီကလေးမှာနော်…
- အမယ်မင်း တွေးလို့ဖြင့်မအေး
- တွေးလို့ဖြင့် မအေး…

တိန် တိန် တိန် ပူးနိမ်ပြောင်…

"ကောင်းလိုက်တာ ကိုကြီးဆင်ပေါက်ရာ၊ ရွှေမန်းကြီးကိုယ်တိုင် လှေဦးပေါ်မှာထိုင်ပြီး ဆိုနေသလားမှတ်ရတယ်ဗျို့"

လှေချင်းယှဉ်ပြီးလှော်လာတဲ့ ကိုရွှေဖောင်က ချီးကျူးလိုက်သောအခါ ဝါးခယ်မ ဝါစိမ်းနီဆေးပေါ့လိပ်ကြီး ထောင်းထောင်းထအောင်ဖွာပြီး အမောဖြေနေသော ကိုဆင်ပေါက်က သဘောကျပြီး ပြုံးလိုက်သေးသည်။ ပြီးမှ "ကျင့်ထားတာကိုးကွ… လည်ပင်းကို လှည်းပုံတောင်းလိုက်အောင်၊ အော်… အော်ပြီး ကျင့်ထားရတာကလား။ ငါက ဘာဟုတ်သေးလို့လဲကွာ။ ရွှဲကုန်သည်ဇာတ်မှာ တို့ရွှေမန်းဦးတင်မောင်ကြီးများ "ရွှေ"ဆိုတဲ့ တစ်လုံးတည်းကိုများ တစ်ခွန်းကို တစ်သံနဲ့ ခြောက်ခွန်း၊ ခုနစ်ခွန်း အော်အော်ပြီး ဆိုသွားလိုက်တာများ စည်လို့၊ လွင်လို့၊ မြိုင်လို့၊ နားထဲမှာစိမ့်သွားတော့တာကလားကွာ"

"ရွှေမန်းကြီးက ဘယ်လိုများဆိုသွားတာတုံး ကိုဆင်ပေါက်ရဲ့။ နမူနာကလေးများ ကြားစမ်းပါရစေလားဗျာ"

လှေပဲ့မှအောင်ရှိန်းက ဇာတ်သံလေးနှင့် ဝင်ထောက်ပေးလိုက်တဲ့အခါမှာတော့ ဘာပြောကောင်းမှာလဲ။ ကိုဆင်ပေါက်သည် ချောင်းကလေးတစ်ချက်ဟန့်ပြီး လည်ချောင်းရှင်းလိုက်သည်။ ပြီးတော့ "ဟို အပိုဒ်လေကွာ… ဘာတဲ့… အင်း… ရပြီ ရပြီ။ အရင်မိန်းမဖို့ ရွှေ… သည်ရွှေ… နောက်မိန်းမဖို့ ရွှေ… သည်ရွှေ၊ အဟုတ်ပ မုချမသွေ… ကျုပ် ရမဲ့သည် ရွှေ… သည်ရွှေ… ရွှေ…ရွှေ…ရွှေ…ရွှေ…ရွှေ…ရွှေ…ရွှေ…"

တစ်ခွန်းချင်း တစ်ခွန်းချင်း ဆင့်ဆင့်ပြီးဟစ်လိုက်သည့် ကိုဆင်ပေါက်၏အသံမှာ သရွတ်သွတ်မြစ်ပြင်ကြီးပေါ် ရုပ်တိုက်ပြေး၊ ကမ်းစပ်နံဘေးက လမုတန်းကိုကျော်၊ ဟိုးတစ်မျှော်တစ်ခေါ် ကျယ်ပြန့်လှသည့် လယ်ကွင်းတွေဆီ လွင့်ပျံ့စီးမျောသွားကြလေရဲ့။

(၄)

"လာဟေ့ … လာ … လာ … ထမင်းစားပြီး ခပ်ပျင်းပျင်းရှိတာနဲ့ စကားပြောဖော် မျှော်နေတာ။ မင်းရောက်လာတာနဲ့အတော်ပဲ စားကွာ။ လက်ဖက်ကို ဖျာပုံပုစွန်ခြောက် ကျပ်တိုက်ကလေးနဲ့ သုပ်ထားတာ။ ဒါထက် အောင်ရှိန်းရဲ့ ကိုဆင်ပေါက်တို့ အိမ်ဘက်ဆီက ကွက်စိပ်သံကလေးတွေ မကြားရတာကြာပါပကောလားကွ။ နေများမကောင်းလို့များ…"

ရေထရက်တွေမှာ ငါးရှာ၊ ဖားရှာ၊ ပိုက်ဆွဲမထွက်ကြတဲ့ တံငါအများစုက အိမ်မှာနားနေကြသည်ဖြစ်၍ ရွာရိုးတစ်လျှောက် ဟိုသွား၊ ဒီဝင် ကြုံရာအိမ်ဝင်ပြီး ရေနွေးကြမ်းသောက်၊ စကားပြောတတ်ကြသည်မှာ သူတို့ဓလေ့ပဲဖြစ်၏။ ယခုလည်း ပေစောင်းပေစောင်းနှင့် အိမ်ရှေ့ရောက်လာသော အောင်ရှိန်းကို ဘကြီးတောကျော်က လက်ဖက်စားခေါ်ရင်း မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်လဲ ခုနကတင် သူတို့အိမ်ရှေ့က ဖြတ်ပြီးလာခဲ့တာပဲ။ ကနားဖျင်းထဲမှာ မတင်လှကြီးနဲ့ကောင်မကလေးတွေ ဓနိပျစ်နေကြတာတွေ့တယ်။ ကိုဆင်ပေါက်ကတော့ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ရေနွေးကြမ်းတစ်အိုးရှေ့ချပြီး ငူငူကြီးထိုင်နေတာတွေ့ခဲ့ပါရဲ့။ ကျုပ်ကိုမြင်တာတောင် နှုတ်ဆက်ဖော်မရဘူး ဘကြီးရဲ့"

"အမယ်… ထူးဆန်းသကွယ်… သူနဲ့မင်းနဲ့က ပိုက်ဆွဲဆင်းတော့အတူတူ။ သူက ကွက်စိပ်ဟောရင် မင်းက ပါးစပ်ဆိုင်းကလေး နောက်ကလိုက်လို့ လင်မယားလိုနေလာခဲ့ကြတဲ့သူတွေ မဟုတ်လား။ ခုဟာက ဘယ်လိုဖြစ်ရတာတုံး အောင်ရှိန်းရဲ့"

"အကြောင်းရှိလို့ပေါ့ ဘကြီးရာ"ဆိုပြီး ပုစွန်ခြောက်ကလေးတွေရွေးပြီးစားနေသေးသည်။ ဘကြီးတောကျော်ကတော့ ဖွာလက်စဆေးပေါ့လိပ်ကြီးကို အားရအောင်ဖွာပြီး မြေဆေးလိပ်ခွက်ကြီးထဲ အသာချလိုက်ရင်း "ဘာအကြောင်းထူးတွေများရှိလို့တုံး အောင်ရှိန်းရ"ဟုမေးပြီး သိချင်စိတ်နှင့် အောင်ရှိန်းမျက်နှာကို ငေးနေသည်။ ဦးတောကျော်၏မေးခွန်းကို မဖြေအားသေး။ နှုတ်ခမ်းတွင်ပေနေသောဆီတွေကို ပုဆိုးခါးပုံစဖြုတ်၍သုတ်သည်။ ပြီးတော့ ရေနွေးကြမ်း ပူပူ နှစ်ခွက်ဆင့်၍ သောက်လိုက်သေးသည်။ ပြီးမှ "ဟိုတစ်လောက ကိုဆင်ပေါက်သမီးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ငကျော်တို့၊ ခင်မောင်တို့နောက်လိုက်ပြေးသွားတာ ဘကြီးလဲအသိသား မဟုတ်လား"

"ဟကောင်ရ … ဒါဘာဆန်းသလဲကွ၊ အပျိုလူပျို ချစ်ကြိုက်ကြလို့ အိမ်ထောင်ပြုကြတဲ့ဟာ"

"ဘကြီးအတွက်မဆန်းပေမဲ့ ဆန်းတာတွေက ရှိသေးတာကိုး ဘကြီးရဲ့" ခပ်သောသောကလေး ပြောပြီး အောင်ရှိန်းတစ်ယောက် ရှေ့၊ နောက်၊ ဝဲ၊ ယာ လှမ်းကြည့်လိုက်သေးသည်။ ရှေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်ဆိုသည့်စကား ရှိသည် မဟုတ်လား။

"ဟေ… ဟုတ်လား၊ တို့တော့ဖြင့် အထူးအထွေ မသိပါဘူးကွာ၊ ပြောစမ်းပါအုံးဟ မင်းဆန်းတာတွေ" ဘကြီးတောကျော်က တအံ့တဩနှင့် ကသောကမျောမေးသည်။

"ဒီလို ဘကြီးရဲ့။ ကိုဆင်ပေါက်အိမ်မှာ ကွက်စိပ်ဟောတဲ့ညတိုင်း လာသမျှလူတွေကို ရေနွေးကြမ်းမပြတ် တိုက်လေ့ရှိတယ်မဟုတ်လား။ ဒီတော့ သူ့သမီးနှစ်ယောက်က တစ်လှည့်စီရေနွေးကျိုရတာပေါ့။ သောက်တဲ့သူကများတော့ ကောင်မကလေးတွေ မီးဖိုထဲက ထွက်ရတယ်ကို မရှိဘူးတဲ့။ တော်ကြာ ကာလသားတစ်ယောက်က ရေနွေးကြမ်း ဆူပြီလား မသိဘူးဆိုပြီး မီးဖိုချောင်ထဲဝင်သွားလိုက်၊ နောက်တစ်ယောက်က အကြမ်းခြောက်သွားနိုက်အုံးမယ်ဆိုပြီး ဝင်သွားလိုက်လုပ်နေကြတာ၊ ကိုဆင်ပေါက်က မသိဘူး။ သူခင်းတဲ့ဇာတ်ထုပ်ထဲမှာ မျောပါနေတာကိုး။ နောက်ဆုံး သမီးနှစ်ယောက် လင်နောက်လိုက်ပြေးတော့မှ ကာလသားတွေ မီးဖိုချောင်ထဲဝင်ပြီး ခြေရှုပ်နေတာ ဒါကြောင့်ကိုးဆိုပြီး သဘောပေါက်သွားတာတဲ့ဗျ"

"ဟ… နေပါအုံးကောင်ရဲ့… သူအခု ကွက်စိပ်မဟောတော့တာ အဲဒါနဲ့ဘာဆိုင်လို့လဲကွာ။ ဒီလောက်ဝါသနာကြီးတဲ့သူက ကွက်စိပ်မဟောနိုင်ရအောင် နောက်ထပ် လင်နောက်လိုက်စရာ သမီးမှ မရှိတော့တာဘဲကွ"

"အဲဒါ ခက်တာပေါ့ဘကြီးရဲ့ ကျုပ်ပြောတာကိုလဲ ဆုံးအောင်နားထောင်စမ်းပါအုံးဗျ"ဟု ခပ်ငေါက်ငေါက်ကလေးပြောပြီး ဘကြီးတောကျော်ကို မျက်စောင်းတစ်ချက်ထိုးလိုက်သေး။

"သမီးနှစ်ယောက် လင်နောက်လိုက်သွားပြီးတော့တောင် ကိုဆင်ပေါက်က အရှိန်မပျက် ဆက်ပြီးကွက်စိပ်ဟောသေးတယ်လေ။ အင်း… ငါလဲ ဘာမှတတ်နိုင်တာမဟုတ်ပါဘူး။ အချိန်တန်အရွယ်ရောက်လာတော့လဲ တားလို့ဆီးလို့ရနိုင်တာမျိုးမှ မဟုတ်တာဘဲလေဆိုပြီး သူ့စိတ်သူ ဖြေသတဲ့ဗျ"

ဦးတောကျော်က ဟုတ်လိုက်လေဆိုသည့်သဘောဖြင့် သူ့ပေါင်သူ ဖြန်းခနဲ တစ်ချက်ပုတ်လိုက်သေးသည်။

"အေး အဲဒါ ငါပြောတာပေါ့ကွ။ အခု ကွက်စိပ်မဟောတာ ထူးဆန်းနေလို့ မင်းကိုမေးနေတာကွ သိရဲ့လား ချီးထဲမှပဲ"

ဘကြီးတောကျော် စိတ်တိုလာမှန်းသိ၍ "ပြောပါ့မယ်ဘကြီးရာ မလောစမ်းပါနဲ့။ တကယ့်အဆီအနှစ်ပါတဲ့ အခန်းရောက်တော့မှာပါဗျ"ဆိုပြီး ရေနွေးကြမ်းတစ်ကျိုက်၊ လက်ဖက်တစ်ဇွန်း ယူစားနေသော အောင်ရှိန်းကို ဘကြီးတောကျော် စိတ်မရှည်စွာ စောင့်နေရသည်။

"သမီးတွေ လင်နောက်လိုက်ကုန်တော့ ရေနွေးအိုးတည်ပေးရတဲ့သူက မတင်လှကြီးဖြစ်ကရောဗျ။ တစ်ယောက်တည်း မီးဖိုချောင်ထဲက မထွက်နိုင်ဘဲ ဒိုင်ခံမီးထိုးနေရသကိုး။ အဲဒီမှာ ရွာအနောက်ပိုင်းက ဦးမောင်လယ်ကြီး ရှိတယ်မဟုတ်လား။ အဲဒီ ဦးမောင်လယ်ကြီးက ကွက်စိပ်လာလာနားထောင်တိုင်း ရေနွေးကြမ်းသွားထည့်ပေးမကွဆိုပြီး ဝင်သွားလိုက်၊ အဲဒီလို တစွတ်စွတ်ဝင်လိုက်ထွက်လိုက်လုပ်နေတာကိုသတိထားနေတဲ့ ကိုဆင်ပေါက်က မြင်နေရသတဲ့ဗျ။ အဲဒါကြောင့် ကွက်စိပ်ဟောနေရင်းကပင် ရှေ့ဆက်ရမဲ့ ဇာတ်စာတွေ မေ့လိုမေ့၊ မှားလိုမှားနဲ့ ဘေးကနေ ကျုပ်က ဝင် ဝင်ထောက်ပေးနေရတယ်။ ဒါနဲ့ ကြာရင်ခက်ရချည်ရဲ့ဆိုပြီး တစ်ခါတည်းဖြတ်လိုက်တာတဲ့ဗျို့။ ကျုပ်ကိုတောင် ခင်လွန်းလို့ဖွင့်ပြောခဲ့တာဗျ။ အခုတော့ ကျုပ်ကိုတောင် ခပ်တန်းတန်းလုပ်နေပါရောလား"

"ဟား…ဟား…ဟား…ဟား ရယ်ရတယ်ဟေ့။ သမီးနှစ်ယောက် အပျိုကလေးတွေတုန်းကတော့ ပစ္စယောဟောတုခဲ့ပြီးကာမှ အခုကျတော့ မိတင်လှ ခုနစ်အို၊ ရှစ်အိုကြီးများ သဝန်တိုနေမြောနေရတယ်လို့ သူ့ဟာက ဟုတ်သေးပါဘူးကွာ"ဆိုပြီး ဘကြီးတောကျော်သည် ခွက်ထိုးခွက်လန်ရယ်နေတော့၏။

အောင်ရှိန်းသည် ဦးတောကျော်ကို သည်အဘိုးကြီး ဘာမှလည်း နားမလည်သေးပါလားဆိုသည့် အကြည့်မျိုးနှင့်ကြည့်လိုက်သေးသည်။ ပြီးတော့မှ "ဘကြီးကို ကျုပ် တစ်ခုမေးစမ်းပါရစေ။ ညီတော်မင်းနန်ချွတ်ခန်းကို ဘကြီးနားထောင်ဖူးတယ်မဟုတ်လား။ အဲဒီ နန္ဒမင်းသားဟာ ဘုရားရှင်က သပိတ်ကို ကိုင်ခိုင်းပြီးခေါ်သွားတော့ ဘယ်သူ့ကို သတိရပြီးတော့ လွမ်းပြီးတော့ငိုသလဲ… ပြော"ဆိုပြီး ဟောက်လိုက်သည်။

စာမျက်နှာ ၂၇ သို့ á

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကသာ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၇၂၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၀၁၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကသာမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးမြွေထိုးငါးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးမြွေထိုးငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်ရှိ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များသည် ငါးမြွေထိုးငါးများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငါးမြွေထိုးငါးပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးမြွေထိုးငါး ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်သို့ လစဉ် တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ငါးမြွေထိုးငါး ပိဿာချိန် ၇၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က အခုလို ငါးမြွေထိုးငါးတွေ မှာယူတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ဒေသထွက် ငါးမြွေထိုးငါး တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



á **စာမျက်နှာ ၂၆ မှအဆက်**

"ဟကောင်ရ... ဒါတော့ လူတိုင်းသိတဲ့ဟာပဲ။ သူ့မိန်းမ ဇနပဒကလျာဏီကို လွမ်းပြီးငိုတာပေါ့ကွ။ ဒါ ဆန်းသလား"

အောင်ရှိန်းက ငါးချပြုံးကလေး ပြုံးလိုက်သည်။

"အဲဒါ အဓိက အချက်ပဲပေါ့ ဘကြီးရဲ့၊ နန္ဒမင်းသားဟာ သူ့မှာရှိတဲ့ မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေကိုကျတော့ သတိရပြီးမလွမ်းဘဲ ဘာဖြစ်လို့ ဇနပဒကလျာဏီကိုမှ ရွေးပြီးလွမ်းရတာလဲ။ နောက်ဆုံးတော့ ဘကြီးရယ် ဘယ်ယောကျ်ားမှ အမေတွေ၊ နှမတွေ လွမ်းလှချည်ရဲ့လို့ ဆိုတာ မရှိပါဘူး။ လွမ်းမဲ့လွမ်းတော့ ကိုယ့်မိန်းမကို လွမ်းကြတာဟာ သဘာဝပါပဲ။ အခုလဲ ကိုဆင်ပေါက်ကြီးက သမီးတွေတုန်းက ဘကြီး ပြောသလို ပစ္စယောဟောတုနိုင်ပေမဲ့ သူ့မိန်းမ မတင်လှကြီးကျတော့ နှမြောလို့နေမှာပေါ့ဗျ မဟုတ်ဘူးလား..."သူ့စကားသူ သဘောကျပြီး တဟားဟားရယ်နေသေးသည်။

"ပြီးတော့ ဘကြီးသိတဲ့အတိုင်း ဦးမောင်လယ်ကြီးက မုဆိုးဖိုကြီးလဲ ဖြစ်တယ်။ ပိုက်ဆံလဲရှိတယ်။ ဒါမျိုးတွေလဲ ဝါသနာခပ်ပါပါဆိုတော့ ကိုဆင်ပေါက်သဝန်တိုတာ၊ စိုးရိမ်တာမလွန်ဘူးလို့ ကျွန်တော်တော့ ထင်တာပဲ။ အင်း... မတင်လှကြီးကလဲ သမီးနှစ်ယောက်သာ အိမ်ထောင်ကျသွားတာ သူကတော့ အခုအရွယ်ထိ တောင့်တောင့်ဖြောင့်ဖြောင့် လုံးကြီးပေါက်လှကြီးဆိုတော့ ဟီး .... ဟီး"

"ဟင်...ခွေးမသား၊ ဒါကြောင့် နင့်ကို ဆင်ပေါက်က စိတ်မချလို့ ခပ်တန်းတန်းလုပ်တာနေမှာ။ သူများသားမယားကိုများ ပြစ်မှားချင်သေးလို့လား၊ နင်က... တယ်လေ... ငါ လုပ်လိုက်ရ"ဆိုပြီး ဒေါသတကြီးနှင့် ရေနွေးကြမ်းပန်းကန်နှင့်ရွယ်လေသောအခါ အောင်ရှိန်း တစ်ယောက် ဦးတောကျော်၏ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှ ဆင်း၍ ပြေးလေတော့၏။

(၅)

ရွာလယ်လမ်း ခပ်လှမ်းလှမ်းရောက်လျှင် အောင်ရှိန်း၏ ငိုချင်းချသံသည် ရွာလေးတစ်ရွာလုံးကို ဖုံးလွှမ်းသွားလေတော့၏။

"တစ်နေ့ကမှ မရွှင်တယ်လေ xxx လေ့
တွေးဆလျှင် xxx သြော်... တွေးဆလျှင် xxx
အစစအရာရာညီ၍ xxx
ဇနပဒကလျာဏီကိုသာလွမ်း xxx
ဇနပဒကလျာဏီကိုသာလွမ်း xxx လွမ်း
တိန် xxx တိန် xxx တိန် xxx"

## ပညာခေတ်မှာ ပညာရှာ

- လူ့လောက လူ့ကမ္ဘာဝယ်
မောင်မယ်တွေ သင်ယူအပ်၊
ခွဲခြားနိုင် အကျိုးအကြောင်း
ကောင်းသည့်အတတ်။

- ထိပ်တန်းစံ ဂုဏ်အမြတ်
လင်းဓာတ်က ထိန်ထိန်သာ၊
မိုက်မှောင်ကို ဖယ်ထုတ်ဖျက်
စွမ်းထက် ပညာ၊
တန်ဖိုးပြည့် ရတနာ
နှိုင်းမဲ့စွာ ဝင့်ကြွား၊
လူ့ဝန်းကျင် လောကအလှ
ခြယ်သလို့ထား။

- ပညာသည် ဂုဏ်တစ်ပါး
ထင်ရှားသည့် စိတ္တဇနာမ်၊
သုံးမကုန် မြတ်ရွှေအိုးလို့
ဆိုရိုးရှိပြန်၊
တိုးတက်မှု အခြေခံ
လမ်းမှန်ဆီ သူညွှန်ပြ၊
ကိုယ်ကိုယ်တိုင် အောင်စိတ်မွေးမှ
အောင်ရေးလည်းလှ။

- မာန်ရှေ့ဆောင် ဖွဲလုံ့လနဲ့
သင်ယူမှ တိုးတက်မည်၊
ပညာ့ဂုဏ် တန်ဖိုးအသိ
ထားရှိကိုယ်စီ၊
ရင့်ကျက်စိတ် အရင်းတည်
ပန်းတိုင်ဆီ အရောက်လှမ်းလှည့်၊
အတိုင်းထက် အလွန်ရယ်မို့
နှိုင်းမဲ့အမွန် ပညာမြတ်ကိုဖြင့်
(မဖြစ်မနေ...)
တတ်အောင်သင်ခဲ့။ ။

**ချမ်းမြေ့(ဇလွန်မြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဟိုက်ပါဆောနစ်ဒုံးကျည်ကာကွယ်ရေးခေတ်သို့ဝင်ရောက်လာသည့် ဂျပန်နိုင်ငံ

ဒေသတွင်းဒုံးကျည်အန္တရာယ်များ မြင့်မားလာမှုနှင့်အတူ ဂျပန်နိုင်ငံသည် လေကြောင်းရန်နှင့် ဒုံးကျည်ကာကွယ်ရေးကို အလေးပေးလာခဲ့သည်။ မကြာသေးခင်ကလည်း တရုတ်(တိုင်ပေ)နှင့် ကီလိုမီတာ ၁၀၀ ဝန်းကျင်သာဝေးသည့်ကျွန်းတွင် ဒုံးကျည်များဖြန့်ကြက်ရန် ကြေညာခဲ့သည်။ ယခုတစ်ဖန် ဒေသတွင်းနိုင်ငံများ၏ ဒုံးကျည်ထုတ်လုပ်မှုများကို အကြောင်းပြု၍ ဟိုက်ပါဆောနစ်ဒုံးကျည်များကိုပါ ကြားဖြတ်တိုက်ခိုက်နိုင်သည့် ဒုံးကျည်များကို ထုတ်လုပ်လာသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သော ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ မှတ်တမ်းတစ်ခုအရ ဂျပန်နိုင်ငံသည် ၎င်း၏ အဆင့်မြှင့်တင်ထားသော Type 03 Chu-SAM Kai လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အမြောက်အမြားထုတ်လုပ်ရန် စတင်လိုက်ပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ဒေသတွင်းဒုံးကျည်လှုပ်ရှားမှုများ ပြင်းထန်လာချိန်တွင် ဤလှုပ်ရှားမှုသည် ဂျပန်နိုင်ငံ၏ ပွဲထိန်းဒုံးကျည်နှင့် ဟိုက်ပါဆောနစ်ခြိမ်းခြောက်မှုများ တန်ပြန်နိုင်စွမ်းကို အားကောင်းစေသည်။

ဂျပန်နိုင်ငံသည် ၎င်း၏ မျိုးဆက်သစ်တာလတ်ပစ်လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်ကို ဖွံ့ဖြိုးတိုးတက်မှုမှ ကြီးမားသော ကွင်းဆင်းအသုံးပြုမှုသို့ ကူးပြောင်းလျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သော ၎င်း၏နှစ်ပတ်လည်ကာကွယ်ရေးရင်းနှီးမြှုပ်နှံမှု မှတ်တမ်းတွင် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက အဆင့်မြှင့်တင်ထားသော Type 03 Chu-SAM Kai မြေပြင်မှဝေဟင်တာလတ်ပစ်ဒုံးကျည်များကို အမြောက်အမြားထုတ်လုပ်ခြင်းကို တရားဝင်စတင်ပြီဖြစ်ကြောင်း အတည်ပြုခဲ့ပြီး နိုင်ငံ၏ ပေါင်းစပ်လေကြောင်းရန်နှင့် ဒုံးကျည်ကာကွယ်ရေး တည်ဆောက်မှုပုံစံတွင် အဓိကခြေလှမ်းတစ်ရပ်ကို ညွှန်ပြနေသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်ဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သော ရေရှည်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု၏ ထိပ်ဆုံးသို့ရောက်ရှိပြီးဖြစ်သည့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအတွင်းရှိ တရားဝင်သတင်းအရင်းမြစ်များ၏အဆိုအရ ဂျပန်ကာကွယ်ရေးအင်ဂျင်နီယာများက အဆင့်မြှင့်တင်ထားသောစနစ်သည် ရွှေ့လျားနိုင်စွမ်းနှင့် ပစ်ခတ်နိုင်စွမ်းမြှင့်တင်ရန်အတွက်သာမက အစဉ်အလာအရ တာလတ်ပစ်စနစ်များသည် အနိုင်ယူရန် ရုန်းကန်နေရသော တာတိုပစ်ပွဲထိန်းဒုံးကျည်များနှင့် ထွက်ပေါ်လာသော ဟိုက်ပါဆောနစ် လျှောစိုက်ဒုံးကျည်များ၏ နောက်ဆုံးအဆင့်ထိတွေ့မှုများအတွက်ပါ တင်းကျပ်သော လိုအပ်ချက်အသစ်များနှင့်ကိုက်ညီကြောင်းအတည်ပြုခဲ့ကြသည်။ ၎င်းသည် မူလ Type 03 Chu-SAM Kai နှင့် ၎င်း၏တိုးတက်ကောင်းမွန်သော မျိုးကွဲထက် သိသိသာသာ ထိုးဖောက်ကျော်လွှားမှုကို ကိုယ်စားပြုပြီး လေယာဉ်နှင့်ခရုဇ်ဒုံးကျည်များကဲ့သို့သော လေကြောင်းခြိမ်းခြောက်မှုများအတွက် အဓိကအားဖြင့် အကောင်းဆုံးဖြစ်အောင် ပြုလုပ်ထားသည်။

Type 03 Chu-SAM Kai ကို ၂၀၀၃ ခုနှစ်တွင် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JGSDF) မှ သက်တမ်းရင့် Type 81 Tan-SAM ၏ အစားထိုးစနစ်အဖြစ် ပထမဆုံးအသုံးပြုခဲ့သည်။ Mitsubishi Electric ကုမ္ပဏီမှ ဒီဇိုင်းထုတ်ပြီး ထုတ်လုပ်ထားသော မူရင်း Type 03 Chu-SAM Kai သည် အလျင်အမြန်ပြောင်းလဲနေသော ဒေသတွင်းလေကြောင်းခြိမ်းခြောက်မှုအတွက် ဂျပန်နိုင်ငံ၏ကြိုးပမ်းမှုရလဒ်ဖြစ်သည်။ ၎င်းတွင်ရေဒါလမ်းညွှန်မှုနောက်လိုက်သည့် ဒုံးကျည်များ၊ ထရပ်ကားတွင် တပ်ဆင်ထားသောဒေါင်လိုက်ပစ်လောင်ချာများနှင့် တစ်ပြိုင်နက်တည်း ပစ်မှတ်မျိုးစုံခြေရာခံနိုင်သော အလွှာလိုက်ဖမ်းယူသည့် ရေဒါစနစ်တို့ပါဝင်သည်။ ၎င်းစနစ်ကို ဂျပန်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော အလွှာပေါင်းစုံလေကြောင်းရန် ကာကွယ်ရေး မဟာဗျူဟာနှင့် ပေါင်းစပ်ထားသော မိုဘိုင်းကွန်ရက်လေကြောင်းရန်ကာကွယ်ရေးစနစ်အဖြစ်အသုံးပြုရန် ရည်ရွယ်ထားပြီး အမေရိကန်ထုတ် PAC-3 Patriot စနစ်များနှင့်တာတိုပစ်ပြည်တွင်းထုတ်စနစ်များကို ဖြည့်စွက်ပေးနိုင်သည်။

နောက်ပိုင်းနှစ်များတွင် ဂျပန်ကာကွယ်ရေးအင်ဂျင်နီယာများသည် မူလဒုံးကျည်စနစ်များနှင့်



ဂျပန်နိုင်ငံထုတ် Type 03 Chu-SAM Kai ဒုံးကျည်ကို တွေ့ရစဉ်။

ပတ်သက်၍ အကြိမ်ကြိမ် လုပ်ဆောင်ခဲ့ကြပြီး အဆင့်မြှင့်တင်ထားသော အာရုံခံကိရိယာများ၊ ပိုမိုကောင်းမွန်သော လမ်းညွှန်မှု နည်းလမ်းများနှင့် ပိုမိုကောင်းမွန်သော အပြန်အလှန် လုပ်ဆောင်နိုင်စွမ်းတို့ပါဝင်သော Type 03 Chu-SAM Kai သို့မဟုတ် တိုးတက်ကောင်းမွန်သော ဗားရှင်းကို တီထွင်ခဲ့ကြသည်။ ဖိဖျက်နှောင့်ယှက်မှုခံနိုင်ရည်မြင့်မားခြင်းနှင့်အတူ သေးငယ်ပြီးပိုမိုမြန်ဆန်သော အနိမ့်ပျံပစ်မှတ်များကို ထောက်လှမ်းရန်အတွက် အဆင့်မြှင့်တင်ထားသော ရေဒါနှင့်ပစ်ခတ်မှု ထိန်းချုပ်ရေးစနစ်များကို ဒီဇိုင်းထုတ်ထားသည်။

ဤနောက်ဆုံးအဆင့်မြှင့်တင်မှုဖြင့် ဂျပန်နိုင်ငံသည် ၎င်းတို့၏ နောက်ဆုံးပျံသန်းမှုအဆင့်တွင် ဟိုက်ပါဆောနစ်လျှောစိုက်ဒုံးကျည်များနှင့် မြန်နှုန်းမြင့် အမြင့်ပျံပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိသော ပြည်တွင်းထုတ်ဒုံးကျည်ကာကွယ်ရေးစနစ်များပိုင်ဆိုင်သည့် သီးသန့်နိုင်ငံအုပ်စုတစ်ခုသို့ ပါဝင်စေခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့သည်သာ ယခင်က ဤနည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအဆင့်ကို ရရှိခဲ့ဖူးသည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းအခြေစိုက်စခန်းအတွက် အဓိကမှတ်တိုင်တစ်ခုဖြစ်သည်။ ဂျပန်၏ အောင်မြင်မှုသည် အမျိုးသားကာကွယ်ရေးမူဝါဒတွင် မဟာဗျူဟာပြောင်းလဲမှုကို ညွှန်ပြရုံသာမက မြောက်ကိုရီးယားနှင့်တရုတ်တို့မှ ဖြစ်ပေါ်နိုင်သည့် အရှိန်မြင့်လာသော ဒုံးကျည်ခြိမ်းခြောက်မှုများကို အရေးတကြီးတုံ့ပြန်မှုကိုလည်း အလေးပေးဖော်ပြနေသည်။ ဟိုက်ပါဆောနစ်ကြားဖြတ်စွမ်းရည်ကို ထည့်သွင်းခြင်းဖြင့် ဂျပန်နိုင်ငံသည် ယခုအခါ မျိုးဆက်သစ်လေကြောင်းရန်နှင့် ဒုံးကျည်ကာကွယ်ရေးနည်းပညာတွင် ကမ္ဘာ့ဦးဆောင်သူအဖြစ်နေရာယူထားသည်။

ကာကွယ်ရေးရင်းနှီးမြှုပ်နှံမှု မှတ်တမ်းအရ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ၂၀၂၈ ဘဏ္ဍာနှစ်ထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး မျိုးဆက်သစ်လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်များအတွက် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ ယခင်ခန့်မှန်းချက်များနှင့် ကိုက်ညီစေမည်ဖြစ်သည်။ သို့သော် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအရာရှိများသည် ကြားကာလရလဒ်များကို အသုံးချရန်၊ ချက်ချင်းဝယ်ယူမှုနှင့် အဆင့်မြှင့်တင်ထားသောစနစ်များကို အဆင့်ဆင့်မိတ်ဆက်ရန် ရွေးချယ်ခဲ့ကြသည်။ ဤကြိုတင်ကာကွယ်သည့်ချဉ်းကပ်မှုသည် ဒေသတွင်းပွဲထိန်းဒုံးကျည်ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဟိုက်ပါဆောနစ်လက်နက်အစီအစဉ်များ တိုးတက်ကောင်းမွန်လာခြင်းကြောင့် မူလစီစဉ်ထားသည့် ပြီးစီးမည့်ရက်ထက် နှစ်ပေါင်းများစွာစော၍ အဆင့်မြှင့်တင်ထားသော ကြားဖြတ်ဒုံးကျည်များကို ဝန်ဆောင်မှုပေးရန်ရည်ရွယ်သည်။ ဂျပန်ပြည်ထဲရေးဝန်ကြီးဌာနလေ့လာသုံးသပ်သူများက စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် အမြင့်ဆုံးစွမ်းဆောင်ရည်မှတ်တိုင်များရရှိရန် အရေးကြီးသကဲ့သို့ တိုးတက်ပြောင်းလဲနေသော မဟာဗျူဟာမြောက်တွက်ချက်မှုကို ထင်ဟပ်စေသည်ဟု မှတ်ချက်ပြုကြသည်။

၂၀၂၆ ဘဏ္ဍာနှစ် ဘတ်ဂျက်မူကြမ်းတွင် ယခုအခါ ဂျပန်ယန်း ၅ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၆ သန်းခန့်) ဖြင့် Type 03 Chu-SAM Kai မြေပြင်မှ ဝေဟင်တာလတ်ပစ်ဒုံးကျည်၏ ကနဦးထုတ်လုပ်မှုအတွက် ဝယ်ယူရေးရန်ပုံငွေကို တရားဝင်ထည့်သွင်းထားသည်။ ဤဘတ်ဂျက်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အစိုးရအဖွဲ့မှအတည်ပြုခဲ့သော စံချိန်တင်ကာကွယ်ရေးအသုံးစရိတ်အဆိုပြုချက်တွင် ထည့်သွင်းထားသော ပိုမိုကျယ်ပြန့်သည့် ကာကွယ်ရေးတိုးတက်မှုများနှင့်ထုတ်လုပ်မှုကို တစ်ပြိုင်တည်းချိန်ကိုက်ရန် ဂျပန်နိုင်ငံ၏ ရည်ရွယ်ချက်ကို ပေါ်လွင်စေသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲသူများက စနစ်တစ်ခုချင်း၏ အသေးစိတ်ကုန်ကျစရိတ်အကဲဖြတ်မှုများနှင့် သက်တမ်းတစ်လျှောက်လုံး အသုံးစရိတ်များကို ၂၀၂၅ ခုနှစ်တစ်လျှောက်လုံး အပြီးသတ်မည်ဖြစ်သည်။ ဤတွက်ချက်မှုများတွင် ထုတ်လုပ်မှုနှင့် ဖြန့်ကြက်မှုကုန်ကျစရိတ်များကိုသာမက ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်များ၊ ဂျပန်၏ပူးတွဲလေကြောင်းရန် ကာကွယ်ရေးကွပ်ကဲမှုနှင့် ဒစ်ဂျစ်တယ်ပေါင်းစည်းမှု၊ မဟာမိတ်မိတ်ဖက်များက အပြန်အလှန်လည်ပတ်နိုင်သော ဒေသတွင်းကာကွယ်ရေး ဖြေရှင်းချက်များကို အကဲဖြတ်သည့်အပြင် အလားအလာရှိသော ပို့ကုန် အကျိုးစီးပွားကို ပါထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် နီးစပ်သော သတင်းရင်းမြစ်များက အဆင့်မြှင့်တင်ထားသော Type 03 Chu-SAM Kai ၏ အာရုံခံကိရိယာအစုံနှင့် လမ်းညွှန်များသည် မဟာမိတ်လေ့ကျင့်မှုများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သရုပ်ဖော်မှုနှင့် တိုက်ရိုက်ပစ်ခတ်မှု အကဲဖြတ်မှုများကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် သတ်မှတ်ထားသော စွမ်းဆောင်ရည်များကို ဖုံးကွယ်ထားသော်လည်း ကာကွယ်ရေးလေ့လာသုံးသပ်သူများက အပြည့်အဝလည်ပတ်နိုင်သည့် အဆင့်သို့ရောက်သည်နှင့် ဟိုက်ပါဆောနစ်ပစ်မှတ်များကို တိုက်ခိုက်နိုင်စေသည့် မျိုးကွဲအသစ်၏ ထိတွေ့လွှမ်းခြုံနိုင်မှုသည် ကမ္ဘာ့အစွမ်းထက်ဆုံး အလတ်စားကြားဖြတ်တိုက်ခိုက်နိုင်သည့် ဒုံးကျည်များထဲတွင် ပါဝင်နိုင်သည်ဟုခန့်မှန်းကြသည်။

ဤစွမ်းရည်တွင် ဂျပန်နိုင်ငံ၏စနစ်တကျရင်းနှီးမြှုပ်နှံမှုသည် အိမ်နီးချင်းနိုင်ငံများက ပွဲထိန်းဒုံးကျည်နှင့်ဟိုက်ပါဆောနစ်ဒုံးကျည်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ခဲ့သည့်ပိုမိုကျယ်ပြန့်သော ဒေသတွင်း ကာကွယ်ရေးဒိုင်းနမစ်များကို ထင်ဟပ်စေသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုမှတ်တမ်းနှင့် ဆက်စပ်စီမံကိန်းရေးဆွဲခြင်းက ပေါင်းစပ်လေကြောင်းရန်နှင့် ဒုံးကျည်ကာကွယ်ရေးသည် နယ်ပယ်စုံခြိမ်းခြောက်မှုများကို တန်ပြန်ရန်၊ ပထမကျွန်းစုနှင့် အဓိကမြို့ပြဗဟိုချက်များ တစ်လျှောက်တားဆီးရေး ယုံကြည်စိတ်ချရမှုကို ထိန်းသိမ်းရန်အတွက်ဖြစ်သည်။

အချုပ်ဆိုရသော် အမေရိကန်နှင့်တရုတ်တို့၏ အားပြိုင်မှုများသည် သိသာထင်ရှားလာသကဲ့သို့ ဒေသတွင်းတင်းမာမှုများသည် အရှေ့အာရှ၊ ကိုရီးယားကျွန်းဆွယ်၊ တောင်တရုတ်ပင်လယ်၊ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတွင် မြင့်တက်လာသည်။ ထိုကဲ့သို့သောအချိန်တွင် ဂျပန်နိုင်ငံသည် ကာကွယ်ရေးစွမ်းအားတည်ဆောက်မှုကို သိသိသာသာ တိုးမြှင့်လုပ်ဆောင်လာခဲ့ပြီး၎င်းကို ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်မှုများ၊ ဒုံးကျည်ဖြန့်ကြက်မှုများနှင့် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များ အများအပြားထုတ်လုပ်မှုက ထင်ရှားစွာပြသနေသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းကျင့်သုံးခဲ့သည့် ငြိမ်းချမ်းရေးလိုလားသည့် အခြေခံဥပဒေမှသွေဖည်ကာ စစ်လက်နက်တပ်ဆင်ရေးသို့လည်း ပြောင်းလဲလာခဲ့သည်။ ယခုအခါ ဟိုက်ပါဆောနစ်ဒုံးကျည်များကို ပင်ကြားဖြတ်နိုင်စွမ်းရှိမည့် Type 03 Chu-SAM Kai များကို ထုတ်လုပ်ခြင်းဖြင့် နိုင်ငံအနည်းငယ်သာ ပိုင်ဆိုင်သည့် ဟိုက်ပါဆောနစ်ဒုံးခွင်းဒုံးဖြန့်ကြက်နိုင်သော နိုင်ငံအဖြစ်သို့ ဝင်ရောက်လာကာ ဟိုက်ပါဆောနစ်တိုက်ခိုက်မှုများကို ကောင်းစွာ စိန်ခေါ်နိုင်စွမ်းရှိလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- Japan enters hypersonic missile defen-seera with mass production of Improved Type 03 Chu-SAM Kai, Defense News, December 2025.

**နေရှား(သုတေသန)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ရွှေရောင်ငှက်ငယ်

မင်္ဂလာပါ သားသားမီးမီးတို့ရေ ဦးဦးဒီတစ်ပတ် ပြောပြမဲ့ ပုံပြင်လေးကတော့ **"ရွှေရောင်ငှက်ငယ်"** လို့ အမည်ရပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးထဲမှာ ရွှေရောင်ရှိတဲ့ ငှက်ကလေးတစ်ကောင်ရှိသတဲ့ကွယ်။ ရွှေရောင်ငှက်ကလေးဟာ အလွန်လှပတာကြောင့် ဘယ်ငှက်တွေနဲ့မှ အပေါင်းအသင်းမလုပ်ဘူးတဲ့ကွယ်။ စားဖို့နေဖို့ကိုလဲ ဖခင်ငှက်ကြီးက ရှာကျွေး၊ လုပ်ပေးသတဲ့ကွယ်။ တစ်နေ့မှာတော့ ဖခင်ငှက်ကြီးက ရွှေရောင်ငှက်ကလေးကို အခြားငှက်တွေနဲ့ အပျံသင်ဖို့၊ သားကောင်တွေ ရှာဖွေဖို့အတွက် နည်းပညာတွေ သင်ကြားဖို့ပြောသတဲ့။ အဲဒီအခါ ရွှေရောင်ငှက်ကလေးကတော့-

" ဟာ အဖေကလဲ သားမှာ သူများထက်ထူးခြားတဲ့ အရောင်အဆင်းလဲရှိတယ်။ သားစားဖို့ ရှာကျွေးမဲ့ အဖေနဲ့အမေလဲရှိတယ်။ အဲဒီပညာတွေ သင်စရာမလိုပါဘူး ဟဲဟဲ။ သားအိပ်လိုက်အုံးမယ်"ဆိုပြီး သစ်ခေါင်းထဲကိုဝင်ကာ အိပ်နေသတဲ့။ ဖခင်ငှက်ကြီးကလဲ သားရွှေရောင်ငှက်ကလေးကို အချစ်တွေပိုပြီး ဘာမှမပြောတော့ဘူးတဲ့ကွယ်။ ဖခင်ငှက်ကြီးဟာ အခြားငှက်တွေကို ငှက်တွေတတ်အပ်တဲ့ပညာတွေ ဆရာစားမချန်ဘဲ သင်ကြားပေးသတဲ့ကွယ်။ အခြားငှက်တွေဟာ ဖွဲ၊ လုံ့လ၊ ဝီရိယကိုအခြေခံပြီး ငှက်ကြီးသင်ပေးတဲ့ပညာရပ်တွေကို အားကြိုးမာန်တက် သင်ယူတာပေ့ါကွယ်။ အဲဒီအချိန်မှာ ရွှေရောင်ငှက်ကလေးကတော့ အိပ်ကောင်းဆဲပေ့ါကွယ်။ ရွှေရောင်ငှက်ကလေးရဲ့အိမ်မှာတော့ အခြားငှက်တွေက စားစရာ၊ သောက်စရာတွေကို လာရောက်ပို့ပေးကြသတဲ့ကွယ်။ ရွှေရောင်ငှက်ကလေးကိုလဲ ချီးကျူးစကားဆိုပြီး ပြန်သွားကြသတဲ့ကွယ်။

"ရွှေရောင်ငှက်ကလေးရေမင်းရဲ့ အမွေးအတောင်ဟာ သိပ်လှတာပဲ။ ငါတို့မှာ မင်းလိုအမွေးအတောင်ရှိရင် သိပ်ကောင်းမှာပဲကွာ။ မင်းအတောင်လေး ကိုင်ကြည့်ပါရစေနော်"လို့ပြောကာ အခြားငှက်တွေဟာ ရွှေရောင်ငှက်ကလေးရဲ့အမွေးအတောင်ကို ကိုင်ပြီး ချီးကျူးစကားဆိုကြသတဲ့။ ရွှေရောင်ငှက်ကလေးဟာ သူများရဲ့နှုတ်ဖျားပေါ်မှာ မိမိရဲ့အလှတရားကိုသာယာပြီး အိပ်လိုက်၊ စားလိုက်နဲ့ ငှက်တွေ တတ်အပ်တဲ့ပညာတွေကိုမသင်ဘဲ အချိန်တွေ ဖြုန်းနေတာပေ့ါကွယ်။ အခြားငှက်တွေဟာ သူ့ကို ချစ်လို့၊ သူ့ရွှေရောင်အမွေးအတောင်ကို ကိုင်ချင်လို့ အစားအစာတွေပေးတယ်လို့ ထင်နေတာပေ့ါ။ တကယ်တမ်းကျတော့ အခြားငှက်တွေက အစားအစာတွေ လာရောက်ပေးကမ်းတာဟာ ဖခင်ငှက်ကြီး



ကြောင့်ဆိုတာ ရွှေရောင်ငှက်ကလေးက သတိမထားမိဘူးပေ့ါကွယ်။

တစ်နေ့မှာတော့ ရွှေရောင်ငှက်ရဲ့သူငယ်ချင်းတွေက သူတို့နဲ့အတူ ငှက်တွေတတ်အပ်တဲ့ပညာတွေ သင်ဖို့ပြောသတဲ့ကွယ်။

"ရွှေရောင်ငှက်ရေ ငါတို့နဲ့အတူ ပညာတွေသင်ပါလားကွယ်။ ကောင်းကင်အမြင့်ကို ပျံသန်းသွားပြီး မြေပြင်ရဲ့အလှအပကို ကြည့်ကြရအောင်ကွာ"လို့ဆိုသတဲ့။ ရွှေရောင်ငှက်ကလေးဟာ အဲဒီစကားကို ကြားကြားချင်း "အင်း ဒီကောင်တွေဟာ သူငယ်ချင်းမပီသ လိုက်တာ။ ငါ့ကို အမြင့်ကိုပျံသန်းခိုင်းမယ်။ ငါအမြင့်ကိုရောက်ရင် လေတိုက်တာခံရမယ်။ အဲဒီအချိန် ငါ့ရဲ့ ရွှေရောင်အမွေးအတောင်တွေဟာ လေကြမ်းတာကြောင့် ကျွတ်ကုန်မယ်။ အမယ် ငါ့ကိုပျက်စီးအောင် လုပ်နေတာပဲ။ မင်းတို့အကြံမသိဘူးထင်နေတာလား" လို့ တွေးသတဲ့ကွယ်။ အဲဒီနောက် ရွှေရောင်ငှက်ဟာ-

"သူငယ်ချင်းတို့ ငါ ပညာတွေလဲ မသင်ချင်ဘူး၊ ဟိုးကောင်းကင်အမြင့်ကိုလဲ မပျံချင်ဘူး။ မင်းတို့သာ သင်ကြပျံကြ"လို့ ပြန်ပြောသတဲ့။ ဒီလိုနဲ့ ရွှေရောင်ငှက်ကလေးဟာ ပညာတွေမသင်ဘဲ အိပ်လိုက်၊ စားလိုက်နဲ့နေတာပေ့ါကွယ်။ ပညာသင်ဖို့ ဖခင်ငှက်ကြီးနဲ့ သူငယ်ချင်းတွေ ဘယ်လိုပဲပြောပြော လက်မခံဘဲ ငြင်းသတဲ့ကွယ်။

နှစ်တွေ ကြာပြီးတဲ့နောက်မှာ ရွှေရောင်ငှက်ကလေးရဲ့ ဖခင်နဲ့မိခင်ဟာ သေသွားကြသတဲ့ကွယ်။ အဲဒီအချိန်မှာ ရွှေရောင်ငှက်ကလေးကတော့ ဖခင်ရှိတုန်းကထားခဲ့တဲ့ အစားအစာတွေကို စားသောက်နေထိုင်သတဲ့။ ဒါပေမဲ့ ရွှေရောင်ငှက်ကလေးဟာ ဖခင်၊ မိခင်မရှိတဲ့နောက်ပိုင်း သူတို့အိမ်ကို အခြားငှက်တွေမလာတော့တာကိုလဲ သတိထားမိသတဲ့။ ဒါကြောင့် နေတိုင်းနေ့တိုင်း ဖခင်၊ မိခင်ချန်ခဲ့တဲ့အစားအစာတွေနဲ့ပဲ အေးအေးဆေးဆေးနေသတဲ့ကွယ်။

တစ်နေ့မှာတော့ ရွှေရောင်ငှက်ကလေးနေတဲ့ နေရာကို လေပြင်းမုန်တိုင်းတိုက်သတဲ့။ လေကြမ်းတာကြောင့် ရွှေရောင်ငှက်ကလေးဟာ ဘာမှမလုပ်တတ်မကိုင်တတ်နဲ့ ငိုကြွေးနေသတဲ့ကွယ်။ အခြားငှက်တွေက ငှက်တို့တတ်အပ်တဲ့ပညာနဲ့လေကြမ်းဒဏ်ကို ကြံ့ကြံ့ခံကျော်လွှားပြီး သူတို့ရဲ့အသိုက်အမြုံကို ပြန်လည်ဆောက်လုပ်နိုင်ကြသတဲ့ကွယ်။ ရွှေရောင်ငှက်ကလေးကတော့ ငှက်တို့တတ်အပ်တဲ့ပညာကို မသင်ယူခဲ့လို့ လေကြမ်းဒဏ်ကြောင့် အသိုက်အမြုံပျက်စီးပြီး အတောင်တွေကွဲကာ မွဲခြောက်ခြောက်ဖြစ်သွားတာပေ့ါကွယ်။ စားစရာတွေကလဲ လေနောက်ကိုပါသွားသတဲ့။ ဒါနဲ့ ရွှေရောင်ငှက်ကလေးမှာ ပညာလဲမတတ်၊ စားစရာလဲကုန်၊ မက်မောပါတယ်ဆိုတဲ့ ရွှေရောင်အမွေးအတောင်တွေဟာလဲ မွဲခြောက်ခြောက်တွေဖြစ်သွားတာပေ့ါ။

ရွှေရောင်ငှက်ကလေးဟာ အခြားငှက်တွေကို မြင်တဲ့အခါ "သူငယ်ချင်းရေ ငါ့အတွက် စားစရာလေးတွေပေးပါအုံးကွာ"လို့ လေသံပျော့ပျော့ကလေးနဲ့ ပြောရှာသတဲ့။ အခြားငှက်တွေက- "ဟားဟားဟား ပေးစရာလားကွ။ မင်းဘာသာရှာစားပေ့ါကွ။ ပညာမသင်ဘဲ အပျင်းကြီးနေတာကိုး။ မင်းက သနားဖို့မကောင်းဘူး"လို့ပြန်ပြောပြီး လိုရာအရပ်ကို ပျံသွားကြသတဲ့။ ရွှေရောင်ငှက်ကလေးဟာ မိဘရှိခိုက် ပညာမသင်ခဲ့တာကို နောင်တရပြီး မိဘတွေကို တမ်းတကာ ငိုကြွေးနေသတဲ့။ နောက်ဆုံးမှာတော့ အစာမစားရတာကြာတဲ့ ရွှေရောင်ငှက်ကလေးဟာ သေသွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ သားသား၊ မီးမီးတို့ရေ။ သားသား၊ မီးမီးတို့လဲ ရွှေရောင်ငှက်ကလေးလိုမဖြစ်ရအောင် ငယ်စဉ်ကတည်းက ပညာတွေကိုတတ်အောင် သင်ယူကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟင်္သာတမြေ)**

## အနာဂတ်ရဲ့ ပွဲကိုင်ရှင်

À ဝလုံးရေးဖို့ သားလေးလို
ရင်ခွင်မှာထားသို။

À လက်ကိုထပ်ကိုင် ရေးသင်ပေး
ဆရာ့မေတ္တာငွေး။

À နာသုံးနာရေး ဦးထိပ်မူ
လေးစားထိုက်ပေသူ။

À အနာဂတ်ပန်း ပွင့်စေသား
ကြည်နူးပီတိစား။
နှလုံးလှသူများ။ ။

**မောင်မောင်လှဦး(မြန်မာစာ)**



## မျက်နှာ

À ဆံပင်လေးက နက်မှောင်မှောင်
မျက်ခုံးအမည်းရောင်၊
မျက်တောင်အရောင်ညိုညိုလေး
မျက်လုံးမျက်ဆန်ဖွေး။

À နှာတံကလေးသေးသေးသွယ်
နှုတ်ခမ်းပန်းရောင်ခြယ်၊
လှသွေးကြွယ်တဲ့သွားကလေး
အားလုံးဖြူဖြူဖွေး။
သားသားမျက်နှာလေး။
မီးမီးမျက်နှာလေး။ ။

**မောင်သိန်းနိုင်(လက်ဖက်ရည်)**



# အင်းတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**အင်းတော် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၉၈၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ကြရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၇၆ ဒသမ ၆၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ စပါး ၅၅၉၈၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့


**လပွတ္တာ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်များစနစ်တကျ ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနေကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ငါးဖယ် ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအား ကောင်းခဲ့တာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးဖယ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးဖယ်တွေက အရည်အသွေး ကောင်းမွန်ပါတယ်။ ရန်ကုန်ဈေးကွက်က ဇန်နဝါရီလထဲမှာပါ ငါးဖယ်တွေမှာယူအားတက်နေပါတယ်။ အခုလို ငါးဖယ်တွေ ကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ်တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးဖယ်များအရောင်းအဝယ်ကောင်းလာခြင်းကြောင့် ငါးမွေးမြူရေး လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အဆင်ပြေကြောင်း သိရသည်။ **ကျော်ကျော်လင်း**










## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)

( ခ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

( ဂ ) အယ်ဒီတာ(မြန်မာ) (ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့်ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)

(ဃ) အယ်ဒီတာ(အင်္ဂလိပ်) (ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့်မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)

( င ) အသံဖမ်း(မြန်မာ/အင်္ဂလိပ်) (ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

( စ ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်စေရ။

( ဂ ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

( င ) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူ ဖြစ်ရမည်။

( စ ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

**ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## စားသောက်ကုန်လုပ်ငန်းအတွက် အမျိုးသမီးဝန်ထမ်း (၃)ဦး အလိုရှိသည်

လစာ - ၃၀၀,၀၀၀ မှစ၍

လိပ်စာ - သိပ္ပံလမ်း x ၆၄ လမ်းအနီး မန္တလေးမြို့။

Ph & Viber - 09-978864533

09-420093686

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ 70(A)လမ်း 107 x 108 လမ်းကြားနေ ဉာဏ်လင်းမောင် (ဘ) ဦးခင်မောင်မြင့် (၉/ခအဇ(နိုင်)၀၁၀၄၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-329036)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-2132117**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ခန်လူး အခြေခံပညာအလယ်တန်းကျောင်း၊ နဝမတန်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းဝင်အမှတ်(၂၆၆၈) မချောရတနာ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်နေလင်း ဖြစ်ပါသည်။ **ဦးအောင်နေလင်း(၇/ကဝန(နိုင်)၀၉၂၅၅၄)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စဉ့်ကိုင်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စွန်ရဲအင်းစိုက်ကွင်းမှ ထွန်စက်မောင်း-၅ ဦးစိုးနိုင် (ခ) ဦးစိုးနိုင်ဦး(၁၂/ဒဂတ(နိုင်)၀၀၃၉၃၄)သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစိုးနိုင် (ခ) ဦးစိုးနိုင်ဦး(၁၂/ဒဂတ(နိုင်)၀၀၃၉၃၄)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ နန-၈/၆ (ဇ)ရပ်ကွက်နေ အိအိချော(ဘ) ဦးစိုင်းထွန်းတင့်(၁၃/နခန(နိုင်)၀၇၁၈၉၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-635353)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-403717585**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ နန-၈/၆(ဇ)ရပ်ကွက်နေ ပီပီစတယ်လာ (ဘ) ဦးစိုင်းဆေးလှိုင်ခေး မွေးစာရင်း၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-635349)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-403717585**

## အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❖ MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်ပသွင်းကုန်အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန်ဖြစ်...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနိုင်ငံက တီမောလက်စ်တေ၏ အာဆီယံပဋိညာဉ်နှင့် ဆန့်ကျင်သည့်လုပ်ရပ်ကို ကန့်ကွက်ရှုတ်ချ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသမ္မတ မစ္စတာ ဟိုဆေးရာမို့စ်ဟော်တာက ချင်းလူ့အခွင့်အရေးအဖွဲ့(Chin Human Rights Organization)အား ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံ၍ ဒေသတွင်းတရားမျှတမှုနှင့် တာဝန်ခံမှုရှိရေးဆွေးနွေးခဲ့သည့်သတင်းကို တီမောလက်စ်တေသမ္မတရုံး၏ website တွင် တရားဝင်ထုတ်ပြန်ထားခြင်းကို စိတ်မကောင်းဖွယ်တွေ့ရှိခဲ့သည်။

တီမောလက်စ်တေအနေဖြင့် ဒီလီမြို့တွင် ၁-၇-၂၀၂၃ ရက်၌ ကျင်းပခဲ့သော အစိုးရအဖွဲ့ကျမ်းသစ္စာကျိန်ဆိုသည့်အခမ်းအနားသို့ မြန်မာအစိုးရက မတရားအသင်းကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်း "NUG"မှ ဇင်မာအောင်နှင့်အဖွဲ့ကို ဖိတ်ကြားခဲ့ပြီး သမ္မတ မစ္စတာ ဟိုဆေးရာမို့စ်ဟော်တာက လက်ခံတွေ့ဆုံခဲ့သည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေသည့်အကြမ်းဖက်အဖွဲ့အစည်းကို ဤကဲ့သို့ ထိတွေ့ဆက်ဆံမှုပြုခြင်းသည် နိုင်ငံတကာကျင့်ဝတ်ဖောက်ဖျက်ခြင်းဖြစ်၍ တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား ၅-၇-၂၀၂၃ ရက်တွင် ဆင့်ခေါ်ကာ ကန့်ကွက်ခဲ့သည်။ ထို့နောက် သံရုံးယာယီတာဝန်ခံကိုလည်း ၁-၉-၂၀၂၃ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံမှ ထွက်ခွာရန်နှင်ထုတ်ခဲ့သည်။ ထို့ပြင် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်လျှောက်ထားမှုကိုလည်း အာဆီယံပဋိညာဉ်ပါအခြေခံမှုများကို လိုက်နာခြင်းမရှိ၍ ကန့်ကွက်ကြောင်း အာဆီယံအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများအားလုံးထံ စာရေးသားပေးပို့အကြောင်းကြားခဲ့သည်။

အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးက ၅၈ ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး ကျင်းပစဉ်ကာလအတွင်း ၈-၇-၂၀၂၅ ရက်၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွှန့်ဦးထံ တွေ့ဆုံခွင့်တောင်းခံ၍ တွေ့ဆုံခဲ့စဉ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ၁၀-၇-၂၀၂၅ ရက်တွင် စာပေးပို့၍လည်းကောင်း၊ ၁၈-၉-၂၀၂၅ ရက်တွင် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ်တွင်လည်းကောင်း တီမောလက်စ်တေနိုင်ငံသည် အခြားနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုပါကြောင်းနှင့် အာဆီယံပဋိညာဉ်ပါ အခြေခံမှုများကို အပြည့်အဝလေးစားလိုက်နာမည်ဖြစ်ပါကြောင်း အကြိမ်ကြိမ် ကတိကဝတ်ပြုခဲ့သည့်အတွက် စာမျက်နှာ ၁၉ ကော်လံ ၁ ☆

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) နောက်ဆုံးပွဲစဉ်တွင် မဟာယူနိုက်တက်နှင့် ဒဂုံပေ့ါအသင်းတို့ လေးဂိုးစီသရေရလဒ်ထွက်ပေါ်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ဒဂုံပေ့ါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လေးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ကိုးမိနစ်တွင် မျိုးသူရ၊ ပွဲချိန် ၄၃ မိနစ်တွင် ဖိုးသောကြာတို့က ဒဂုံပေ့ါအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ဒဂုံပေ့ါအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ❑



မဟာယူနိုက်တက်အသင်းနှင့် ဒဂုံပေ့ါအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ၇၄ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်

စာမျက်နှာ - ၁၁

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

စာမျက်နှာ - ၁၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း၂) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

စာမျက်နှာ - ၂၀

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရန်ကုန်မြို့တွင်း
ရှမ်းမလေး G & G Store ဆိုင်များ
Online
ပုသိမ်သူ Easy Ticket, Go - Auto Ticket
ရန်ကုန် —
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး- မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု